မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၆၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင်မွေးနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✴

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိ

မနီလာ ဒီဇင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဖိလစ်ပိုင်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr.Jejomar Binay နှင့်အဖွဲ့ဝင်များ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် တာဝန်ရှိသူများက နီနွိုင်းအကွီနို(Ninoy Aquino) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် မနီလာဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr.Jejomar Binay နှင့်အဖွဲ့ဝင်များ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် တာဝန်ရှိသူများက နီနွိုင်းအကွီနို(Ninoy Aquino) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဒီဇင်ဘာ ၄

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက် တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

မြန်မာအမျိုးသမီးခြင်းလုံးအသင်း နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူး အမျိုးသားခြင်းလုံးအသင်း နိုင်ငံအတွက် ဒုတိယ ရွှေတံဆိပ် ဆွတ်ခူးပေး

နေပြည်တော် ဒီဇင်ဘာ ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးခြင်းလုံးအသင်းက ပြိုင်ပွဲ၏ ပထမဆုံးနှင့်နိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးခဲ့ပြီး မြန်မာအမျိုးသားခြင်းလုံးအသင်းက နိုင်ငံအတွက် ဒုတိယရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်ပြီဖြစ်သည်။

ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ မြန်မာခြင်းလုံးပြိုင်ပွဲ၏ အခြေခံအထိခြောက်ချက်အတွဲ ခြင်းလုံးပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသည့် မြန်မာအမျိုးသားခြင်းလုံးအသင်းနှင့် ဒုတိယ အမှတ်အများဆုံးရရှိသည့် ထိုင်းအမျိုးသားခြင်းလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အာရှပိုက်ကျော်ခြင်းဥက္ကဋ္ဌ

စာမျက်နှာ ၉ ကော်လံ ၂ ❀

နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ပထမဦးဆုံး ဆွတ်ခူးပေးနိုင်သည့် မြန်မာခြင်းလုံး အမျိုးသားနှင့် အမျိုးသမီးအသင်း အောင်ပွဲခံနေစဉ်။ (သတင်းစဉ်)

ယနေ့မာတိကာ

လေကြောင်းဇုန် သတ်မှတ်မှုအပေါ် မှားယွင်းကြောင်း ထပ်တလဲလဲမပြောရန် တရုတ်က အမေရိကန်ကို သတိပေး — စာမျက်နှာ-၄

ပြင်ရအခက်ဆုံးအရာ — ဆောင်းပါး — စာမျက်နှာ-၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ဦးအောင်နိုင်
ရွှေတံဆိပ်ဆုရှင်-CPA
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
LCCI Level I, II, III
စာရင်းကိုင်သင်တန်းများ
For Series 3/2014
ကျောင်းအပ်လက်ခံပြီ
၂၄၄၊ တတိယထပ်၊ မီးပွိုင့်နှင့် ခုံးတံတားကြား ပန်းဆိုးတန်း(ထက်)။ Ph: 01-377 610, 09 730 99 752, 09 730 66 231, 09 515 10 24

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ချမ်းသာခြင်းကို အကြောင်းပြုလျက်

လောကတွင် အရာရာသည် ရှိကောင်း၊ မရှိကောင်းတွေကများသည်။ တစ်ခါတစ်ရံ မရှိခြင်းက ရှိခြင်းထက်ပိုကောင်းသည်။ ‘‘ မရှိတောင့်တ၊ ရှိကြောင့်ကြ’’ ဆိုသော စကားကဲ့သို့ ရှိခြင်းကြောင့် ခံစားရရှိနိုင်မည့် ကောင်းကျိုးထက် ဆိုးကျိုးက ပို၍များသည်။ အကယ်၍ ငွေကိုရေလိုသုံးနိုင်သူဖြစ်လျှင် ဘာလုပ်ကြမည်နည်း။ အချုပ်အားဖြင့်ပြောလျှင် နှစ်နည်းသာရှိသည်။ အချို့ကကောင်းသောနည်းလမ်းဖြင့် သုံးစွဲသည်။ အချို့ကမကောင်းသောနည်းလမ်းဖြင့် သုံးစွဲသည်။

ကောင်းသောနည်းလမ်းတွင် သုံးသည်ဆိုခြင်းမှာ အခြားမဟုတ်။ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ဖြင့် လူသားအကျိုးစီးပွားအတွက် မှန်ကန်စွာသုံးစွဲခြင်းပင်ဖြစ်သည်။ မကောင်းသောနည်းလမ်းဖြင့်သုံးစွဲခြင်းမှာ ထိုသို့မဟုတ်။ ကာမတဏှာနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းအလုပ်ကို အများဆုံးပြုတတ်ကြသည်။ ငွေကြေးချမ်းသာခြင်းကို အကြောင်းပြု၍ ကာမဂုဏ်၌ လွန်စွာပျော်ပါးတတ်ကြပါသည်။ ဤသည်၏အကျိုးဆက်ကြောင့် အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ဖြင့်ပင် မရှုမလှ ဘဝနိဂုံးချုပ်ကြရပါသည်။

ထို့အတူ မူးယစ်ဆေးဝါးသုံးစွဲသူလည်း ထိုနည်းလည်းကောင်းပင်ဖြစ်၏။ ငွေကြေးပြည့်စုံမှုကိုအကြောင်းပြု၍ ပထမ ကာမဂုဏ်အာရုံပေါ်တွင် အလွန်အမင်းခံစားသည်။ နောက်ဆုံး ကာမဂုဏ်အပေါ်ငြီးငွေ့လာပြီး မူးယစ်ဆေးဝါးဘက်သို့ ပြောင်းလာသည်။ မမှန်ကန်သောငွေကြေးဖြုန်းတီးသူတို့၏ နိဂုံးသည် မူးယစ်ဆေးဝါးဖြစ်၏။ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦးသည် ဖြတ်ရန်ခက်ခဲပြီး နောက်ဆုံးမူးယစ်ဆေးဝါးဖြင့်ပင် သေဆုံးကြရသည်။

ယနေ့ခေတ်တွင် WY နှင့် Ecstasy ကဲ့သို့သော စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲမှုမှာ ပိုမိုများပြားလာသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုကို တွက်ဆကြည့်လျှင် မူးယစ်ရူးသွပ်ဆေးပြားများ သုံးစွဲမှုများပြားလာသည်ကို အထင်အရှားတွေ့နိုင်သည်။ ယခုတလော ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် အနုပညာရှင်တချို့ မူးယစ်ဆေးဝါးသုံးစွဲနေသည်ဆိုသော သတင်းမှာ ဟိုးလေးတကျော် ဖြစ်လာသည့်ကိစ္စဖြစ်သည်။ ဤသည်မှာ ငွေကြေးအဆင်ပြေမှုကို အကြောင်းပြု၍ မှားယွင်းစွာသုံးစွဲမိခြင်းပင်ဖြစ်သည်။ မူးယစ်ဆေးဝါးသည် မည်သူကိုမျှ မျက်နှာသာလိုက်လေ့မရှိပါ။ ရှိသမျှစည်းစိမ်ကိုဖြုန်းပေးသည်။ နောက်ဆုံး မရဏမင်းထံအမြန်ဆုံးပို့ပေးမည်။ ဤသည်မှာ မူးယစ်ဆေးဝါး၏ ပုံမှန်အလုပ်ဖြစ်သည်။

ထို့ကြောင့် ငွေကို ကောင်းသောဘက်တွင် သုံးနေသလား၊ ဆိုးသောဘက်တွင် သုံးနေသလား ပြန်လည်စဉ်းစားသုံးသပ်ဖို့လိုပါသည်။ ချမ်းသာသောငွေကြေးပစ္စည်းများကို လူ့ဘောင်ကောင်းကျိုးအတွက်သုံးနေသလား သို့မဟုတ် အပျော်ကြူး၍ ကာမတဏှာနှင့် မူးယစ်ဆေးဝါးအတွက်သုံးမိနေသလား သေချာစွာအဖြေရှာကြည့်ဖို့လိုပါသည်။ ငွေကိုအကျိုးရှိစွာ လူသားကောင်းကျိုးအတွက်သုံးလျှင် ဘဝနိဂုံးလှမည်ဖြစ်ပါသည်။ ငွေကိုရေလိုသုံးနိုင်သော်လည်း လူသားကောင်းကျိုးတစ်ခုခုအတွက် မသုံးလျှင် လှပသော ဘဝနိဂုံးဖြစ်လိမ့်မည်မဟုတ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

7 Days in Myanmar စာအုပ်နှင့် ဓာတ်ပုံပြပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဒီဇင်ဘာ ၂ ရက် ညနေပိုင်းက ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသော 7 Days in Myanmar စာအုပ်နှင့် ဓာတ်ပုံပြပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၏ ထင်ရှားလှပသော ပြကွင်းပြကွက်များကို အခြေခံပြီး နိုင်ငံခြားသားဧည့်သည်များ ဖတ်ရှုလေ့လာနိုင်ရန် စင်ကာပူနိုင်ငံအခြေစိုက် edm ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ Mr. Didier Millet က 7 Days in Myanmar စာအုပ်နှင့် ဓာတ်ပုံပြပွဲကို ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Mr.Robert Chua လည်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဤစာအုပ်နှင့် ဓာတ်ပုံပြပွဲ ဖြစ်မြောက်ရေးအတွက် အကူအညီပေးခဲ့သော လုပ်ငန်းကုမ္ပဏီများအား 7 Days in Myanmar စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

7 Days in Myanmar စာအုပ်တွင် နိုင်ငံတကာမှ ထင်ရှားကျော်ကြားသော ဓာတ်ပုံဆရာ ၂၁ ဦးတို့နှင့် မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာ ကိုးဦးတို့၏ ရိုက်ကူးထားကြသည့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ လူမှုဘဝ၊ စီးပွားရေး၊ ဘာသာရေး၊ သဘာဝနှင့်ဆိုင်သော ဓာတ်ပုံများအား ဒေါက်တာသန်းမြင့်ဦး၊ ဒေါက်တာဦးသော်ကောင်းနှင့် နိုင်ငံတကာမှ စာရေးဆရာများ၏ ရေးသားမှုများဖြင့် ဖော်ပြထားပြီး ယင်းတို့၏ ဓာတ်ပုံများကို ပြပွဲအဖြစ် ခင်းကျင်းပြသထားသည်။

ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ကျွေးမွေးဧည့်ခံရေးကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပမည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ဒေသအလိုက် တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ကျွေးမွေးဧည့်ခံရေး လုပ်ငန်းများကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ကြမည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် အထွေထွေမန်နေဂျာ ဦးတင်ညိုက အားကစားရွာတွင် တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ကျွေးမွေးဧည့်ခံရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကောင်းထွဋ်က နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်ဒေသများအလိုက် တည်းခိုနေရာချထားမှု အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုံကျစျေးသည်များအား ချေးငွေပေးအပ်

သီပေါ ဒီဇင်ဘာ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ ပုံကျစျေးသည်များအား ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်အဖြစ် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက မြို့တော်ခန်းမ၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး အသေးစားဝန်ဆောင်မှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး ဌာနအမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်က ပုံကျစျေးသည်များအား သက်တမ်းတိုးချေးငွေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပုံကျစျေးသည် ၇၂ ဦးအတွက် ချေးငွေကျပ် ၁၉၄ သိန်းကို မြို့နယ်စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိက စျေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မင်းနိုင်ထံ ပေးအပ်ကြောင်း သိရှိသည်။

စိုင်း(သီပေါ)

သန်းခေါင်စာရင်းဆိုင်ရာ ပညာပေးဟောပြော

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပညာပေးရှင်းလင်းဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ကျင်းပရာ မူဆယ်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဝင်းကို၊ ကွတ်ခိုင်မြို့နယ် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့် ကော်မတီအတွင်းရေးမှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းဇော်တို့က သန်းခေါင်စာရင်း သမိုင်းကြောင်းနှင့် သိကောင်းစရာများ၊ မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခဲ့မှု၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်နေမှု၊ ကွတ်ခိုင်နှင့် တာမိုးညဲမြို့နယ်များအတွင်း သန်းခေါင်စာရင်းကောက်ယူမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်ကွီနို (၃)၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့် ဖိလစ်ပိုင်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Maria Lourdes M. Salcedo တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာသန်းအောင်နှင့်တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

အလားတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မစ္စ ရင်လပ်ရှင်နာဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင်ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဆူရာပွန်တိုဗီ ချက်ခ်ချိုင်ကူးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသံအမတ်ကြီး ခန့်အပ်ခြင်းအား သဘောတူပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အန်ဒယ်လ်ဖိုဟိုဆေးဂါဆီရာ ဂွန်ဇာလက်အားခန့်အပ်ရန် ကိုလံဘီယာသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

တာဝန်ထမ်းဆောင်လျက်ရှိ

မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်သည် ၁၉၈၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများ လေ့လာရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ကိုလံဘီယာ အမျိုးသားတက္ကသိုလ်မှ ဥပဒေ၊ လူမှုရေးနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များဖြင့် ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လက်နက်ဖျက်သိမ်းရေး ကိစ္စရပ်များဆိုင်ရာ အကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးကော်မရှင်၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်သည် ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ ကိုလံဘီယာနိုင်ငံ ဒုတိယအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ စပိန်နိုင်ငံ မဲဒရစ်မြို့နှင့် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ကိုလံဘီယာသံရုံးတို့တွင် သံရုံး ဒုတိယအကြီးအကဲအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ် မေလမှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ကိုလံဘီယာနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်သည် ဗန်ကောက်မြို့တွင်ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

တက္ကသိုလ်များတွင် ကြိုတင်ပြင်ဆင်မှုများစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ခေတ္တ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝေသာလီဆောင်သို့သွားရောက်ပြီး သမိုင်းဌာန၊ ရှေးဟောင်းသုတေသန ပညာဌာန၊ နိုင်ငံတကာဆက်ဆံရေး ပညာဌာန၊ အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာနရှိ အင်္ဂလိပ်စာဌာနတို့၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပထမနှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားမည့် စာသင်ခန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးခဲ့

ထို့နောက် ရန်ကုန်စီးပွားရေး တက္ကသိုလ် လှိုင်နယ်မြေ၌ ပထမနှစ်ကျောင်းသူများအတွက် အဆောင်များကြိုတင်ပြင်ဆင်နေမှုနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) နှင့် ဒဂုံတက္ကသိုလ်စာသင်ခန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ပထမနှစ်ကျောင်းသားများ အဆောင်ထားရှိရေးအတွက် အခန်းဖွဲ့စည်းပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ပိုင်ဆိုင်သော ယာဉ်အမှတ် ၅ဃ/၄၇၄၈၏ ယာဉ်မှတ်ပုံတင်စာအုပ်ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၀၆၃၁၀၂၊ ၀၉-၇၃၀၁၆၃၇၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အမျိုးသားဓာတ်ခွဲခန်းအတွက်
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Transmission Electron Microscope	1 No
(ခ)	Inductively Coupled Plasma Mess Spectrometer	1 No
(ဂ)	Non Destructive Testing	1 Set
	Milli-Focus X-ray Industrial Radiography System	
	Micro-Focus X-ray Industrial Radiography System	
	Co-60 Gamma Ray Industrial Radiography System	
	Ultrasonic Non Destructive Testing	
	Magnetic Particle Flow Detector	
	Eddy Current Flow Detector	

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

ဟစ်ဇ်ဘိုလာတပ်မှူး လုပ်ကြံခံရ

ဘေရွတ် ဒီဇင်ဘာ ၄

လက်ဘနွန်ရှီးယိုက်စစ်သွေးကြွအုပ်စု ထိပ်တန်းတပ်မှူးတစ်ဦးသည် ဘေရွတ်မြို့အနီး၌ သေဆုံးသွားကြောင်း ၄င်းအဖွဲ့က ပြောသည်။

ဟက်ဆန်လက်ကစ် အမည်ရှိ အဆိုပါတပ်မှူးသည် မြို့တော်၏ အရှေ့တောင်ဘက် ၄ ဒသမ ၃ မိုင်ခန့်အကွာ ဟက်ဒက်ရှိ ၄င်း၏ နေအိမ်အနီး၌ လုပ်ကြံသတ်ဖြတ်ခံရကြောင်း ဟစ်ဇ်ဘိုလာရုပ်သံ ချန်နယ်အယ်မားနားက ပြောသည်။

ဟစ်ဇ်ဘိုလာက ယင်းသေဆုံးမှုမှာ အနောက်အစ္စရေး၏လက်ချက်ဟု အပြစ်ပြောဆိုလျက်ရှိသည်။ သို့သော် အစ္စရေးက ယင်းစွပ်စွဲချက်ကို ငြင်းဆိုထားသည်။ ဟက်ဆန်လက်ကစ်သည် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟက်ဆန် နာဆရဲလာ၏ အနီးကပ်လူယုံဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့်လက ဘေရွတ်မြို့ရှိ အီရန်သံရုံးအပြင်ဘက် ဗုံးခွဲတိုက်ခိုက်မှုတွင် ဆော်ဒီအာရေဗျနိုင်ငံသည် နောက်ကွယ်မှ ရှိနေကြောင်း ဟက်ဆန်နာဆရဲလာက ပြောကြားပြီး ရက်ပိုင်းအကြာ ယခုတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အီရန်သည် ဟစ်ဇ်ဘိုလာတို့အား အဓိကကျောထောက်နောက်ခံပေးနေသည်။ ဟစ်ဇ်ဘိုလာက ဆီးရီးယားသို့ အစိုးရတပ်များနှင့်အတူ ဝိုင်းတိုက်ရန် တိုက်ခိုက်ရေးသမားများလည်း စေလွှတ်ပေးလျက်ရှိသည်။ **(ဘီဘီစီ)**

လေကြောင်းဇုန်သတ်မှတ်မှုအပေါ် မှားယွင်းကြောင်း ထပ်တလဲလဲ မပြောရန် တရုတ်က အမေရိကန်ကို သတိပေး

ပေကျင်း ဒီဇင်ဘာ ၄

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် ပေကျင်းသို့ရောက်ရှိလာချိန် တရုတ်တို့၏လေကြောင်းဇုန်သတ်မှတ်မှုအပေါ် မှားယွင်းကြောင်း ထပ်တလဲလဲအပြစ်ပြောဆိုမနေသင့်ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက သတိပေးပြောကြားလိုက်သည်။

ပေကျင်းသို့ ရောက်ရှိနေသော မစ္စတာဂျိုးဘိုင်ဒင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ဝန်ကြီးချုပ် လီကေကျန်းတို့နှင့်အတူ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။

၄င်း၏ အာရှခရီးစဉ်သည် တရုတ်က ဂျပန်ထိန်းချုပ်ထားသော ကျွန်းစုကို လွှမ်းခြုံလျက် တရုတ်က လေကြောင်း ကာကွယ်ရေးဇုန်သစ် သတ်မှတ်လိုက်ခြင်းအပေါ် တင်းမာမှုဖြစ်ပွားခြင်းကို ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ဖြစ်သည်။

မစ္စတာဂျိုးဘိုင်ဒင်သည် ဂျပန်မှာ အမေရိကန်၏ အဓိကမိတ်ဖက်ဟု အခိုင်အမာပြောဆိုခဲ့ပြီး တိုကျိုမှ တစ်ဆင့်ရောက်ရှိလာခဲ့သည်။

၄င်းသည် ပေကျင်းမြို့ ပြည်သူ့ခန်းမကြီး၌ ပြုလုပ်သော ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်လိမ့်မည်ဖြစ်သည်။

ထို့နောက် ကျောက်နန်ဟိုင်းအမည်ရှိ ခေါင်းဆောင်များ၏ စုပေါင်းရုံးသို့လည်း သွားရောက်လိမ့်မည်ဟုဆိုသည်။

မစ္စတာဂျိုးဘိုင်ဒင်က သူ့အနေဖြင့် တရုတ်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် တရုတ်၏လေကြောင်းဇုန်အသစ်အပေါ် စိုးရိမ်မှုများ မြင့်တက်လိမ့်မည်ဟု ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အစိုးရဆန့်ကျင်ဆန္ဒပြသူများအား အပြုံးနှင့်ကြို၍ ထိုင်းဆန္ဒပြမှုအဆုံးသတ်

ဗန်ကောက် ဒီဇင်ဘာ ၄

ထိုင်းအစိုးရဆန့်ကျင်ဆန္ဒပြမှုသည် ရဲတပ်ဖွဲ့က အစိုးရရုံးများနှင့် ရဲဌာနချုပ်သို့ ဆန္ဒပြသူများအား ဝင်ရောက်ခွင့်ပြုလိုက်ပြီးနောက် ဆန္ဒပြမှုမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း ရဲအဖွဲ့က ပြောသည်။

ဆန္ဒပြသူများက အစိုးရရုံးများနှင့် ရဲဌာနချုပ်သို့ဝင်ရောက်ရန် ကြိုးစားခဲ့ရာမှ ရဲအဖွဲ့က နှစ်ရက်ကြာ ဖြိုခွင်းခဲ့ပြီးနောက် အတားအဆီးများကို ဖယ်ရှားလိုက်သဖြင့် ရာနှင့်ချီသောဆန္ဒပြသူများ အစိုးရရုံးများနှင့် ရဲတပ်ဖွဲ့ရုံးများသို့ ဝင်ရောက်လာသည်။ ရဲတပ်ဖွဲ့က ဆန္ဒပြသူများအား အပြုံးနှင့်ကြိုဆိုပြီး ပန်းစည်းများကမ်းလှမ်းပေးခဲ့သည်။ ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့ နှစ်ဖက်စလုံး အပြုံးနှင့်ဆက်ဆံခဲ့ကြသည်။ **(ဆင်ဟွာ)**

အာဖဂန်မှကုန်ပစ္စည်းများ ပါကစ္စတန်သို့တင်ပို့မှု အမေရိကန်စစ်တပ်က လုံခြုံရေးစိုးရိမ်ရ၍ ပိတ်ပင်ထား

ဝါရှင်တန် ဒီဇင်ဘာ ၄

အမေရိကန်နိုင်ငံက အာဖဂန်မှတစ်ဆင့် ကုန်းလမ်းကြောင်းဖြင့် ကုန်ပစ္စည်းများ ပေးပို့ခြင်းကို ယာဉ်မောင်းများစွာအတွက် စိုးရိမ်ရ၍ တားမြစ်ပိတ်ပင်ထားသည်။

အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခြင်းအပေါ် ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်က ယင်းကဲ့သို့ အာဖဂန်မှ ကုန်တင်ယာဉ်များ ပါကစ္စတန်သို့ ဖြတ်သန်းမှုကို ပိတ်ပင်လိုက်သည်။

ယင်းကဲ့သို့ ပိတ်ပင်လိုက်ခြင်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် စစ်လက်နက်ပစ္စည်းနှင့် အခြားသောကုန်ပစ္စည်းများ တင်ပို့ရေးအတွက် ထိခိုက်လိမ့်မည်ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ မတ်ရှိုက်က ပြောသည်။ ယင်းပိတ်ပင်မှုသည် မကြာမီပြန်စနိုင်လိမ့်မည်ဟုလည်း ၄င်းက ပြောသည်။

ပါကစ္စတန်နိုင်ငံက အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသို့ ကုန်ပစ္စည်းများတင်ပို့နေသော အဓိကလမ်းကြောင်းကို ပိတ်ထားလိုက်သည်။ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးခဲ့ရပြီးနောက် ပါကစ္စတန်က ၄င်းထောက်လှမ်းရေးလမ်းကြောင်းကို ပိတ်လိုက်သည်။ ဆန္ဒပြသူများသည် အာဖဂန်ရှိ နေတိုးတပ်များ အခြေပြုရာ ပြည်နယ်များသို့ပေးပို့နေသော ရိက္ခာတင်ကားများကို ကြိမ်ဖန်များစွာ တိုက်ခိုက်လျက်ရှိသည်။

ယခုပိတ်ပင်မှုသည် ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ကွာပြည်နယ်ရှိလမ်းဖြစ်သည်။ သို့ရာတွင် ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းရှိ နယ်စပ်ဖြတ်ကျော်လမ်းကို ဖွင့်ထားမည်ဟုဆိုသည်။ အာဖဂန်ရှိ အမေရိကန်နှင့် နေတိုးတပ်များအား ပါကစ္စတန်နယ်စပ်ဝင်ပေါက်နှစ်ခုမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိသည်။ **(ဘီဘီစီ)**

ဘရာဇီးကမ္ဘာ့ဖလားဘောလုံးကွင်းသုံးကွင်း သတ်မှတ်ကာလပြီးရန် အသင့်မဖြစ်

ဆော်ပေါလို ဒီဇင်ဘာ ၄

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တည်ဆောက်လျက်ရှိသည့် နာမည်ကြီး ဘောလုံးကွင်းသုံးကွင်းသည် ယခုနှစ်ကုန်ပြီးစီးရန် သတ်မှတ်ထားမှုမှာ အသင့်ဖြစ်လိမ့်မည်မဟုတ်ကြောင်း ဖီဖာက ပြောသည်။

အဆိုပါအားကစားကွင်းသုံးခုမှာ ကူအီဘာရှိပန်တာနယ်ကွင်း၊ ကူရီတစ်ဘားရှိ ဒါဘိုဇာဒါကွင်းနှင့် ဆော်ပေါလိုရှိ ကိုရင်သီယန်ကွင်းတို့ဖြစ်သည်။ ယင်းအားကစားကွင်းသုံးကွင်းစလုံး ဒီဇင်ဘာ ၃၁ ရက်ပြီးစီးရန် မဖြစ်နိုင်တော့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ပြောသည်။ ပြီးခဲ့သည့်လက ဆော်ပေါလို အားကစားကွင်း၌ ကရိန်းပြုတ်ကျမှုကြောင့် အားကစားကွင်းအမိုးပျက်စီးသွားပြီး လူနှစ်ဦး သေဆုံးခဲ့ရသည်။ "ကျွန်တော်တို့အနေနဲ့ ဒီလိုကရိန်းပြုတ်ကျလို့ ထိခိုက်ဒဏ်ရာရသူတွေ မိသားစုတွေအတွက် စိတ်မကောင်းဖြစ်ရပါတယ်။

ဒါပေမယ့် ဖွင့်ပွဲအတွက် ဆော်ပေါလိုကွင်း အချိန်မီ ပြန်လည်ပြုပြင်ပြီးစီးလိမ့်မယ်လို့ ထင်ပါတယ်" ဟု ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောသည်။ ပရိသတ် ၄၃၀၀၀ ဆံ့ ပန်တာနယ်ကွင်းသည် အမိုးပြန်လည်ပြုပြင်ရန်ရှိသဖြင့် သတ်မှတ်ရက် ပြီးစီးရန် နောက်ကျခဲ့ရသည်ဟု ဆိုသည်။ ထို့အတူ ပရိသတ် ၄၁၀၀၀ ဆံ့ ဘိုင်ဒါဆာဒါကွင်းမှာ သတ်မှတ်ရက်အတိုင်း မပြီးနိုင်ဟု ဆိုသည်။ သို့ရာတွင် ဖေဖော်ဝါရီလတွင် ၄င်းအားကစားကွင်းအားလုံးပြီးစီးလိမ့်မည်ဖြစ်ကြောင်း ဖီဖာအတွင်းရေးမှူးချုပ် ဂျာရွှန်းဗက်ကီးက ပြောသည်။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဇွန် ၁၂ ရက်တွင် စတင်ကစားမည်ဖြစ်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ဆီးဂိမ်းကြိုဆိုဂုဏ်ပြု The HOTEL ROYAL ACE ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ The HOTEL ROYAL ACE ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဟိုတယ်ရှေ့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဦးတင့်ဆန်း၊ ဦးအေးမြင့်ကြူ၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ The HOTEL ROYAL ACE အဆောက်အအုံကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးအေးမြင့်ကြူနှင့် ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌဦးဌေးမြင့်နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကThe HOTEL ROYAL ACE ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အာဆီယံထိပ်သီးအစည်းအဝေးများသို့ လာရောက်မည့် နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများ တည်းခိုနိုင်ရန် နိုင်ငံတကာအဆင့်မီ ပြင်ဆင် ဆောင်ရွက်ထားရှိသော Presidential Suite, Royal Suite, Excutive Suite, Premier Suite, Superior, Meeting Room, Call Room, Function Hall စသည့် အခန်းဖွဲ့စည်း ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

The HOTEL ROYAL ACE ဟိုတယ်သည် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်း တော်ဝင်ရတနာလမ်းမကြီးဘေးတွင် တည်ဆောက်ထားပြီး နိုင်ငံတကာအဆင့်မီ Presidential Suite နှစ်ခန်း၊ Royal Suite နှစ်ခန်း၊ Excutive Suite လေးခန်း၊ Premier Suite ၄၄ ခန်း၊ Superior ၁၂၈ ခန်း စုစုပေါင်းအခန်း ၁၈၀ အနက်မှ ပထမအဆင့်အဖြစ် အခန်း ၈၉ ခန်းကို ဦးစွာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဟိုတယ်တွင် Meeting Room, Call Room, Function Hall တို့အပြင် အပန်းဖြေနားနေရန် ရေကူးကန်တို့ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကြောင်းနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ လာရောက်သည့် အားကစားသမားများနှင့် ဧည့်သည်တော်များ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရေးစီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၄

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိရာမှ တိုးတက်ပြောင်းလဲလာသော စျေးကွက်စီးပွားရေး စနစ်နှင့်အညီ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ပုဂ္ဂလိကမှ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် ၂၆၁ဆိုင်အား ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီ အဖွဲ့အစည်းများသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချပေးခဲ့ပြီး အဆိုပါစက်သုံးဆီအရောင်းဆိုင်များကို ၂၀၁၀ ပြည့်နှစ် ဇွန် ၁၀ ရက်မှ စတင်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်။

လိုင်စင်များထုတ်ပေး

ထို့နောက် တရားမဝင်စက်သုံးဆီ သယ်ယူပို့ဆောင် သိုလှောင်ရောင်းချမှုများ၊ တရားမဝင်လမ်းဘေးစက်သုံးဆီဆိုင်များ လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ စက်သုံးဆီအရောင်းဆိုင် မရှိသေးသည့် မြို့/မြို့သစ်များ၊ လမ်းဆုံ လမ်းခွများနှင့် လမ်းမကြီးများ၊ Toll Gate စသည့်နေရာများတွင် စက်သုံးဆီအရောင်းဆိုင်များ အသစ်တည်ဆောက်ဖွင့်လှစ်လိုသူများ၊ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ် တည်ဆောက်လိုသူများနှင့် ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းတို့တွင် ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချလိုသူများအား စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြု လျှောက်ထားစေပြီး သတ်မှတ်ချက်နှင့်အညီ စိစစ်၍ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များ ထုတ်ပေးလျက်ရှိသည်။

ယခုအခါ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် အဆိုပြု လျှောက်ထားလာသည့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်အသစ် ၁၂၄၃ ဆိုင်အနက် ၈၀၁ ဆိုင်နှင့် ပုဂ္ဂလိကစက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ် ငါးခုအနက် သုံးခုတို့အား စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးခဲ့ပြီး ကျန်စက်သုံးဆီအရောင်းဆိုင်အသစ် ၄၄၂ ဆိုင်နှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ် နှစ်ခုတို့အား လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲဖြစ်သည်။ ထို့ပြင် ပြည်တွင်းရေကြောင်းနှင့် ကမ်းရိုးတန်းသွား ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက် ဖြန့်ဖြူးရောင်းချခွင့်ပြုရန် အဆိုပြု လျှောက်ထားလာသည့် ကုမ္ပဏီ ၁၇ ခု၏ ရေယာဉ် ၆၇ စင်းအနက် ကုမ္ပဏီလေးခု၏ ရေယာဉ်ကိုးစင်းကို စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၃ ခု၏ ရေယာဉ် ၅၈ စင်းမှာ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်အထိ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် ၁၀၅၈ ဆိုင်၊ ပုဂ္ဂလိက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးစခန်း သုံးခုနှင့် ရေယာဉ်ကိုးစင်းတို့အား စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာရှနိုင်ငံများမှ တရားသူကြီးများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ဘောလုံးအသင်းက ပြိုင်ပွဲအတွက် ပြီးခဲ့တဲ့ နွေရာသီကတည်းက ပြင်ဆင်ထားပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ ၄င်းက တီမောလက်စ်တေ တောင်ပံတိုက်စစ်မှူး Jose Martins Do Rego က “တီမောလက်စ်တေ ဘောလုံးအသင်း အနေနဲ့ အကောင်းဆုံးပြင်ဆင်ထားပြီး ရွှေတံဆိပ်မှန်းထားပါတယ်။ ခြောက်လလောက် နိုင်ငံမှာ လေ့ကျင့်ပြီး အင်ဒိုနီးရှားမှာ နှစ်လ သွားရောက် လေ့ကျင့်ခဲ့ပါတယ်” ဟု ပြောကြားသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Sea Games) တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အာဆီယံနိုင်ငံများမှ အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများ၊ စည်းကြပ်ဒိုင်များအပါအဝင် တီမောလက်စ်တေမှ အသင်းအုပ်ချုပ်သူနှင့် အားကစားသမား ၂၉ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမား ၁၆ ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒီဇင်ဘာ ၄ ရက်က ရောက်ရှိလာကြောင်း သိရသည်။

နေလင်း

ဒီဇင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာဦးစီးဌာန မူလတန်းကြိုကျောင်း နှစ်လည်ကပွဲကျင်းပရာ ကျောင်းသားကျောင်းသူလေးများက ‘ဖွေးတုတ်’ သီချင်းဖြင့် တေးသရုပ်ဖော်ကပြစဉ်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၄-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၅၊ ကော်လံ ၁ တွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို အစား **အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

အလက(၂) တာမွေ
မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

အလက(၂)တာမွေ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အလက(၂) တာမွေကျောင်းခန်းမဆောင်ကြီး၌ ကျင်းပပါမည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေနှင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာဦးငွေစိုး ဖုန်း-၀၉-၄၃၁၄၇၈၈၄၊ ဆရာဦးရဲလွင် ဖုန်း-၀၉-၃၁၀၂၁၇၇၄၊ ဦးရဲထွဋ်(မိုးကျူရှင်၊ နည်းပြ) ဖုန်း-၀၁-၅၄၆၉၄၆၊ ဦးရန်ဝင်းနောင် ဖုန်း-၀၉-၇၃၀၀၅၉၃၈၊ ဦးမြင့်ဦး (အိတုံစတိုး)၊ ဖုန်း-၀၉-၅၀၂၂၁၄၊ ဦးရာဇာဝင်း ဖုန်း-၀၉-၇၃၁၀၅၇၇၁ တို့သို့ ဆက်သွယ်နိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော်ဦးဌေးကျော် ၁၀/မဒန(နိုင်)၀၃၉၅၃၈ ၏ မြန်မာနိုင်ငံကူး လက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၇၀၂၃၉**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၀၀၁ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးစိုးသန်း ၁၂/အစန(နိုင်)၁၁၆၁၇၁က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၂၃၃၅)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်းများ၊ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်သုံးတာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်နှင့် ဘရိတ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	Desktop Computer with UPS	၄ စုံ
၂။	Wireless Router	၃ ခု
၃။	Color Laser Printer	၂လုံး
၄။	ကွန်ပျူတာတင်စားပွဲနှင့်ထိုင်ခုံ	၂ စုံ
၅။	Cat-6 UTP Cable	၂ ခု
၆။	မော်တော်ယာဉ်/ဆိုင်ကယ်သုံးတာယာ	၁၁ မျိုး
၇။	မော်တော်ယာဉ်/ဆိုင်ကယ်သုံးဘက်ထရီ	၄ မျိုး
၈။	အင်ဂျင်ဝိုင်/ဘရိတ်ဆီ	၂ မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၂-၂၀၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထား တင်သွင်းဖွင့်ဖောက်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများကို ၉-၁၂-၂၀၁၃ ရက်မှစ၍ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးရာဌာနခွဲ (နေပြည်တော် ရုံးအမှတ်-၃၆)တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးဖုန်း-၀၆၇-၄၀၈၂၂၄၊ Fax-၄၀၈၂၂၃တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဝေလွင်
လက်ထောက်ညွှန်ကြားရေးမှူး
မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပြင်ရအခက်ဆုံးအရာ

တက္ကသိုလ်တင်ခ

လောကတွင် **ပြင်ရအခက်ဆုံးအရာသည် အိမ်ထောင်မှု**ပင်ဖြစ်သည်။

- “တက္ကသိုလ်ဆရာတစ်ဦးက
- မှာဘူးသည် နှုတ်ရည်
- အိမ်ထောင်မှု ဘုရားတည်
- ဆေးမင်ရည်စုတ်ထိုး
- သည်သုံးခု ချက်မပိုင်လျှင်
- နောင်ပြင်နိုင်ခဲ့သည် အမျိုး”

အခက်ဆုံးသောအရာတွင် ပြုပြင်ရခက်သော်လည်း ကြိုတင်ပြင်ဆင်ထားသင့်သည်။

လင်ကောင်းလိုအပ်သည်

ဆွေကောင်းလျှင် တစ်စလယ်
မျိုးကောင်းလျှင် တစ်ယောက်မ
မိဘကောင်းလျှင် တရှိန်စံ
လင်ကောင်းမှစံရသည်။

-ဆွေမျိုးကောင်း၊ အမျိုးကောင်း၊ မိဘမောင်နှမကောင်းသည်ထက် လင်ကောင်းမှ ပြည့်ဝခိုင်လုံသည်။

လင်ကောင်း၊ မယားကောင်း

လင်ဟူသောဝေါဟာရကို ပြသပြဆိုရာ၌ ပြည့်ဝစုံလင်သူဟူ၍ အဓိပ္ပာယ်ယူကြံဆပေသည်။

မယားဟူသော ဝေါဟာရမှာလည်း မြတ်နိုးရသူဟူ၍ အဓိပ္ပာယ် တွေ့ရသည်။

ပြည့်ဝစုံလင်သောသူကို “လင်”၊ ချစ်ခင်မြတ်နိုးသူကို “မယား”ဟူ၍ ဆိုရပေမည်။

လင်ကောင်းဟူသည်

မြန်မာ့ဓလေ့ “လင်”ဝေါဟာရသည် အိမ်ထောင်စုတစ်ခု၏ “အိမ်ဦးနတ်”ပမာ ကိုးကွယ်ရပေသည်။ အိမ်ထောင်ဦးစီးလင်ကောင်းမှသာ အိမ်ထောင်ကောင်းမည်။ အိမ်ထောင်ကောင်းမှ ရပ်ရွာ၊ မြို့ပြ၊ နိုင်ငံကောင်းမည်ဖြစ်လေသည်။

မယားကောင်းလက္ခဏာ

- အိမ်ထောင်ရေးလုပ်ငန်းတာဝန်ကျေပွန်စေရန်
- ညှိဝတ်ကျေပွန်သူ
- မယားကောင်းလင်
- စံပြမယား
  အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊
  မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊
  ပျင်းရိမမူ၊ ဝတ်ငါးဆူ
  အိမ်သူကျင့်အပ်စွာ။

လင်ယောကျ်ားကောင်း၏ သဘောသဘာဝ

- လင်ယောကျ်ားကောင်းတို့မှာ အစားအစာကို မောင်နှံအတူတူ စားသောက်ကြသည်။
- မယ့်ဖို့မယူခဲ့လျှင်၊ မပို့ဖြစ်လျှင် စား၍မဝင်ဖြစ်တတ်ကြသည်။
- တူစုံမောင်နှံနေရပြန်သောအခါ ဟင်္သာမောင်နှံပမာ ချစ်ခင်ကြင်နာစွာ ယှဉ်တွဲကာနေတတ်ကြသည်။

မြန်မာ့ဓလေ့တွင် “လင်”ဝေါဟာရသည် အိမ်ထောင်တစ်ခု၏ “အိမ်ဦးနတ်”ပမာ ကိုးကွယ်ရာဖြစ်သည်။ လင်ကောင်းမှ အိမ်ထောင်ကောင်းမည်။ အိမ်ထောင်ကောင်းမှ နိုင်ငံကောင်းမည်ဟု ယုံကြည်ပေသည်။

စဉ်လာတရား ဝတ်ငါးပါး

- သိင်္ဂါလောကပါဒသုတ်လာ သင်္ဂဇာဆရာတော်၏ လင့်ဝတ္တရားငါးပါးဖြစ်သော “မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင့်ကျင့်ရာ” မြန်မာ့ဓလေ့တွင် “လင်”ဝေါဟာရသည် အိမ်ထောင်တစ်ခု၏ “အိမ်ဦးနတ်”ပမာကိုးကွယ်ရာဖြစ်သည်။ လင်ကောင်းမှ အိမ်ထောင်ကောင်းမည်။ အိမ်ထောင်ကောင်းမှ နိုင်ငံကောင်းမည်ဟု ယုံကြည်ပေသည်။

လောကတွင် အခက်ဆုံးသောအရာသည် အိမ်ထောင်မှုပြုခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်သည် စာပေပညာရှင် ဆရာဒေါက်တာကျော်စိန်ထံမှ သြဝါဒမင်္ဂလာစကားပါးခဲ့သည်ကို ကြားသိရသည်။ သူ့ထံမှ မင်္ဂလာသြဘာမေတ္တာစာကို ချီးမြှင့်ပေးပါရန် တောင်းခံခဲ့ပါသည်။ ဆရာ မကွယ်လွန်မီကပင် အမှတ်တရမင်္ဂလာသြဘာစာကို ကျွန်တော့်အား ချီးမြှင့်ပေးထားခဲ့ပါသည်။ ဆရာသည် စိတ်ပညာဆရာ၊ စာပေပညာရှင်ပီသစွာ အခက်ဆုံးသော အရာကို ထာဝရ သြဝါဒကထာအဖြစ် ချီးမြှင့်ပေးခဲ့သည်ကို ပြန်လည်အမှတ်ရ သြဝါဒခံယူကာ မေတ္တာစကားပါးသည့် အနေဖြင့် မူရင်းအတိုင်းတင်ပြအပ်ပါသည်။

ဒေါက်တာကျော်စိန် မင်္ဂလာသြဝါဒ လက်ဆောင်စကား ပါးလိုက်ပါသည်။

- မိဘနှစ်ပါး၏ မေတ္တာရပ်ခံချက်အရ သား၊ သမီးလိုသဘောထား၍ ဆုံးမစကားပြောထားခြင်းဖြစ်သည်။ ပရိသတ်ထဲမှ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ပုဂ္ဂိုလ်တို့အားဂါရဝ၊ နိဝါတတရားရှေ့ထား၍ပန်ကြားအပ်ပါသည်။
- ဒီဃနိကယ်၊ သုတ္တန်ပိဋကတ်၊ ပါယိကဝဂ်၊ သိင်္ဂါလသုတ်လာဝတ္တရားများရှိပါသည်။
- ရှေးထုံးလဲမပယ်နှင့် ဈေးသုံးလဲ မလွယ်နှင့်၊ ရှေးထုံးပယ်က လွဲတတ်၏ ဈေးသုံးလွယ်က မွဲတတ်၏။
- **မိဘဝတ်**
  မကောင်းမေတ္တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ၊ ဖခင်မယ်တို့တာ။
- **သားသမီးဝတ်**
  ကျွေးမွေးမပျက် ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ (ကျင့်ဖွယ်သမီးတို့တာ)
  မင်္ဂလံမကောင်းမှုဟူသမျှကို ကျိုးပယ်ဖြေပျောက်တတ်၍ မင်္ဂလာ။

မင်္ဂလာဆောင်ပြီး၍ အကြင်လင်မယားဖြစ်သွားသောအခါ

(၁) လင့်ဝတ် (၅)ပါး

- **မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင် ငါးအင်လင်ကျင့်ရာ။**

(၂) မယားဝတ် (၅)ပါး

- **အိမ်တွင်းမှုလုပ် သိမ်းထုတ်သေချာ၊ မိစ္ဆာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်ရာ။**
- သာယာချမ်းမြေ့သော အိမ်ထောင်ရေးဘဝတွင် အကြီးမားဆုံးဆုလာဘ် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဆန္ဒများ ပြည့်ဝ။
- မတူညီသောဘဝနှစ်ခုကို ပေါင်းစပ်၍ တူညီသောဘဝတစ်ခုကို တည်ဆောက်။
- အိမ်ထောင်မှုမပြုမီက ရှိနှင့်သောသဘောထား၊ အပြုအမူ၊ အကျင့်အကြံ၊ အတွေးအခေါ်တို့ကို လင်နှင့်မယားညှိနှိုင်းကာ ပြုသင့်သည်ကို ပြင်ပါ။
- လင်နှင့်မယား အပေးအယူမျှတဖို့ လွန်စွာလိုအပ်သည်။ မိမိ၏ လိုအင်ဆန္ဒများကို စွန့်လွှတ်တန်စွန့်လွှတ်၊ လျှော့ပေါ့တန် လျှော့ပေါ့ရမည်။
- ဘယ်သူမှ ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ကြောင်း သတိပြုပါ။
- ယောနိသောမနသိကာရ၊ အရာရာတွင် အသင့်အတင့်နှလုံး သွင်းတတ်ဖို့ လိုပါသည်။
- သားတစ်ဖျာ၊ မြေးတစ်ရာရသည်အထိ ချစ်ကြင်နာနိုင်ကြပါစေ။ ။

ရောဝတီတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၄

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၅၈ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာများ၊ ဥပဒေကြမ်းများနှင့် အဆိုများဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး လွှတ်တော်စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၄

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က ကြည့်မြင်တိုင် အထက(၁) မြဝတ်ရည်ခန်းမ၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်စဉ်။
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

နမ့်ခမ်း ဒီဇင်ဘာ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို အထက(၁)သီရိရွှေရည်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားခဲ့ပြီး နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာနန်းခမ်းအောင်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်သောအကြောင်းအရာများကို ပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ ယင်းနောက် ကဲရ်မြန်မာအဖွဲ့မှ ဒေသဆိုင်ရာ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါက်တာကိုကိုဇော်က ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ ၊ ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

မြန်မာ့စီးပွားရေးဆိုင်ရာ ထိရောက်သောမူဝါဒချမှတ်ရေး လေ့လာမည်

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာမူဝါဒ ထိရောက်စွာ ချမှတ်နိုင်ရေးအတွက် သင့်လျော်သည့်စီးပွားရေးကဏ္ဍာ ရွေးချယ်ရန်အတွက် OECD (Organisation for Economic Cooperation and Development)နှင့် UNESCAP(United Nations Economic and Social Commission for Asia and Pacific) တို့က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံဒေသအသီးသီးရှိ စီးပွားရေးလုပ်ငန်းအလွှာမျိုးစုံကို မြန်မာနိုင်ငံ၏ စီးပွားရေးလေ့လာချက် ၂၀၁၃- ၂၀၁၄ (Survey on Myanmar Business 2013-2014) ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မြန်မာနိုင်ငံ၏ စီးပွားရေးလေ့လာချက် ၂၀၁၃-၂၀၁၄ ကွင်းဆင်းမှုကို ယခုလလယ်ပိုင်းမှ စတင်၍ ဖေဖော်ဝါရီလကုန်အထိ ကောက်ယူသွားမည်ဖြစ်သည်။'

စီးပွားရေးလုပ်ငန်းထံမှ ရရှိသော သတင်းအချက်အလက်နှင့် စီမံကိန်းအချက်အလက်များကို OECDနှင့် UNESCAP တို့မှ ကျွမ်းကျင်ပညာရှင်များက စိစစ်သွားမည်ဖြစ်ကာ UMFCCI ကလည်း ပူးပေါင်းပါဝင်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံ စီးပွားရေးလေ့လာချက် ၂၀၁၃-၂၀၁၄ ကို စီးပွားရေးလုပ်ဆောင်သူများအနေဖြင့် မိမိတို့လိုအပ်ချက်ကို မှန်ကန်စွာဖြည့်စွက်ကြရန်၊ လေ့လာချက်စစ်တမ်းကောက်ယူမှုတွင် အားလုံးပါဝင်ပေးကြရန် အဆိုပါ Project ၏ Executive Director ဦးအောင်ခင်မြင့်က ပြောကြားသည်။

“စီးပွားရေး လုပ်ဆောင်သူတွေ အားလုံး ဒီလေ့လာချက်ကို ဖြေကြားရာမှာ အမှန်ကန်ဆုံးနဲ့ တကယ့်ပကတိအခြေအနေတွေ ပေါ်လွင်အောင် ဖြေကြားပေးစေချင်ပါတယ်။ ကုမ္ပဏီတစ်ခုချင်းစီအတွက်တော့ ကူညီလို့မရနိုင်ပေမယ့် ဆုံးဖြတ်ချက်မှန်ကန်မှုတွေက နိုင်ငံတော်စီးပွားရေးကို လမ်းကြောင်းမှန်ကို ရောက်သွားစေတယ်။ အခုအချိန်က နိုင်ငံတော်စီးပွားရေးအတွက် အမှန်တကယ်သိရှိဖို့ လိုအပ်တဲ့အချိန်ဖြစ်ပါတယ်။ ကိုယ့်အိမ်မှာ ကိုယ့်အခြေအနေကိုသိသလို ကိုယ့်တိုင်းပြည်မှာ ကိုယ့်တိုင်းပြည်စီးပွားရေးအမှန်ကိုသိမှသာလျှင် နိုင်ငံတော်အား ဆုံးဖြတ်ချက်ချပေးသူတွေအတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်” ဟု ဖြေကြားခဲ့သည်။

အဆိုပါ စီးပွားရေးဆိုင်ရာလေ့လာချက် ကောက်ယူမှု၌ OECD နှင့် UNESCAPတို့ အပါအဝင် ဂျပန်အစိုးရ၊ ကိုရီးယားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်း KTI၊ GIZ အဖွဲ့အစည်း၊ SDC အဖွဲ့အစည်းနှင့် Asia Foundation တို့က ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်ပယ်ကျေးရွာတွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိုးရေလှောင်ကန်တာပေါင်မြှင့်ခြင်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲ လင်းအောင်နှင့်မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ သန်းဌေး(iprd)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး စစ်တွေမြို့ လောကာနန္ဒာစေတီနှင့် မဟာဝေယာန်သာသနာ့ဗိမာန်လိုဏ်ဂူတော်၌ ကျင်းပသည့် ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ပွဲတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှသည် ယနေ့နံနက် ၅ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီနှင့် မဟာဝေယာန်သာသနာ့ဗိမာန်လိုဏ်ဂူတော်၌ ကျင်းပသော ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ပူဇော်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်များက လောကာနန္ဒာစေတီတော်မြတ်အတွင်း အပူဇော်ခံလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူသည်။ ဆက်လက်၍ မဟာဝေယာန် သာသနာ့ဗိမာန်တော်တွင် အောင်စကြာမုနိ ကြေးသွန်းရုပ်ပွားတော်မြတ်နှင့် ထုကျုံသိမ်တော်ကျောက်ဆင်းတုဘုရားတို့အား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူသည်။

ထို့နောက် ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဆန္ဒအရှင်မြတ်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးရှိသော ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာရေစက်ချအမျှပေးဝေကာ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (မြဝတီ)

သဘာဝဘေးအန္တရာယ်နှင့်ရင်ဆိုင်ရပါက ကူညီကာကွယ်စောင့်ရှောက်နိုင်ရန်စီမံဆောင်ရွက် စစ်မှန်သည့်ကာကွယ်ရေးစွမ်းအားများဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန်လို

နေပြည်တော် ဒီဇင်ဘာ ၄

ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ အမ်းတပ်နယ် အမ်းတောင်ခန်းမ၌ တပ်နယ်မှ အရာရှိ/ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ဘူးသီးတောင်တပ်နယ်သို့ ရောက်ရှိကာ ဗန္ဓုလခန်းမတွင် အရာရှိ/စစ်သည် မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့သည် ဘူးသီးတောင်မြို့အား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

ထိုသို့တွေ့ဆုံပွဲများတွင် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုလိုအပ်ပြီး တပ်မတော်အနေဖြင့် ယင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပေးရန်တာဝန်ရှိကြောင်း၊ မိမိ၏လူမှုဘဝကို တိုးတက်အောင်လုပ်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုတိုးတက်မှု၊ မိမိတပ်တိုးတက်မှုမှသည် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်ဆောင်ရွက်ခြင်းဖြင့် တပ်မတော်ကောင်းအောင် လုပ်ရာရောက်သကဲ့သို့ နိုင်ငံတော်ကိုလည်း ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဒေသသည် ရေမြေအနေအထားအရ သဘာဝဘေးဒဏ် ကြုံတွေ့နိုင်သောဒေသဖြစ်ခြင်းကြောင့် သစ်ပင်ခုတ်ခြင်းအပါအဝင် သဘာဝအတားအဆီးများကို မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စနစ်တကျစိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်အတွက် ဖွဲ့စည်းထားခြင်းဖြစ်၍ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီကာကွယ်စောင့်ရှောက်နိုင်ရန် စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အသေးအဖွဲ့မှစ၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆင်ခြင်တုံတရားနှင့်ဆောင်ရွက်ခြင်းဖြင့် စစ်မှန်သည့် ကာကွယ်ရေးစွမ်းအားများဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံပွဲများ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ/စစ်သည်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများ အားလည်းကောင်း (ဝဲပုံ)၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများအားလည်းကောင်း ပေးအပ်ခဲ့သည်။

အလားတူ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အားကစားပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)သို့ရောက်ရှိပြီး ဌာနချုပ်အစည်းအဝေးခန်းမတွင် ဒေသကွပ်ကဲရေးမှူး၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ် တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့အား ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ၆၉ ဦး တက်ရောက်ခဲ့သည်။

ဆောင်ရွက်ခဲ့

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား မှတ်တမ်းတင်ခဲ့သည်။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများဖြေကြားခြင်း၊ အဆိုတစ်ခုနှင့် ဥပဒေမူကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၅/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၁၇)၊ တတိယထပ်၊ မလ္လကုန်းလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party)** အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားတိုးတက်မြင့်မားရေးပါတီ(National Prosperity Party) ၏ မှတ်ပုံတင်အမှတ်မှာ (၆၆) ဖြစ်ပါသည်။

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✻ *ကျောဖုံးမှ*

မြန်မာ-ထိုင်းနယ်စပ် ဒေသဖွံ့ဖြိုးရေးအတွက် မြို့ပြအဆင့် တည်ဆောက်မည်ဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့ပြအဆင့်တိုးချဲ့ရန် လိုအပ်သော မြို့ဧရိယာဧက ၄၀၀၀ မှ ၇၀၀၀ အထိ လိုအပ်ကြောင်း ညွှန်ကြားထားသဖြင့် မောတောင်ဒေသတွင် မူလက ၁၁၆၄ ဒသမ ၅၅ ဧကသာရှိပြီး ယခုအခါ မြို့ဧရိယာအားလုံး ဧက ၇၂၆၀ အထိ တိုးတာပြီးဖြစ်၍ ဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုဖြစ်လာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ထားကြောင်း သိရသည်။ မောတောင်ဒေသတွင် အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး အခြေချနေထိုင်သူ များပြားလာသောကြောင့် မြန်မာ-ထိုင်းနယ်စပ်မြို့ပြအဖြစ် တည်ဆောက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မိုးဟိန်း(မြိတ်)

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ထပ်ဆင့်ထောက်ခံချက်ပေးခြင်းကို ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တိုးချဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာ

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံသားများ ပြည်ပတွင်အသုံးပြုရန် ဘွဲ့လက်မှတ်များ၊ အောင်လက်မှတ်များ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ လက်ထပ်စာချုပ်၊ ယာဉ်မောင်းလိုင်စင်၊ ကျမ်းကျိန်လွှာအစရှိသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အသိအမှတ်ပြုထားသည့် နိုတြီပဗ္ဗလစ်ရှေ့နေမှ အင်္ဂလိပ်ဘာသာဖြင့် တရားဝင်ပြန်ဆိုချက်အပေါ် ယင်းနိုတြီပဗ္ဗလစ်ရှေ့နေ၏ လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံပေးခြင်းကို ပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စေရန်အလို့ငှာ နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)တွင်လည်း ဒီဇင်ဘာ ၉ ရက်မှစတင်ကာ တိုးချဲ့ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နိုတြီထောက်ခံချက်လျှောက်လွှာများကို နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ လက်ခံမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် နေ့ချင်းပြီး ထောက်ခံချက် ထုတ်ပေးသွားမည်ဟု အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

✻ *ကျောဖုံးမှ*

တင်ပြချက်နှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လက်ရှိမြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က ဆရာဆရာမများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်နှင့်အညီ လိုအပ်သည်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်နှင့် အရည်အသွေးမြင့်မားလာအောင်ဆရာများအပိုင်းက ဝိုင်းဝန်းကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ အဆောက်အအုံများတိုးချဲ့ဆောက်လုပ်နိုင်ရေးလိုအပ်သည့် ဘတ်ဂျက်ငွေကို လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြရန်နှင့် နိုင်ငံတော်အပိုင်းက ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆရာများနှင့် ကျောင်းသားများအနေဖြင့် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အရည်အသွေးတိုးတက်မြင့်မားလာအောင် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လားရှိုးပညာရေးကောလိပ်သို့ ရောက်ရှိရာ ကွန်ပျူတာခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်တို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပညာရေးကောလိပ်အတွင်းအဆောက်အအုံများ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး နမ္မတူလမ်းဆုံအနီးရှိ ယဉ်ကျေးမှုကွင်းလျာထားသည့် မြေနေရာကို သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ ပညာရေးကောလိပ်သည် လားရှိုး-နမ္မတူလမ်းမကြီးဘေး နမ့်ပါချိုးရပ်ကွက်တွင် တည်ရှိပြီး ပညာရေးလောကသစ် တည်ဆောက်ရာတွင် ယုံကြည်ချက်မှန်ကန်၍ ခံယူချက်ပြည့်ဝကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် ဆရာကောင်းများ ပေါ်ထွန်းလာရေးအတွက် ပြုစုပေးရန်ရည်ရွယ်လျက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၈/၁၃) ပထမနှစ်ကို သင်တန်းသား ၅၀၊ သင်တန်းသူ ၁၆၄ ဦး စုစုပေါင်း ၂၁၄ ဦးဖြင့် ယခုလ ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ပြုလုပ်သည့် မျက်စိ၊ သွားနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသခွဲစိတ်ပေးရန်အတွက် ပံ့ပိုးလှူဒါန်းသော စေတနာရှင်များနှင့် အထူးကုဆရာဝန်ကြီးများအားဂုဏ်ပြုပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်ပေးခဲ့သည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးခင်ရီနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က စေတနာရှင် အလှူရှင်များနှင့် အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယနေ့ အခမ်းအနားတွင် အခမဲ့စမ်းသပ်ကုသ ခွဲစိတ်ရန်အတွက် ဂရိတ်ဝေါလ်ကုမ္ပဏီက ပံ့ပိုးငွေကျပ်သိန်း ၅၀၀၊ လားရှိုးမြို့ ပါဝါဟိုတယ်က ၁၄ ဒသမ ၅ သိန်းနှင့် ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုပွဲတွင် ဒုတိယသမ္မတက ဆေးရုံကြီးများအထိ သွားရောက် ပြသကုသမှုခံယူနိုင်သည့် အခြေအနေမျိုး၊ သွားရေးလာရေး၊ ငွေရေးကြေးရေး အခက်အခဲရှိကြသည့်အတွက် ကျေးလက်တောရွာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ပြုလုပ်သည့် မျက်စိ၊ သွားနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသခွဲစိတ်ပေးရန်အတွက် ပံ့ပိုးလှူဒါန်းသော စေတနာရှင်များနှင့် အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၄

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီတွင် တောင်ပလူကျေးရွာအနီး ပုသိမ် - မုံရွာကားလမ်းမကြီးပေါ်ရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံသစ်ကို အဆင့်အတန်းမီ၊ အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်မှ ငွေကျပ်သိန်း ၄၀၀၀ ကျော် အကုန်အကျခံ၍ တာဝန်ယူတည်ဆောက်လျက်ရှိသည့် အဆိုပါ တိုက်နယ် ဆေးရုံသစ်တည်ဆောက်ပြီးစီးပါက လက်ပံတောင်းတောင်၊

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ ကျောက်ဖြူတိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရတနာ ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကြေးစင်တောင်၊ စံပယ်တောင်၊ ကြေးနီစီမံကိန်းဒေသများရှိ ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖောင်းကတာကျေးရွာအုပ်စု ကျောက်ဖြူတိုင် ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည့် "ပညာရတနာ" ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၄၃၂ သိန်းဖြင့် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကျောက်ဖြူတိုင်ကျေးရွာပြည်သူများအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့သည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု (CSR)အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျောက်ဖြူတိုင်ကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။ ကျောက်ဖြူတိုင်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ၅၂၂ သိန်းကျော်ကုန်ကျခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၂၅၀ အသုံးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ကျောက်ဖြူတိုင်ကျေးရွာ "ပညာအလင်း" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။ အဆိုပါစာကြည့်တိုက်အား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြန်မာ- ဝမ်ပေါင်ကုမ္ပဏီတို့ ပူးပေါင်း၍ စုစုပေါင်းငွေကျပ်သိန်း ၄၀ အကုန်အကျခံတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီး ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆားလင်းကြီး ရေလှောင်တမံသည်ဒေသတွင်းဖွံ့ဖြိုးရေးအထောက်အကူပြုရန်နှင့် ကျေးလက်ဒေသများ သောက်သုံးရေပေးဝေနိုင်ရေးရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆည်ရေသောက်ဧရိယာဧက ၆၀၀ နှင့် ပတ်ဝန်းကျင်ဒေသများကို အကျိုးပြုလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့မှ လေးမိုင်ခန့်အကွာ ပုသိမ်-မုံရွာကားလမ်းမကြီးဘေးရှိ ဘုတ်စုကျေးရွာအုပ်စု ငွေသာကျေးရွာအနီး မြေယာ ၁၄၅ ဧက ဖော်ထုတ်ရေးလုပ်ငန်းခွင်များနှင့် ဘုတ်စုတစ်ဖက်ပိတ် သုံးဆင့်ရှိ ရေလှောင်တမံငယ်အား ကြည့်ရှုစစ်ဆေးသည်။ ဘုတ်စုမြေယာဖော်ထုတ်ရေးလုပ်ငန်းခွင်တွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ စိုက်ပျိုးမြေရရှိရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအား ဟန်ချက်ညီဆောင်ရွက်ရေးအတွက် ကျေးလက်နေပြည်သူများ နှစ်တိုကာလအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စက်မှုကုန်ကြမ်းသစ်ပင်ဖြစ်သည့် ကြီးမြန်ယူကလစ်ပင်၊ လျှော်ဖြူပင်၊ သနပ်ခါး၊ နေကြာ၊ ရှားစောင်းလက်ပပ်နှင့် နဂါးမောက်ပင်များ စမ်းသပ် စိုက်ပျိုးထားရှိကြောင်းနှင့် အဆိုပါ မြေယာများတွင် စိုက်ပျိုးလိုသူ ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေးကွန်ရက် ဆီးဂိမ်းကာလအတွင်း

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် "ဆက်သွယ်ရေးကွန်ရက်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" "Urgent Project for Communications Networks" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Network Operation Center အဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာမီကီ အိုနူမားတား၊ ဂျပန်နိုင်ငံ ဆက်သွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဒေသတာဝန်ခံ၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စီမံကိန်းတွင် ရန်ကုန်-



ဝမ်းတွင်းမြို့နယ် အထက်တန်း မိဘဆရာအသင်းနှစ်ပတ်လည်နှင့် ပညာ

ဝမ်းတွင်း ဒီဇင်ဘာ ၄

ဝမ်းတွင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သဖန်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ မိဘဆရာအသင်းနှစ်ပတ်လည် အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ

မန္တလေး ဒီဇင်ဘာ ၄

ကျွဲ၊ နွားများ ခွာနာ လျှာနာ ကာကွယ်ဆေးထိုးနှံပေး

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကြည်ဦးသည် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အုန်းချောကျေးရွာအုပ်စု၊ ကျောက်မီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် တာဝန်ကျ ဒုတိယဦးစီးမှူးများဖြစ်သော ဒေါက်တာဝင်းထွဋ်နှင့် ဒေါက်တာကျော်ကျော်လွင်တို့က ကာကွယ်ဆေးထိုးနှံခြင်း၊ တိရစ္ဆာန်များကျန်းမာရေးလုပ်ငန်းများအတွက် ဆေးကုသခြင်းလုပ်ဆောင်မှုတို့ကို ဒီဇင်ဘာ ၃ ရက်အတွင်း ကွင်းဆင်း၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရွှေစာရံ ကျေးရွာတွင် ကျွဲ၊ နွား ခွာနာလျှာနာ ကာကွယ်ဆေး ၅၈ ကောင်ကိုထိုးနှံပေးကာ ကျန်းမာရေးမကောင်းသော နွားများအား ဆေးကုသမှုဆောင်ရွက်ပေးခဲ့သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ကျွဲ၊ နွား လည်ချောင်းကွဲ၊ ကျွဲနွားထောင့်သန်း၊ ကျွဲ၊ နွားပေါင်ပုပ် လက်ပုပ်နှင့်ကျွဲ၊ နွား ခွာနာလျှာနာ ရောဂါကာကွယ်ဆေးလေးမျိုးရှိပြီး ကာကွယ်ဆေးများကို ကာကွယ်ဆေး ထိုးနှံပေးမှုဇယားအတိုင်းထိုးနှံပေးလျက်ရှိကာ မွေးမြူရေးသမားများအနေဖြင့် ကာကွယ်/ကုသမှုများပြုလုပ်လိုပါက သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများတွင် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ဝ၄၀)

...ကွဲဝေဒနာရှင် ...အမှာစကား (သတင်းစဉ်)

အပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသရှိ လူနာများနှင့် မျက်စိအထူးကုဆရာဝန်များအဖွဲ့ တွေ့ဆုံကုသမှုပေးနိုင်အောင် စီစဉ်ပေးထားခြင်းဖြစ်ပါကြောင်း၊ စမ်းသပ်ကုသမှုပေးကြသည့် မျက်စိအထူးကုဆရာဝန်အဖွဲ့၊ ကုန်ကျစရိတ်အဝဝကို တာဝန်ယူပေးသည့် စေတနာရှင်မိသားစုများနှင့် ကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့လာမည့်ကာလများအတွင်း ကျန်ရှိနေသေးသည့် မျက်စိဝေဒနာရှင်များ အပါအဝင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအတွက် လိုအပ်သည့် စစ်ဆေးခွဲစိတ်ကုသမှုများကို အခြေအနေပေးပါက လိုအပ်သလို ထပ်မံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ လားရှိုးဒေသရှိ မျက်စိဝေဒနာပြသသူစုစုပေါင်း ၃၉၈၃ ဦး ရှိခဲ့ပြီး ခွဲစိတ်သူ ၁၇၂ ဦး၊ မျက်မှန်ပြုလုပ်သူ ၈၆၄ ဦးနှင့်ဆေးဝါးကုသသူ ၉၂၉ ဦးရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း အောင်ပွဲရခြင်းလုံးအားကစားသမားများအား ဂုဏ်ပြုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

DATO HAJI ABDUL HALIM BIN KADER တို့က အမျိုးသမီးခြင်းလုံးပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရ မလေးရှားအသင်း၊ တတိယဆုရ ကမ္ဘောဒီးယားအသင်း၊ ဒုတိယဆုရ ထိုင်းအသင်းနှင့် ပထမဆုရ မြန်မာအသင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က အမျိုးသားခြင်းလုံးပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရ မလေးရှားအသင်း၊ တတိယဆုရ လာအိုအသင်း၊ ဒုတိယဆုရ ထိုင်းအသင်းနှင့် ပထမဆုရ မြန်မာအသင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

နံနက် ၉ နာရီတွင် မြန်မာခြင်းလုံးပြိုင်ပွဲဖွင့်ပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အာရှပိုက်ကျော်ခြင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက်မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့ရိုးရာခြင်းလုံးကစားသမားများက ပြကွက်ဆန်းများဖြင့် သရုပ်ပြကစားခဲ့ကြသည်။

ပြိုင်ပွဲတွင် မြန်မာအမျိုးသားခြင်းလုံးအသင်းမှ ကစားသမားများဖြစ်ကြသည့် အောင်မြတ်လင်း၊ အောင်စိုးမိုး၊ ကျော်ခိုင်ဦး၊ မျိုးဇော်ဦး၊ မျိုးမြင့်သူ၊ အောင်မျိုးမြင့်၊ အောင်ကိုကိုခိုင်နှင့် ကျော်မိုးထွန်းတို့က အခြေခံ အထိခြောက်ချက်အတွဲခြင်းလုံးကစားနည်းဖြစ်သည့် ခြေခွင်၊ ခြေဖျား၊ ဒူး၊ ခြေဖနောင့်၊ ခြေဖဝါး၊ ခြေဖမျက်တို့ဖြင့် ကြည့်ရှုသူပရိသတ်များ ရင်သပ်ရှုမောဖွယ်ဖြစ်အောင် အလှအပများဖြင့် ခတ်ပြယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်းအမှတ် ၆၃၆ မှတ် ရရှိခဲ့သည်။

အလားတူ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် လာအိုနိုင်ငံတို့မှ အမျိုးသားခြင်းလုံးကစားသမားများကလည်း စိတ်ဝင်စားဖွယ်ခတ်ပြယှဉ်ပြိုင်ကြရာ ထိုင်းအသင်းက ၄၀၇ မှတ်၊ မလေးရှားအသင်းက ၂၄၆ မှတ်၊ စင်ကာပူအသင်းက ၁၅၆ မှတ်နှင့်လာအိုအသင်းက ၃၄၄ မှတ်တို့ အသီးသီးရရှိကြသည်။

ထို့နောက် အမှတ်အများဆုံးရရှိသည့် မြန်မာအမျိုးသားအသင်းနှင့် ဒုတိယအမှတ်အများဆုံးရရှိသည့် ထိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းကအမှတ် ၆၆၀ ဖြင့် ပထမရွှေတံဆိပ်ဆုရရှိပြီး ထိုင်းနိုင်ငံအသင်းက ၄၀၄ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ဆု ရရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းမှ အမျိုးသမီးခြင်းလုံးကစားသမားများဖြစ်ကြသည့် တင်တင်လင်း၊ ဖြူဖြူဝင်း၊ ခိုင်ချောဆု၊ သူဇာအောင်၊ ဆုဆုဝင်း၊ ဝင်းပြည့်ပြည့်သဲသဲ၊ ကေသီထွန်းတို့က အခြေခံအထိခြောက်ချက်အတွဲ ခြင်းလုံးကစားနည်းဖြင့် ယှဉ်ပြိုင်ကစားကြရာ ၅၁၄ မှတ်ရရှိခဲ့သည်။

ထို့အတူ မလေးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားခြင်းလုံးအသင်းတို့မှ အမျိုးသမီးခြင်းလုံးကစားသမားများက ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ မလေးရှားအသင်းက ၁၂၈ မှတ်၊ ထိုင်းအသင်းက ၃၆၃ မှတ်နှင့် ကမ္ဘောဒီးယားအသင်းက ၁၅၇ မှတ်တို့ ရရှိခဲ့ပြီး အမှတ်အများဆုံးရရှိသည့် မြန်မာအမျိုးသမီးအသင်းနှင့် ဒုတိယအမှတ်အများဆုံးရရှိသည့် ထိုင်းအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးအသင်းက ၅၃၄ မှတ်ဖြင့် ပထမရွှေတံဆိပ်ဆုရရှိခဲ့ပြီး ထိုင်းအမျိုးသမီးအသင်းက ၃၇၅ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ဆုရရှိခဲ့ကြသည်။

ခြင်းလုံးပြိုင်ပွဲတွင် စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှ ဒိုင်လူကြီး နှစ်ဦးစီ၊ လာအိုနှင့်ဖိလစ်ပိုင်နိုင်ငံတို့မှ ဒိုင်လူကြီးတစ်ဦးစီနှင့် မြန်မာနိုင်ငံမှ ဒိုင်လူကြီး ၂၃ ဦးတို့က အကဲဖြတ် အမှတ်ပေးကြကြောင်း သိရှိရသည်။

ယနေ့ ကျင်းပသည့် မြန်မာခြင်းလုံးပြိုင်ပွဲတွင် မြန်မာပရိသတ်များက မြန်မာ့ရိုးရာ အိုးစည်၊ ဒိုးပတ်များတီးမှုတ်၍လည်းကောင်း၊ မြန်မာအလံများ ဝှေ့ယမ်း၍လည်းကောင်း မိမိတို့အိမ်ရှင်ဖြစ်သော်လည်း တစ်ဖက်အသင်းများအား ပြိုင်ပွဲဝင်အားကစားစိတ်ဓာတ်များ တိုးပွားစေရန် သက်ဆိုင်ရာ နိုင်ငံအမည်များကို ခေါ်ဆို၍ စနစ်တကျကွင်းလုံးညီစွာ အားပေးခဲ့ကြသည်။

ယခုခြင်းလုံးပြိုင်ပွဲသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှပါဝင်ထည့်သွင်းကစားခဲ့ဖူးခြင်းမရှိဘဲ ယခုအကြိမ်၌ စတင်ထည့်သွင်းယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၅ ရက်တွင် အခြေခံအထိ ခြောက်ချက်အတွဲ မျိုးတူခြင်းလုံးပြိုင်ပွဲကို အဆိုပါအားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ထိုင်း၊ လာအို၊ မလေးရှားနှင့် ကမ္ဘောဒီးယားခြင်းလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲတွင် လာအို၊ မလေးရှားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

...ယ်ရေးကွန်ရက်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖွင့်ပွဲကျင်းပ
...ာလအတွင်း ဖုန်းနှင့်အင်တာနက်ဆက်သွယ်ရေးများ လျင်မြန်စွာသုံးစွဲနိုင်

...ဇင်ဘာ ၄

...ဆက်သွယ်ရေး ...ဖြိုးတိုးတက်စေ ...၏အထောက် ...ခဲ့သည့် "ဆက် ...အလျင်အမြန် ...ကိန်း" "Ur... Communica... ဖွင့်ပွဲအခမ်း ...၁၁ နာရီတွင် ...သီရိမြို့နယ်ရှိ ...tion Center ...ကျင်းပရာ ...ဦးမြတ်ဟိန်း၊ ...မာနိုင်ငံဆိုင်ရာ ...ီး မစ္စတာမီကီ ...င် ဆက်သွယ် ...နှင့်ကြေးနန်းမှ ...အပြည်ပြည် ...ဆောင်ရွက်ရေး ...ဒေသတာဝန်ခံ၊ ...ဆောင်ရွက်ခဲ့ကြ ...တာဝန်ရှိသူများ ...ည်။ (အပေါ်ပုံ) ...းတွင် ရန်ကုန်-

နေပြည်တော်-မန္တလေး (30Gbps) Backbone Network အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် (10Gbps) Metro Network များ တည်ဆောက်ခြင်းလုပ်ငန်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် High Speed Broad Band Access (LTE) စနစ်တပ်ဆင်ခြင်းလုပ်ငန်း၊ Internet Access များ လွယ်ကူလျင်မြန်စေရေးအတွက် စက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် Internet Gateway အဆင့်မြှင့်တင်ခြင်း စသည့် လုပ်ငန်းများပါဝင်ပြီး စီမံကိန်း စုစုပေါင်းတန်ဖိုးမှာ ဂျပန်ယန်းငွေ ၁ ဒသမ ၇၁ ဘီလီယံဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ စီမံကိန်းအား ဆီးဂိမ်းမတိုင်မီပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းကြောင့် ဆီးဂိမ်းကာလအတွင်း တယ်လီဖုန်းနှင့်အင်တာနက် ဆက်သွယ်ရေးများ ပိုမိုလျင်မြန်စွာ သုံးစွဲလာနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍအတွက်လည်း များစွာအထောက်အကူဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၄

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလေ့ရှိရာ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရေးတို့အတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့်ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း ခြောက်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်ဖြင့် A4 စာမျက်နှာ ရှစ်မျက်နှာထက်မနည်း ကိုးမျက်နှာထက်မများ ရေးသားနိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၁၀×၁၂)လက်မအရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုပေါ်လွင်စေရမည်ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ဒီဇင်ဘာ ၁၇ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့် ပညာပေးဌာနခွဲ အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၁)သို့လိပ်မူကာ ပေးပို့ကြရန်နှင့်စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ်လေးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုငွေကျပ်နှစ်သိန်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်လေးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုငွေကျပ်နှစ်သိန်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်လေးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုငွေကျပ်နှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြပေးသွားမည်ဖြစ်ရာ စာမူပေးပို့ရန်သတ်မှတ်ရက်ထက်နောက်ကျ ပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၃၅၃၁၁ တို့သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...နယ် အထက်တန်းကျောင်း(ခွဲ)သဖန်း
...စ်ပတ်လည်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

...ဇင်ဘာ ၄

...အခြေခံပညာ ...း(ခွဲ) သဖန်း ...ည်ချွန်ဆုချီးမြှင့် ...ာင်းနှစ်ပတ်လည် ...ဇင်ဘာ ၂ ရက် ...အဆိုပါကျောင်း ...ရှေးဦးစွာ ...းသူလေးများက ...င်းကို စုပေါင်း ...ားကို ဖွင့်လှစ် ... ကျေးရွာဥက္ကဋ္ဌ

ဦးအောင်ဆန်းက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းမော်က ဂုဏ်ပြုအမှာစကားပြောကြားကာ ကျောင်းသားမိဘ ဦးမြတ်ခိုင်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ဆုရ ကျောင်းသားကျောင်းသူများနှင့် အားကစားထူးချွန်ဆုရကျောင်းသား ကျောင်းသူများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(၀၄၀)**

မြန်မာ့ရုပ်မြင်သံကြား

၅-၁၂-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	SEA Games ဂုဏ်ပြုအစီအစဉ်
၇း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း၊
၈း၃၀	SEA Games ဇာတ်လမ်းတို ရွှေရောင်မျိုးဆက်
၉း၂၀	SEA Ga es ဂုဏ်ပြုအစီအစဉ်
၉း၄၀	SEA Games Go For Gold (ပိုက်ကျော်ခြင်း)
၁၁း၅၀	SEA Games ဂုဏ်ပြုအစီအစဉ်

နေ့လယ်ပိုင်း

၁၃း၄၀	SEA Games ဂုဏ်ပြုအစီအစဉ်
၁၄း၃၀	Road to 27th SEA Games (ပိုက်ကျော်ခြင်း)
၁၄း၄၅	SEA Games ဂုဏ်ပြုအစီအစဉ်
၁၅း၀၀	ခြင်းလုံး(ပထမအုပ်စုနှင့် ဒုတိယအုပ်စု) (အမျိုးသမီး) (ဗိုလ်လုပွဲ)
၁၆း၀၀	Sport News/ခြင်းလုံး (ပထမအုပ်စုနှင့်ဒုတိယအုပ်စု) (အမျိုးသား) (ဗိုလ်လုပွဲ)
၁၇း၀၀	ခြင်းလုံး(ဆုပေးပွဲ)
၁၇း၄၅	SEA Games ဂုဏ်ပြုအစီအစဉ်
၁၉း၁၀	ဝဏ္ဏသိဒ္ဓိအားကစားရုံ A,B,C
၁၉း၂၀	CHINLONE MAGIC CIRCLE ကောင်းခန့်၊ ပလာတာ၊ တိုးမြတ်နိုးဝေ (ဒါရိုက်တာ-ကြည်စိုးထွန်း)
၂၁း၀၀	ပြည်တွင်းသတင်း
၂၁း၃၀	ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၂၂း၀၀	ပွဲပြီးသုံးသပ်ချက်

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ၊ သိမှတ်စရာ ကြိုတင်လေ့လာပါ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းပေါ်ရှိ ကျေးရွာချင်းဆက်တံတား ပြန်လည်တည်ဆောက်

မော်လူး ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပေကုန်းကျေးရွာနှင့် နန့်စီးအောင်ကျေးရွာကို ဆက်သွယ်ဆောက်လုပ်ထားသည့် တံတားသည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းပိုင်းတွင်တည်ရှိပြီး ပေကုန်း-နန့်စီးအောင် တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)မှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ပေကုန်း-နန့်စီးအောင်သို့ ဆက်သွယ်ထားသည့် တံတားသည် အင်းတော်မြို့နယ် ပေကုန်းရွာအနီးတွင် တည်ရှိပြီး ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းပိုင်းတွင် အဓိကကျသော ချောင်းကူးတံတားဖြစ်ပြီးမိုင်တိုင် ၁၆၈/၀ အနီး တံတားဟောင်းကို ကွန်ကရစ်တံတားအဖြစ် ပြန်လည်ဆောက်လုပ်ရာ တံတားခံနိုင်ရည်မှာ တန်ချိန် ၆၀ အထိ ခံနိုင်ရည်ရှိပြီး နှစ်လမ်းသွား ၂၄ ပေ၊ ပလက်ဖောင်းတစ်ဖက်စီပါ နှစ်ပေခွဲ၊ အမြင့် ၁၅ ပေ၊ အရှည်ပေ ၁၈၀ ခန့်ရှိသည်ဟု အထူးအဖွဲ့ (၁၅) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တံတားဆောက်လုပ်ချိန်အတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ယာယီတံတားကို အရှည်ပေ ၁၀၀ တစ်ထပ်ဘေလီတံတားဖြစ်ပြီး တန်ချိန် ၁၃ တန်ခံနိုင်ရည်ရှိ အကျယ် ၁၂ ပေ ယာယီတံတားကို ဒီဇင်ဘာ ၁ ရက်တွင် ဆောက်လုပ်ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ခရီးသွားများ အဆင်ပြေသွားလာနိုင်စေရန်အတွက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မော်လူး

မြန်မာဘောလုံးအကယ်ဒမီ သင်တန်းကျောင်း

မန္တလေး ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တိုက်ရိုက်ကျခံသုံးစွဲခဲ့သော နိုင်ငံခြားသို့သွားရောက်သည့် စရိတ်များ၊ နိုင်ငံခြားနည်းပြဆရာများ၏ စားစရိတ်များနှင့် အားကစားပစ္စည်းပံ့ပိုးမှုများ မပါဝင်ဘဲ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် လေ့ကျင့်နေသော ဘောလုံးသမားတစ်ဦးလျှင် သုံးနှစ်အတွက် ငွေကျပ် ၇၃ သိန်းခန့် အကုန်အကျခံလေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့ကြောင်း၊ ဘောလုံးသမားတစ်ဦးလျှင် ပထမနှစ်တွင် ငွေကျပ် ၂၆ သိန်းခန့်၊ ဒုတိယနှစ်တွင် ငွေကျပ် ၂၆ သိန်းခန့် ကုန်ကျခဲ့ကြောင်း မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းအုပ်ကြီး ဦးစိုးညွန့်က သတင်းအဖွဲ့သို့ ပြောကြားသည်။

လေ့ကျင့်ပေး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ Goal Project II အစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် စတင်၍ မန္တလေးချမ်းမြသာစည်မြို့နယ် သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား ၇၃ လမ်းပေါ်တွင် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)ကို စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Josaph Blatter ကိုယ်တိုင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ တာဝန်ရှိသူတို့နှင့်အတူ ၂၀၁၁ ခုနှစ် မတ်လ ၁၅ ရက်တွင် တရားဝင်တက်ရောက်ဖွင့်လှစ်ခဲ့ကြောင်းနှင့် မြန်မာဘောလုံး အကယ်ဒမီဘောလုံးသင်တန်းကျောင်း စတင်ဖွင့်လှစ်သည့်နှစ်တွင် အသက် ၁၁ နှစ်အောက် ၃၀၊ အသက် ၁၃ နှစ်အောက် ၃၀၊ အသက် ၁၅ နှစ်အောက် ၃၀ စုစုပေါင်း သင်တန်းသား ၉၀ကို မြန်မာနည်းပြဆရာ ၁၀ ဦးနှင့် ဘရာဇီးနည်းပြဆရာတစ်ဦးက လေ့ကျင့်မှုဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ စတုတ္ထပညာသင်နှစ်တွင် သင်တန်းသား ၈၂ ဦးကို လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ပျဉ်းမနားမြို့၌ စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်း အရှေ့ဘက် စက်မှုဇုန်ရှိ ယာဉ်ပြင်အလုပ်ရုံ၌ ပျဉ်းမနားမြို့နယ်ပရဟိတလူငယ်အဖွဲ့များစုစည်းကာ WIST-DOW GROUP မှဦးဆောင်၍ အနာဂတ်အတွက်တွေးကြစို့ ခေါင်းစဉ်အောက်တွင် စာရေးဆရာအော်ပီကြယ်၊ ဆရာလင်းသိုက်ညွန့်(မြန်မာမြေ)တို့က စာဖတ်ခြင်းဆိုင်ရာ ဗဟုသုတအသိပညာများ ဟောပြောပို့ချသည်။

စာပေဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ်အုပ်ချုပ်မှုတာဝန်ခံ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ပျဉ်းမနားမြို့အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်နှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ၊ ပရဟိတအသင်းများမှ လူငယ်များ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ကြပြီး စိုးလျှပ်စစ်ဖောင်ဒေးရှင်း၊ စိုးလျှပ်စစ်နှင့်စက်ကိရိယာ Co.,Ltd. ဥက္ကဋ္ဌ ဦးစိုးတင့်က လိုအပ်သောပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဇော်မျိုးနိုင်

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

မသင်္ကာဖွယ်ပစ္စည်းတွေ့ရှိ

မန္တလေး ဒီဇင်ဘာ ၄

မန္တလေးချမ်းအေးသာစံမြို့နယ် ကဥ္စဏမဟီရပ်ကွက် ၇၇×၇၈ လမ်းကြား၊ ၃၃×၃၄ လမ်းကြားရှိ Diamond Plaza အောက်ဆုံးထပ် ကားပါကင် ကွန်ကရစ်တိုင်အောက်ခြေအနီးတွင် ဒီဇင်ဘာ ၂ ရက် ည ၈ နာရီခန့်က မသင်္ကာဖွယ်ပစ္စည်းတစ်ခုတွေ့ရှိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းယူဆောင်

အဆိုပါကားပါကင်အနီး ကုလားထိုင်တစ်လုံးပေါ်၌ မသင်္ကာဖွယ်ပစ္စည်းတစ်ခုတွေ့ရှိရာသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းနှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ စစ်အင်ဂျင်နီယာတပ်နှင့် မိုင်းရှင်းလင်းရေးအဖွဲ့တို့မှ စစ်ဆေးခဲ့ရာ သံဖြူဘူးခွံ (ကားဒိုင်ခွက်ပုံစံ) ဘေးတွင် **(ယာပုံ)** အမြင့်လေးလက်မ၊ အချင်း ၂ ဒသမ ၅ လက်မခန့်ရှိ ဂဏန်းပါ ဒီဂျစ်တယ်ဓာတ်ခဲနာရီကို အပြာရောင်တိတ်ဖြင့် ပတ်လျက် တွေ့ရှိရသဖြင့် ယမ်းပါခြင်းရှိ မရှိ စစ်ဆေးရန် Save Box အတွင်း သိမ်းဆည်းယူဆောင်သွားကြောင်း သိရသည်။

မန်းကိုယ်ပွား

အမျိုးသားလွှတ်တော်ရုံး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် ပညာအရည်အချင်းကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) **ဒုတိယဦးစီးမှူး (၂၇)နေရာ၊ လစာနှုန်း (၇၉၀၀၀-၁၀၀၀-၈၄၀၀၀)အတွက်**
- (၁) Ph.D ၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်/ ပြင်သစ်/တရုတ်၊ ဂျပန်/ဂျာမန်စသည့်နိုင်ငံခြားဘာသာများ) (၉)နေရာ
- (၂) Ph.D (ဥပဒေ)၊ မဟာဥပဒေဘွဲ့ (၁၈)နေရာ

(ခ) **ဒုတိယဦးစီးမှူး(ကွန်ပျူတာ) (၆၉)နေရာ၊လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀)အတွက်**
- Ph.D (ကွန်ပျူတာ)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့

(ဂ) **ဒုတိယဦးစီးမှူး (ငွေစာရင်း) (၃)နေရာ၊ လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀)အတွက်**
- Ph.D (စီးပွားရေး)၊ မဟာစီးပွားရေးဘွဲ့

(ဃ) **အငယ်တန်းစာရေး (၂၉)နေရာ၊ လစာနှုန်း (၆၇၀၀၀-၁၀၀၀-၇၂၀၀၀)အတွက်**
- (၁) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်/ပြင်သစ်/တရုတ်/ ဂျပန်/ဂျာမန်စသည့်နိုင်ငံခြားဘာသာများ) (၈)နေရာ
- (၂) ကွန်ပျူတာသိပ္ပံဘွဲ့ (၇)နေရာ
- (၃) ဥပဒေဘွဲ့ (၇)နေရာ
- (၄) ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး) (၂)နေရာ
- (၅) ဝိဇ္ဇာဘွဲ့(စာကြည့်တိုက်နှင့်သုတပညာ) (၂)နေရာ
- (၆) စီးပွားရေးဘွဲ့ (၃)နေရာ

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အပိုဒ် ၁(က)၊ (ခ)နှင့် (ဂ)ပါရာထူးများအတွက် ၁၃-၁၂-၂၀၁၃ရက်တွင် အသက် (၂၈)နှစ်ထက် မကျော်စေရ၊ ဝန်ထမ်းဖြစ်ပါက (၃၂)နှစ်အထိခွင့်ပြုသည်။
(ဂ) အပိုဒ် ၁(ဃ) ပါရာထူးအတွက် ၁၃-၁၂-၂၀၁၃ရက်တွင် အသက် (၂၅)နှစ်ထက်မကျော်စေရ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၀)အထိခွင့်ပြုသည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(င) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင်-
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်၎င်း၏အလုပ်အကိုင်
(စ) အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်၎င်း၏အလုပ်အကိုင်
(ဆ) ဝန်ထမ်းဖြစ်လျှင်အလုပ်အကိုင်ဌာန
(ဇ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
(ဈ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(ည) အမြဲတမ်းနေရပ်လိပ်စာတို့ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ-
(က) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံ (နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(င) ဝန်ထမ်းမဟုတ်သူများအတွက် ခြောက်လအတွင်းရရှိထားသောအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း
(စ) ဒုတိယဦးစီးမှူးရာထူးအတွက် အနည်းဆုံး (၅)နှစ်၊ အငယ်တန်းစာရေးရာထူးအတွက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာတို့ ပူးတွဲပါရှိရပါမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀)နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍လည်းကောင်း၊ ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာတွင် မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားလွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်သို့ ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲတွင် အောက်ပါဘာသာရပ်များကို ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)တွင် နေပြည်တော်၌ ဖြေဆိုရမည်ဖြစ်ပြီး အချိန်နှင့်နေရာကို ဆက်လက်ကြေညာပေးမည်ဖြစ်သည်-
(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) အထွေထွေဗဟုသုတ

၈။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးသွားမည်ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက အမျိုးသားလွှတ်တော်ရုံး၊ ဖုန်း-၀၆၇-၅၉၁၂၄၀၊ ၅၉၁၂၃၇၊ ၅၉၁၂၃၈ နှင့် ၅၉၁၄၀၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၇၉နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၈

ဦးခိုင်ဝင်း နှင့် ၁။ ဒေါ်ခင်နီလာဇော်
၂။ ဦးဝင်းထွန်းဇော်
၃။ ဒေါ်ခင်ဝင့်ဝါဇော်

ဒီကရီအနိုင်ရသူ တရားရှုံးများ

(၁)ဒေါ်ခင်နီလာဇော်၊ (၂)ဦးဝင်းထွန်းဇော်၊ (၃)ဒေါ်ခင်ဝင့်ဝါဇော် အမှတ်၃(ခ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၇၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးခိုင်ဝင်းကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်(၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းဝင်း)
တ/၁၇၀၂
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုး လျော့နည်းသည့်အတွက် အရည်အသွေးမြှင့်တင်ရေး လိုအပ်နေ

ပြည်ပတင်ပို့မည့် ဆန်အိတ်များ သင်္ဘောပေါ်တင်ရန် ဆိပ်ကမ်း၌ အလုပ်သမားများ လုပ်ကိုင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၄

ဆောင်းသီးနှံ စိုက်ပျိုးမှုများ စတင်ချိန် ရာသီဥတုကောင်းမွန်မည်ဟု တောင်သူအများစု ခန့်မှန်းထားကြပြီး လာမည့် ဆောင်းသီးနှံများ ထွက်ရှိပါက ပြည်ပတင်ပို့မှုမြင့်တက်လာနိုင်ဖွယ်ရှိနေသည်။ လက်ရှိ လယ်ယာထွက်ကုန်တင်ပို့မှုမှာမူ ယမန်နှစ်ကထက် လျော့နည်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး အတိုင်းအတာအားဖြင့် လယ်ယာထွက်ကုန်မှ တိုင်းပြည်ဝင်ငွေ လျော့ကျခဲ့ပြီး တောင်သူအများစုလည်း ဝင်ငွေလျော့နည်းခဲ့သည်။

လာမည့်နှစ်အတွက် လယ်မြေအရည်အသွေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှုနှင့် ရေလုံလောက်စွာရရှိမှု၊ လယ်ယာလုပ်သားရှားပါးမှုများအပြင် ရာသီဥတု အနေအထားကိုလည်း တောင်သူများနှင့် ကုန်သည်များ ကြိုတင်တွက်ချက် အဖြေရှာပြင်ဆင်ထားကြရန် လိုအပ်နေပြီဖြစ်ကြောင်း စားဖိုဆောင်သီးနှံ တင်ပို့ရောင်းချသူ လုပ်ငန်းရှင်များက သုံးသပ်ပြသည်။

"မြန်မာနိုင်ငံက အဓိက လယ်ယာထွက်ကုန်အနေနဲ့ ဆန်နဲ့ ပဲအမျိုးမျိုးဖြစ်ပါတယ်။ မနှစ်က ဆန်ဈေးကလည်း မြင့်တယ်။ အရည်အသွေးကလည်း အဆင့်မီခဲ့တဲ့အတွက် ပြည်ပကို အများကြီးတင်ပို့ဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာ အိမ်နီးချင်းနိုင်ငံအချို့နဲ့လည်း ဆန်အရည်အသွေး ကျဆင်းတယ်ဆိုပြီး ဈေးနှိမ်တာခံရတယ်။ ပဲဆိုရင်လည်း ပြည်ပဈေးကွက်မှာ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်ကို ခွဲဝေပေးနေရတယ်။ အရည်အသွေးအားဖြင့် နိမ့်တယ်လို့ သတ်မှတ်ခံရတာတွေ ရှိပါတယ်။ အဲဒီအတွက် လာမယ့်နှစ်တွေမှာ အရည်အသွေးမြင့် သီးနှံတွေ ထွက်ရှိဖို့အတွက် ကြိုတင်ပြင်ဆင်ဖို့ လိုအပ်နေပါပြီ"ဟု သီးနှံများ ပြည်ပတင်ပို့ရောင်းချသူ Ngwe Thein and brothers Trading မှ ဦးငွေသိန်းက ပြောကြားသည်။ ယခု ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာထွက်ကုန်မှ ပြည်ပသို့တင်ပို့သည့် ပမာဏမှာ တန်ချိန် နှစ်သန်းကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၈၈ ဒသမ ၂၆၇ သန်းရှိပြီး ယမန်နှစ်ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာထွက်ကုန်တင်ပို့မှုမှာ တန်ချိန် နှစ်သန်းကျော်ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၁၄ သန်းအထိ ရရှိခဲ့ခြင်းကြောင့် ဝင်ငွေရရှိမှုမှာ ယမန်နှစ်က ပိုမိုများပြားခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအရ သိရသည်။

ပြည်ပသို့လယ်ယာထွက်ကုန်များ တင်ပို့ရာတွင် ငွေကြေးဈေးနှုန်းမတည်ငြိမ်မှုနှင့် ကုန်စည်အရည်အသွေး ခိုင်မာမှုမရှိခြင်းအပြင် ဈေးကွက်အတွင်းသို့ ပြည်ပမှ အဝယ်တော်များ တိုက်ရိုက်ဆင်းကာ ဈေးနှိမ်ခြင်းများ ရှိခဲ့ကြောင်း၊ သီးနှံထွက်ရှိချိန်မှာ ရာသီဥတုအခြေအနေနှင့် တောင်သူများ၏ လိုအပ်ချက်များကြောင့် သီးနှံအထွက်နောက်ကျခဲ့ခြင်းသည်လည်း သတိထားရမည့်အချက် ဖြစ်ကြောင်း ပုလဲသွယ်မျိုးစပါး ဧက ၅၀ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးခဲ့သူ နေပြည်တော် လယ်ဝေးမှ တောင်သူ ဦးကျော်ကျော်မြင့်က ပြောပြသည်။

မြန်မာနိုင်ငံမှတစ်ဆင့် ပြည်ပသို့ လယ်ယာထွက်သီးနှံများ တင်ပို့ရာတွင် ဆန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံနှင့် နှစ်ရှည်သီးနှံတို့ ပါဝင်ပြီး ၎င်းတို့အနက် ဆန်နှင့် ပဲအမျိုးမျိုးကို အဓိကအားထားတင်ပို့နေရသည်။ ယခုနှစ်အတွင်း သစ်သီးဝလံနှင့် ဆီထွက်သီးနှံတင်ပို့မှုနှုန်းမှာ ယမန်နှစ်ကထက် လျော့ကျခဲ့ခြင်းကြောင့် နိုင်ငံတော်က ယခုနှစ်အတွက် တောင်သူများကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခြင်း၊ ဆန်နှင့် အခြားသီးနှံများအတွက် ကောင်းမွန်သည့်မျိုးများ အသုံးချစိုက်ပျိုးရန် မျိုးပင်များ ရောင်းချပေးခြင်း၊ ခွဲဝေပေးခြင်း၊ နည်းပညာမြင့် စိုက်ပျိုးနည်းစနစ်များကို လေ့ကျင့်အကောင်အထည်ဖော် ပေးခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

"၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အခုရှစ်လကျော်ပြီ။ တင်ပို့မှုပမာဏကတော့ အများကြီး ကွာခြားချက် မရှိပါဘူး။ သို့သော် တန်ဖိုးအားဖြင့်တော့ မနှစ်ကတင်ပို့မှုထက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် လျော့နည်းနေပါတယ်။ အခုထွက်ရှိမယ့် ဆောင်းသီးနှံအခြေအနေအရ သီးနှံဖြစ်ထွန်းမှု အောင်မြင်နိုင်ပေမယ့် အရည်အသွေးအားနည်းချက် မရှိမှသာ ပြည်ပတင်ပို့မှု ပြန်လည်မြင့်တက်လာမှာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အာဆီယံနိုင်ငံတွေ အချင်းချင်းရော၊ အီးယူလိုနိုင်ငံတွေနဲ့တောင် ကုန်စည် ကူးသန်းရောင်းဝယ်ဖို့ အခြေအနေကောင်းမွန်လာတဲ့အတွက် နိုင်ငံတကာမှာ တင်ပို့ရောင်းချနိုင်တဲ့ အရည်အသွေးပြည့်မီတဲ့ လယ်ယာထွက်ကုန်တွေ ဖြစ်လာရင် ဈေးကွက်မှာ နေရာပြန်လည်ရရှိလာမယ်လို့ ခန့်မှန်းပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ် စိုက်ပျိုးသူများအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးထွန်းက ပြောသည်။

ခင်ရတနာ

နွေစပါးခင်းများ ညာတောင်ပိုးကျ၍ တောင်သူများစိုးရိမ်နေ

တနင်္သာရီ ဒီဇင်ဘာ ၄

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု ကျွဲထိန်းကွင်းရွာနေ တောင်သူ ၃၁ ဦးသည် ၎င်းတို့၏ ကွင်းအမှတ် (၅၁၄)တွင် စိုက်ပျိုးထားရှိပြီးဖြစ်သော နွေစပါးစိုက်ခင်း ၁၃၈ ဧကတွင် ညာတောင်ပိုးမွှားများ ကျရောက်ဖျက်ဆီးကိုက်စားမှု အန္တရာယ်ကြောင့် စိုက်ခင်းများ ပျက်စီးဆုံးရှုံးနေရသဖြင့် သက်ဆိုင်ရာ ကျွဲထိန်းကွင်းရွာ ရာအိမ်မှူး ဦးနောင်မဲနှင့် ဒေသခံတောင်သူများသည် ဒီဇင်ဘာ ၁ ရက်တွင် စိုက်ခင်းများအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုးမွှားများအား တောင်သူတစ်ဦးက နိုဝင်ဘာ ၂၈ ရက်က စတင်တွေ့ရှိရသဖြင့် ၎င်းညာတောင်ပိုးပုံများကို ဓာတ်ပုံများရိုက်ကူးခဲ့ပြီး ထိုဖြစ်စဉ်နှင့်ပတ်သက်၍ တောင်သူများ၏ စိုက်ခင်းများ ပြန်လည်ရှင်သန်ကောင်းမွန်စေရေး၊ ပိုးမွှားများ အန္တရာယ်လျော့ပါးနိုင်စေရေးအတွက် သက်ဆိုင်ရာဌာနများမှ လမ်းညွှန်ကူညီမှုကွင်းဆင်း ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။



ထို့အတူ ယခုကဲ့သို့သာ စပါးစိုက်ခင်းများကို ညာတောင်ပိုးမွှားများ ဖျက်ဆီးခံရပါက လာမည့် ၂၀၁၄ ခုနှစ်တွင် ဝမ်းစာဖူလုံမှု အခက်အခဲတွေ့ရှိနိုင်သဖြင့် ကျွဲထိန်းကွင်းရွာမှ တောင်သူများက စိုးရိမ်ပူပန်လျက် ရှိကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) 63/4" Wing Bit -13No
(ခ) 63/4" Tri-Con Bit -14No
(ဂ) 85/8" Wing Bit -10No
(ဃ) 85/8" Tri-Con Bit -12No

၂။ တင်ဒါပုံစံများကို ၅-၁၂-၂၀၁၃ရက်မှ စတင်ရောင်းချပြီး ၁၈-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော်ရှိ ရုံးအမှတ်(၁၄)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၀၂၉နှင့်၀၆၇-၄၀၉၂၁၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

[illegible]

ဖခင်အမည်မှန်
နေပြည်တော်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက် ၄၃၁၂/၃၁နေ မောင်ဝေယံပိုင် ၉/ဇဗသ(နိုင်)၀၀၁၉၁၇၏ ဖခင်အမည်မှန်မှာ ဦးတင်ဝေ ၁၂/တမန (နိုင်) ၀၈၆၉၉၃ ဖြစ်ပါကြောင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်တော် ကျွန်မတို့၏သား မောင်ခင်ဇော်သန်း(ခ)ဇော်ဇော် ၁၂/ဥကတ (နိုင်) ၁၇၃၈၂၇သည် မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးထွန်းထွန်း-ဒေါ်နွဲ့နွဲ့(ခ)မနွဲ့နွဲ့

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
တက္ကသိုလ်အဆောင်များ ကြီးကြပ်ရေးကော်မတီ
ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်ကျောင်းဆောင်များတွင် နေထိုင်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ကျွေးမွေးရေး တာဝန်ယူနိုင်မည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ တက္ကသိုလ်အသီးသီးတွင် ကျောင်းသား ကျောင်းသူများအား အဆောင်နေထိုင်ခွင့်ရရှိရန် စီစဉ်လျက်ရှိပါသည်။ရန်ကုန်မြို့တွင်းရှိ အောက်ဖော်ပြပါတက္ကသိုလ်များ၏ ကျောင်းဆောင်များတွင်နေထိုင်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ကျွေးမွေးရေးကို တာဝန်ယူနိုင်မည့် လုပ်ငန်းရှင်များအား သင့်တော်သောဈေးနှုန်းဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ရန်ကုန်တက္ကသိုလ်(ကမာရွတ်နယ်မြေ) (၈)ဆောင်
(ခ) ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) (၆)ဆောင်
(ဂ) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂)ဆောင်
(ဃ) ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) (၂)ဆောင်

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းများကို အမှတ် ၄၇ (က)၊ အင်းလျား လမ်းရှိ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်းတွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။
၃။ တင်ဒါပိတ်ရက်မှာ ၁၁-၁၂-၂၀၁၃ ရက်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ စုံစမ်းခြင်းကို ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်ရုံး ဖုန်းနံပါတ် ၀၁-၅၂၅၁၃၈၊ ၀၉-၇၃၀၅၃၀၆၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တက္ကသိုလ်အဆောင်များကြီးကြပ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း
ကျွန်မ မဇာဇာလင်း ၁၄/မအဖ(နိုင်) ၁၇၇၉၇၁၏ (အကောက်ခွန်ဦးစီးဌာန သွင်းကုန်ကြေညာလွှာ)မူရင်း ID No. 718118/16-5-13တစ်စောင်နှင့် သွင်းကုန်ပါမစ်အမှတ် ISP IDV 8 13-14 3006 (25-4-13) မူရင်း တစ်စောင်တို့သည် တောင်ဥက္ကလာပမြို့နယ်တွင် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၅၁၀၅၅၄၂

ဆိုင်ခန်းရောင်းမည်
နေပြည်တော်မြို့မဈေး၊ အနောက်မြောက်ထောင့်၊ ဝပ်ရှော့ခ်တန်း(၁)(ယ-၅)၊ (ရ-က) အောင်မြင်နှင့်ညီများ ကား အထွေထွေပြုပြင်ရေး။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၈၀၂၃၉၁၃

ကွာရှင်းပြတ်စဲပြီးစီးကြောင်း
ကျွန်တော် ရန်မျိုးအောင် ၁၄/သပန (နိုင်)၀၇၃၃၄၂ နှင့် မလွင်လွင်နိုင် ၁၄/သပန(နိုင်)၀၀၀၂၂၅ တို့သည် လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။
ရန်မျိုးအောင်
၁၄/သပန(နိုင်)၀၇၃၃၄၂

သွေးသည် အသက်

ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှုနိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက်တွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်၍ တက်ရောက်အားပေးကြည့်ရှုနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးတွင် အဘက်ဘက်မှ ပါဝင်လှူဒါန်းခဲ့သော အလှူရှင်များကို ဖိတ်ကြားအပ်ပါသည်။ တက်ရောက်အားပေးကြည့်ရှုမည့် အလှူရှင်များသည် အောက်ပါအချက်အလက်များနှင့်အတူ ၆-၁၂-၂၀၁၃ ရက် နောက်ဆုံးထားပြီး ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပရေးကော်မတီ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၅၄၊ ၀၆၇-၄၀၈၁၆၄၊ ၀၃၂-၃၀၁၂၇၊ Fax ၀၃၂-၃၀၁၆၇၊ ဦးအောင်ဆန်းဦး (ပါမောက္ခ) ဖုန်း-၀၉-၈၃၀၃၁၉၁၊ aungsanoomoc@gmail.com သို့ ပေးပို့ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) အမည်
(ခ) မှတ်ပုံတင်အမှတ်
(ဂ) နေရပ်လိပ်စာ
(ဃ) ၁၁/၂"×၂" အရွယ်အစား Passport ဓာတ်ပုံ Soft Copy
(င) ကုမ္ပဏီ(သို့မဟုတ်) လုပ်ငန်းအမည်

ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ
ယဉ်ကျေးမှုဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးမှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ကတ္တရာများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်(တန်)	ပေးသွင်းရမည့်နေရာ
၁။	ကတ္တရာ (၈၀/၁၀၀)	၃၈.၈၉၀	စစ်တွေမြို့
၂။	ကတ္တရာ (၈၀/၁၀၀)	၉၂.၇၆၀	ဘူးသီးတောင်မြို့
၃။	ကတ္တရာ (၈၀/၁၀၀)	၆၄.၁၀၀	ကျောက်ဖြူမြို့
၄။	ကတ္တရာ (၈၀/၁၀၀)	၄၃.၁၂၅	သံတွဲမြို့
၅။	ကတ္တရာ (၈၀/၁၀၀)	၁၉၉.၂၀၀	တောင်ကုတ်မြို့
၆။	ကတ္တရာ (၈၀/၁၀၀)	၁၈၅.၀၀၀	အမ်းမြို့ပြင်
၇။	ကတ္တရာ (၈၀/၁၀၀)	၁၇၅.၉၆၀	အမ်းမြို့တွင်း
	စုစုပေါင်း	၇၉၉.၀၃၅(တန်)	

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၃-၁၂-၂၀၁၃ ရက်မှ ၁၄-၁၂-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၁၆-၁၂-၂၀၁၃ ရက် နံနက် ၉ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၈၁၉၊ ၀၄၃-၂၂၁၅၃

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၄-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်း

မြက်တံမြက်စည်းများ ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချ

ဖျာပုံ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဂျိုဝါကျောက်ရဲကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး စံပြကျေးရွာဖြစ်သည်။ လယ်မြေများတွင် စံပြစပါးစိုက်ကွင်းများအပြင် ဆောင်းရာသီတွင် ခြံမြေများ၌ ဂန္ဓမာပန်းစိုက်၍ ဖျာပုံမြို့နှင့် ရန်ကုန်မြို့သို့တင်ပို့ရောင်းချပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းတွင်လည်း ဖျာပုံမြို့နယ်အတွင်း စံပြမွေးမြူရေးကျေးရွာဖြစ်သည်။ ယခုအခါ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် မြက်တံမြက်စည်းလုပ်ငန်းဖြင့် **(ယာပုံ)** ကျေးရွာသူ ကျေးရွာသားများ နေ့စဉ်ဝင်ငွေရရှိသည့်လုပ်ငန်းကို ကျေးရွာလုပ်ငန်းရှင် ဦးသုတက တော်ဝင်စိန်နဂါးအမည်ဖြင့် ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချနေပြီဖြစ်သည်။

ဂျိုဝါကျောက်ရဲကျေးရွာ လုပ်ငန်းရှင်ဦးသုတက "ကျွန်တော်တို့ရွာမှာ အောက်တိုဘာ၊ နိုဝင်ဘာလကစပြီး အရှေ့ရိုးမနဲ့ ပဲခူးရိုးမတွေမှာ အလေ့ကျပေါက်တဲ့ ကိုင်းမြက်ခေါ် တံမြက်စည်းမြက်ပင်တွေကို လူငှားပြီး သွားရောက်ခုတ်ယူရပါတယ်။ ခုတ်ယူရတဲ့ မြက်ပင်တွေကို အဆင့်ဆင့်ကားတွေနဲ့ ဖျာပုံကိုသယ်လာပြီး ရွာကိုရောက်တဲ့အခါ ရွာမှာရှိတဲ့လုပ်သားတွေနဲ့ အဆင့်ခြောက်ဆင့်ပြုလုပ်တဲ့ နည်းပညာနဲ့ တံမြက်စည်းဖြစ်အောင် ပြုလုပ်ရပါတယ်။ လုပ်သားတစ်ဦးဟာ ပထမတစ်ဆင့်ပြီးရင် နှစ်ကျပ်နှုန်း ဒုတိယအဆင့် လေးကျပ်နှုန်း နောက်အဆင့်တွေမှာ ငါးကျပ်နှုန်း အမြင့်ဆုံးနဲ့ တစ်နေ့တာ အလုပ်ချိန်ပြီးရင် အဆင့်အရေအတွက်အလိုက်

အလုပ်သမားတစ်ဦး နေ့တွက်ခငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၄၀၀၀ အထိရကြပါတယ်။ ယခု အလုပ်သမားတွေကိုလည်း ကိုရီးယားလုပ်ငန်းရှင်က သင်တန်းပေးထားပြီး ရရှိလာတဲ့ တံမြက်စည်းတွေကို ကိုရီးယားနိုင်ငံကို တိုက်ရိုက်တင်ပို့တာဆိုတော့ ကိုရီးယားနိုင်ငံသား ဝယ်လက်သူဌေး စိတ်ကြိုက် သေသပ်လှပတဲ့ ပုံစံဒီဇိုင်းနဲ့လုပ်ပေးရတော့ လုပ်ငန်းအဆင့်ကများပါတယ်ဗျာ။ မြန်မာလူမျိုးတွေနဲ့ လက်မှုပညာက နိုင်ငံခြားကိုရောက်ပြီး စီးပွားဖြစ်လုပ်ငန်းလုပ်ကိုင်နေရတာ ကျွန်တော်တို့ရွာသူရွာသားတွေ ဂုဏ်ယူစရာဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုပါ"ဟု ပြောပြသည်။

အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ ဂျိုဝါကြံခင်း၊ ဂျိုဝါထလွန်ကျေးရွာများနှင့်လည်း ကျေးရွာချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းများ ဖောက်လုပ်ထားနိုင်ပြီး ဖျာပုံမြို့နှင့်အနီးဆုံး အဝေးပြေးကားလမ်းမကြီးနှင့် ကတ္တရာလမ်းခင်း ဆက်သွယ်ထားသည့် ကံ့ကူတာကျေးရွာနှင့် ဂျိုဝါကျောက်ရဲကျေးရွာသည် ရွာချင်းဆက်မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် စတင်ဖောက်လုပ် လျှုဒါန်းနေကြပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေသည့်အတွက် နိုင်ငံခြားပို့ကုန်၊ အိမ်တွင်းလက်မှုထုတ်ကုန် မြက်တံမြက်စည်းလုပ်ငန်းဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ကျေးရွာရှိပြည်သူများမိသားစုစီးပွားရေး တစ်နိုင်တစ်ပိုင် အဆင်ပြေလုပ်ကိုင်လျက် ရှိကြောင်း သိရသည်။

ချမ်းသာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၃၀၀၀-၆၁၅၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၂၇၀၀-၆၁၄၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၉-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၃-၃၀.၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၈	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၃-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၂၀၀-၄၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၃၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၁၄၃၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၂၀၀၀-၂၅၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၉၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၅၀-၆၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၅၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၆၀၀-၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ဥပဒေများနှင့် စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်နိုင်စွမ်းအကြောင်း ဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စီမံခန့်ခွဲမှုစနစ် တည်ထောင်ရေးစီမံကိန်းကို ရေးဆွဲလျက်ရှိသည်နှင့်အညီ မကြာမီပြဋ္ဌာန်းတော့မည့် မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်း၍ Industrial Development and Public Policy Department Japan International Cooperation Agency (JICA) မှ Speaker များနှင့် ဦးသန်းမောင် (စစ်တွေ)၊ ဦးသိန်းအောင်တို့က "အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများနှင့် စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်နိုင်စွမ်း" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲကို အမှတ် ၂၉ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မြိုင်မြို့နယ်ထွက် မြေပဲအထွက်နှုန်းနိမ့်ကျ

ပခုက္ကူ ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း မြေပဲစိုက်ခင်းများအတွင်း တန်ခူးလမှစတင်၍ ခြောက်လမျိုးမြေပဲများ စိုက်ပျိုးခဲ့ရာ ယခုအခါတွင် ရိတ်သိမ်းနေကြပြီ ဖြစ်သည်။ မြေပဲတစ်တင်း (ခုနစ်ပိဿာခွဲ)လျှင် ငွေကျပ် ၆၅၀၀ အထိ ရရှိနေသော်လည်း မြေပဲအထွက်နှုန်းမှာ ယခင်နှစ်များကထက် လျော့နည်းလျက်ရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တိုးချဲ့၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် ၂၃၁၊ အကျယ်အဝန်း (၆၂×၇၅)ပေရှိ နှစ်၆၀ မြေငှားဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဦးကျော်ဇင်မင်း ၁၂/လသန(နိုင်)၀၀၈၉၂၃ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ

ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L (စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ

အာရှမြေအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂-အိုင်၊ မြေကွက်အမှတ် ၄၄၉ B၅/၄၃၈ ၁B၊ ဧရိယာ ၀ဒသမ၁၀၁ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ် ၁၊ အမှတ် ၁၂ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးအောင် ချမ်း ၁၂/ဗဟန(နိုင်)၀၀၇၄၈၃ နှင့် ဒေါ်တိုး (ခ)ဒေါ်ခင်ညွန့်ရီ ၁၂/ဗဟန(နိုင်)၀၀၈၅၄၉ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

အမည်ပြောင်း

ဦးကျော်ခိုင်စိုး၏သမီး အထက သုဝဏ္ဏသဃ်န်းကျွန်း၊ စတုတ္ထတန်း(A)မှ မကျော်သံသာအား မသန္တာသံသာ ဟုလည်းကောင်း၊ ပထမတန်း(A)မှ မောင်ကျော်ဥက္ကာအား မောင်ကောင်းခန့်ဇော်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာကောလိပ်(ရွှေဘို)တွင် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဘွဲ့နှင်းသဘင်ထိုင်ခုံ ၁၃ လုံး
၂။ ကွန်ပျူတာတင်ခုံ ၂၀ လုံး

အိတ်ဖွင့်တင်ဒါများအား ၅-၁၂-၂၀၁၃ရက်မှ ၁၂-၁၂-၂၀၁၃ရက်အထိ လာရောက်တင်သွင်းနိုင်ပါသည်။

အစိုးရနည်းပညာကောလိပ်(ရွှေဘို)
ဖုန်း-၀၉-၆၄၆၀၆၀၀၊ ၀၉-၂၅၆၀၅၉၈၅၂


ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်

ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇနက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပူဇော်ပွဲ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇပူဇော်ပွဲကြီးကို (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၆ရက်) ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့်၁၂နာရီအထိ နေနတ်သားစာသင်တိုက်၌ကျင်းပသွားမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့
နေနတ်သားစာသင်တိုက်

ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းထွန်းကျော် ၁၂/လသန(နိုင်)၀၀၂၁၅၀၏ အမှတ်မမှတ်မိ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၁၈၈၇**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-အီး၁)၊ မြေကွက်အမှတ် 62 ဂျီ /1-2 ဘီ ၊ ဧရိယာ ၀ဒသမ၀၃၆ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၃၅-အီး၁)၊ မြေကွက်အမှတ် 62 ဂျီ /2 အေ ၊ ဧရိယာ ၀ဒသမ၀၇၀ဧကရှိ မြေပိုင်မြေမြေကွက် ယင်းမြေကွက်နှစ်ကွက် စုစုပေါင်းဧရိယာ ၀ဒသမ၁၀၆ဧကရှိ မြေပိုင်မြေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၇၀၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်နီနီဦး ၁၂/ဥကတ(နိုင်)၁၄၈၄၅၉ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B အထက်တန်းရှေ့နေ(စဉ်-၂၃၂၉၉)

ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,D.M.L အထက်တန်းရှေ့နေ(စဉ်-၂၉၇၄၆)

အာရှမြေ အိမ်၊ခြံ၊မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ်၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

မြန်မာ့တိုင်းရင်းဆေးပညာတိုးတက်မြင့်မားရေး အားလုံးဝိုင်းဝန်းကြိုးပမ်းပေး

နေပြည်တော် ဒီဇင်ဘာ ၄

(၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်သဖြင့် ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီအနေနှင့်လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံသည် နိုင်ငံတော်အဆင့်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ တိုင်းရင်းဆေးပညာရှင်များ တစ်နှစ်တွင် တစ်ကြိမ်ဆုံစည်းကာ အချင်းချင်းဆွေးနွေးတိုင်ပင်ခွင့်များ ရရှိကြသဖြင့် အနှစ်သာရအားဖြင့် မြန်မာ့ဆေးဆရာများ ချစ်ခင်ရင်းနှီးညီညွတ်ကြရန်၊ အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်နိုင်ကြရန်စသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ဒီဇင်ဘာ ၃ ရက်တွင် အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသော(၁၄)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးတွင် ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ဖွံ့ဖြိုးရေးနှင့် တိုင်းတစ်ပါး၏ ဆေးကုသနည်းများ လွှမ်းမိုးလာခြင်းမှ ကာကွယ်၍ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားနေသည့်စနစ်ကို ပြန်လည်ဆန်းစစ်သုံးသပ်ရေးဆိုသည့် ဦးတည်ရည်ရွယ်ချက်များနှင့်အညီ ကျင်းပရခြင်းဖြစ်ကြောင်း၊ "မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားရေး၊ အားလုံးဝိုင်းဝန်းကြိုးပမ်းပေး" ဆိုသည့် မြန်မာ့တိုင်းရင်းဆေးနှီးနှောဖလှယ်ပွဲ ဆောင်ပုဒ်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းလိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲဆိုင်ရာ ကိစ္စများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ငူ ဒီဇင်ဘာ ၄

တောင်ငူတပ်နယ်မှူးရုံး ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ရင်းခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ ရှေးဦးစွာ တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးသောင်းမြင့်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စစ်ဆေးရေးမှူး (၂) ဦးစောမင်းဆွေနှင့် အကြီးတန်းစာရေး ဒေါ်သီတာကြွေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို ပရိုဂျက်တာဖြင့် ပညာပေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အသိပေးကြေညာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁	နေပြည်တော်	တပ်ကုန်း
၂	ရန်ကုန်တိုင်းဒေသကြီး	လှည်းကူး၊ သုံးခွ
၃	မန္တလေးတိုင်းဒေသကြီး	မတ္တရာ၊ သာစည်၊ ညောင်ဦး၊ တံတားဦး
၄	ရှမ်းပြည်နယ်	ပင်းတယ၊ မိုင်းရှူး၊ ကွတ်ခိုင်၊ သီပေါ၊ မိုင်းဖြတ်၊ မိုင်းယောင်း
၅	ကချင်ပြည်နယ်	ပူတာအို၊ ဝိုင်းမော်၊ ရွှေကူ၊ ဟိုပင်
၆	ကရင်ပြည်နယ်	လှိုင်းဘွဲ
၇	စစ်ကိုင်းတိုင်းဒေသကြီး	အရာတော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ရေဦး၊ တန့်ဆည်၊ တမူး
၈	ပဲခူးတိုင်းဒေသကြီး	ညောင်လေးပင်၊ ပန်းတောင်း၊ ကြို့ပင်ကောက်
၉	မကွေးတိုင်းဒေသကြီး	ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ မင်းတပ်၊ စေတုတ္တရာ၊ အောင်လံ
၁၀	မွန်ပြည်နယ်	ချောင်းဆုံ၊ ပေါင်
၁၁	ရခိုင်ပြည်နယ်	ဘူးသီးတောင်၊ မောင်တော
၁၂	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ မော်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ မြန်အောင်၊ ကြံခင်း

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

နိုင်ငံတကာအားကစားသတင်း

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

ပြင်သစ်လီဂူးပွဲစဉ်-၁၆ ဒီဇင်ဘာ ၆

လိုင်ယွန် - တူးလော့စ် နံနက် ၂း၃၀

အီတလီကိုပါအီတာလီယာ ဒီဇင်ဘာ ၆

ဆမ်ဒိုးရီးယား - ဗီရိုနာ နံနက် ၂း၃၀

ဒီဇင်ဘာ ၄ ဘောလုံးပွဲရလဒ်များ

ပဲလေ့စ်	၁-၀	ဝက်စ်ဟမ်း
လိုင်လီ	၁-၀	မာဆေး
နန့်တက်စ်	၂-၁	ဗလင်စီနက်
နိုက်စ်	၀-၃	မိုနာကို
ရှက်ဖီးဝမ်းနက်စ်ဒေး	၂-၁	လက်စတာ
ဘရိုက်တန်	၁-၂	ဘန်စလေ
အစ်ဆွစ်	၃-၁	ဘလက်ဘန်း
ဘာမင်ဂမ်	၁-၁	ဒွန်ကတ်စတာ
ကျူပီအာ	၃-၀	ဘုန်းမောက်
မီဝေါ	၂-၂	နော့တင်ဟမ်
ယီအိုဗွီး	၁-၀	ဘလက်ပူးလ်
ဘန်လေ	၀-၀	ဝက်ဖို့ဒ်
ဘော်လ်တန်	၀-၁	ဟက်ဒါဖီးလ်
ရီးဒင်း	၁-၀	ချာလ်တန်

လိုင်ယွန် Vs တူးလော့စ်

ပွဲစဉ်-၁၅အပြီး လိုင်ယွန်သည် ရမှတ် ၁၉ မှတ်နဲ့ အဆင့် ၁၀ မှာ ရှိနေပြီး တူးလော့စ်က ရမှတ် ၁၉ မှတ်နဲ့ ဂိုးကွာခြားမှုကြောင့် အဆင့် ၁၂ မှာ ရှိနေပါတယ်။ သူတို့နှစ်သင်းတွေ့ဆုံမှုဟာ လိုင်ယွန်အိမ်ကွင်းငါးပွဲမှာ အိမ်ရှင်အသင်း ငါးပွဲစလုံးအနိုင်ရထားပါတယ်။ လိုင်ယွန်အသင်းဟာ ဒီရာသီမှာ ခြေစွမ်းကျဆင်းနေပြီး ထိပ်ဆုံးပီအက်စ်ဂျီအသင်းနဲ့ ၁၈ မှတ်ကွာခြားနေပါတယ်။ ဒီရာသီမှာ လက်ရှိပွဲစဉ်အချိန်ကစပြီး ရှန်းကန်နိုင်မှသာ ရာသီအကုန်မှာ ယူရိုပါလိဂ်အဆင့်လောက်ကို မျှော်မှန်းလို့ရမှာပါ။ ဒီပွဲမှာလည်း အိမ်ရှင်တို့ အမှတ်ပြည့် ယူသွားမှာပါ။

အနိုင်ရလဒ်သေချာမယ့် အင်တာမီလန်

မိုးမြင့်လင်းလက်

ကိုပါအီတာလီယာပွဲစဉ်ရဲ့ (၁၆) သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကို ဒီဇင်ဘာ ၅ ရက်နဲ့ ၆ ရက်တို့မှာ ဆက်လက်ယှဉ်ပြိုင်တဲ့အခါ စီးရီးအေအသင်းကြီးတွေဖြစ်တဲ့ အင်တာမီလန်၊ ဆမ်ဒိုးရီးယားနဲ့ အတ္တလန္တာတို့ အသက်ရှူကျပ်မတတ် ကစားကြရဖို့ရှိနေတာမို့ ပရိသတ်တွေ ရင်ပူစရာကောင်းမယ့် ပွဲစဉ်တွေဖြစ်နေပါတယ်။

အင်တာမီလန်နှင့် ထရာပါနီ

အင်တာမီလန်ရဲ့ လက်ရှိခြေစွမ်းက တက်ရိပ်ပြနေတာမို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ အသင်းလိုက် အချိတ်အဆက်မိမိ ကစားလာနိုင်တဲ့အတွက် အင်တာမီလန်တို့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်ရေး အခွင့်အရေးကောင်းတွေ ရရှိနိုင်ပါတယ်။ စီးရီးဘီအသင်းဖြစ်တဲ့ ထရာပါနီဟာ ခြေစွမ်းထက်မြက်တဲ့ အသင်းတော့ မဟုတ်ပါဘူး။ အင်တာမီလန်ရဲ့ လက်ရှိကစားအားကို ထရာပါနီတို့ ယှဉ်နိုင်ဖို့ သိပ်မလွယ်တာမို့ ဒီပွဲဟာ အိမ်ရှင်တို့အတွက် အောင်ပွဲဖြစ်နိုင်ဖို့ အခွင့်အရေးများနေပါတယ်။ ဒါကြောင့် အိမ်ရှင်ပရိသတ်တွေအတွက် အနိုင်သုံးမှတ် ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မယ်။

ဆမ်ဒိုးရီးယားနှင့် ဗီရိုနာ

စီးရီးအေအသင်းတွေ ဖြစ်လို့ အမှားခံလို့တော့ မရနိုင်တဲ့အနေအထားပါပဲ။ ဒီနှစ်သင်းဆုံတိုင်း ရလဒ်ပြတ်သားတတ်လေ့မရှိပါဘူး။ ဆမ်ဒိုးရီးယားဟာ ဒီနှစ်စီးရီးအေမှာ ဗီရိုနာကွင်းမှာ ရှုံးပွဲကြုံထားတာမို့ ဆမ်ဒိုးရီးယားတို့ အခုပွဲမှာလူစုံထုတ်ကစားမှ ရပါလိမ့်မယ်။ ဗီရိုနာတို့ကလည်း ဒီပွဲမှာ အနိုင်ရလဒ်ကို မျှော်မှန်းပြီး ကစားမှာဖြစ်တာမို့ အကြိတ်အနယ်ရှိပေမယ့် အိမ်ရှင်တို့ကပဲ အသာစီးရယူသွားနိုင်မယ့် အခြေအနေ ဖြစ်ပါတယ်။

အတ္တလန္တာနှင့် ဆက်ဆူအိုလို

အခုပွဲဟာ အတ္တလန္တာတို့အတွက် အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။ ဆက်ဆူအိုလိုဟာ ခြေစွမ်းပိုင်းအတက်အကျရှိနေပေမယ့် အတ္တလန္တာနဲ့ဆုံတိုင်း နိုင်ပွဲရအောင် စွမ်းဆောင်တတ်တာမို့ ဒီပွဲမှာ ဆက်ဆူအိုလိုတို့အတွက် အားထုတ်မှုကောင်းရင် အနိုင်သုံးမှတ်ကို မျှော်လင့်ချက်ထားနိုင်တဲ့ ပွဲပါပဲ။

ခရစ္စတယ်ပဲလေ့စ် ဝက်စ်ဟမ်းကိုအနိုင်ယူ

ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ခရစ္စတယ်ပဲလေ့စ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းအနိုင်ပွဲသည် ခရစ္စတယ်ပဲလေ့စ်နည်းပြသစ် တိုနီပူးလစ်၏ ပထမဆုံးသောနိုင်ပွဲဖြစ်သည်။

ဝက်စ်ဟမ်းက အစောပိုင်းတွင် ခရစ္စတယ်ပဲလေ့စ်ကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်တို့ ယင်းအနိုင်ပွဲရခြင်းကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှ တက်လာနိုင်ပြီး ထိုက်တန်သော သုံးမှတ်ကို ရယူနိုင်ခဲ့သည်။

ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် အင်္ဂလန်အသင်း ထိပ်သီးများကို ရှောင်နိုင်ဖွယ်ရှိ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် နောက်ဆုံးအုပ်စုပွဲများကို ဘရာဇီး၌ မဲနှိုက်ရွေးချယ်မည်ဖြစ်ရာ အင်္ဂလန်အသင်းသည် ထိပ်သီးအသင်းများကို ရှောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း နည်းပြရွိုင်ဟော့ဂ်ဆင်က ပြောသည်။ ရွိုင်ဟော့ဂ်ဆင်၏အသင်းသည် အုပ်စု(၄)တွင်ပါဝင်ပြီး သောကြာနေ့တွင် ပွဲစဉ် များ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလန်အသင်းအနေဖြင့် ထိပ်သီးအသင်းများဖြစ်သည့် ဘရာဇီး၊ အာဂျင်တီးနားနှင့် ဥရုဂွေးအသင်းတို့နှင့် ရှောင်နိုင်လိမ့်မည်ဟု ဖီဖာကထုတ်ဖော် ပြောကြားသည်။

မန်စီးတီးအသင်းခေါင်းဆောင်ပြန်လာပြီ

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပါနီသည် ဒဏ်ရာရပြီးနောက် သက်သာလာသဖြင့် ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။ ဘယ်လ်ဂျီယံ နောက်တန်းကစားသမား ကွန်ပါနီသည် အောက်တိုဘာ ၅ ရက်က အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲမှစပြီး ပေါင်ဒဏ်ရာရရှိထား၍ ပြိုင်ပွဲများနှင့်လွဲချော်ခဲ့ရသည်။ ၎င်းသည် ပြီးခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

၎င်းသည် နောက်တန်းအကောင်းဆုံး ဘောလုံးသမားဖြစ်သည်။ ၎င်းမရှိသည့် ကာလအတွင်း ဆန်းဒါးလန်းနှင့် ချယ်လ်ဆီးကို အဝေးကွင်း၌ မန်စီးတီးတို့ ရှုံးနိမ့်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

Shwe Mine Yoon Travels & Tours Co.,Ltd.
(4 Night - 5 Days) (130000 Ks) (Dec 20,27) (Jan 10,24)

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
မြန်မာနိုင်ငံဆရာဝန်အသင်း

အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄-၂၀၁၆) ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိစေရန် ဆောင်ရွက်ထားရှိပါသည်။ အဆိုပါရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (စနေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များ
- (၁) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင်ဖြစ်ရပါမည်။
- (၂) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းစည်းကမ်းများ တိကျစွာလိုက်နာနိုင်သူ ဖြစ်ရပါမည်။
- (၃) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ ကြီးကြပ်စီမံခန့်ခွဲမှုကိုလိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။
- (၄) မိမိကိုယ်တိုင်(ဆရာဝန်မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်၍)လာရောက်ဆန္ဒပြုနိုင်သူဖြစ်ရပါမည်။

၂။ မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်ခံမည့်သူများ၏ သတ်မှတ်အရည်အချင်းများ
- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရမည်။
- (၂) မြန်မာနိုင်ငံဆေးကောင်စီအသိအမှတ်ပြုဆေးပညာဘွဲ့နှင့် သက်တမ်းရှိ ဆမမှတ်ပုံတင် လက်ဝယ်ရှိသူဖြစ်ရမည်။
- (၃) မြန်မာနိုင်ငံဆရာဝန်အသင်း ရာသက်ပန်အသင်းဝင်ဖြစ်ရပါမည်။
- (၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အလုပ်အမှုဆောင်အဖွဲ့ဝင်မဖြစ်စေရ။
- (၅) ဆေးလောက၏ ကျင့်ဝတ်သိက္ခာစည်းကမ်းများကို လေးစားလိုက်နာယုံကြည်သက်ဝင်သူ ဖြစ်ရပါမည်။
- (၆) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရပါမည်။
- (၇) အသင်းမှပေးအပ်သောတာဝန်ကို မိမိဆန္ဒသဘောဖြင့်လက်ခံပြီး ကိုယ်ကျိုးမဖက် တာဝန်ကျေပွန်နိုင်သူဖြစ်ရပါမည်။

ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ် နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း (ရုံးပိတ်ရက်များအပါအဝင်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန်ဆန္ဒပြုလွှာပုံစံနှင့် ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူနိုင်ပြီး ၃-၁-၂၀၁၄ရက် (သောကြာနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းစာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးရာဇဝင်များကို ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းမှစတင်၍ ကော်ရှင်ရုံး၌ ကြေညာထားမည်ဖြစ်ပါသည်။

ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်များရှိပါက အပတ်စဉ် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ရွေးကောက်ပွဲကော်မရှင်နှင့် လာရောက်တွေ့ဆုံမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဘယသကြ်န်လမ်း၊ အမှတ် ၇၀၅ နေ
(ဒေါက်တာဦးသောင်းဝင်း)-ဒေါ်နွဲ့နွဲ့စိန် တို့၏သားငယ်

ဗိုလ်ကြီးရန်မျိုးအောင်

B.E [Naval Architecture (D.S.T.A)]
M.E [Shipbuilding & Ocean Engineering, S.M.T.U (Russia)]

နှင့်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပုဂံ ၃ လမ်း၊ အမှတ် ၃၂၄၉ နေ
ဗိုလ်မှူးမင်းရွှေဦး(ငြိမ်း) ဒု-ညွှန်ကြားရေးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန(လယ်/ဆည်)-
ဒေါ်စန်းစန်းဌေး တို့၏သမီး

မခိုင်စုရွှေဦး

B.Agr. Sc (Q)

ဒု-လ/ထ ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန(လယ်/ဆည်)

တို့၏ ၁-၁၂-၂၀၁၃ရက်တွင် နေပြည်တော် M.I.C.C (Banquet Hall) ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟများ၊ တေဇ(၁၅)မှ သူငယ်ချင်းများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်ခဲ့သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြပါသော အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရန်မျိုးအောင်-မခိုင်စုရွှေဦး

ဆောင်းပါးနှင့်ကြော်ငြာ

အလောင်းစည်သူမင်း တည်ထားကိုးကွယ်သည့် ပခန်းကြီးမြို့ဟောင်းမှ စည်သူရှင်ဘုရား

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာ (ပခန်းကြီးမြို့ဟောင်း)တွင် သက္ကရာဇ် ၄၈၀ ခုနှစ် နယုန်လဆန်း ၁၂ ရက်နေ့တွင် စေတီတော်တစ်ဆူ တည်ထားပြီး စည်သူရှင်ဘုရားအား အလောင်းစည်သူမင်းကြီး ကိုးကွယ်တော်မူခဲ့ကြောင်း သိရသည်။ စည်သူရှင်ဘုရားသည် ဆင် ၁၅ စီးခံ ရုပ်ပွားတော်မြတ်ဖြစ်ပြီး သိကြားမင်း ဆက်သသော သရက္ခန်သားဖြင့် ထုလုပ်ပူဇော်ခြင်းဖြစ်၍ ဘုရားသမိုင်းကြောင်း အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး စည်သူရှင်ဘုရားသမိုင်းနှင့်အတူ တစ်နေရာတည်းတွင် သီတင်းသုံးတော်မူသည့် ရှင်မတောင်၊ မြတ်ပေါင်းမဥ္ဇူ ဒက္ခိဏသာခါဘုရားများ၏ သမိုင်းကြောင်းသည် စိတ်ဝင်စားဖွယ် ဆက်စပ်ဖြစ်ပေါ်ခဲ့ရာ ဗဟုသုတ တိုးပွား ကြည်ညိုသဒ္ဓါပွားလျက် အများပြည်သူအကျိုးငှာ လေ့လာမိပါသည်။

ပုဂံထီးနန်းအား သက္ကရာဇ် ၄၅၄ ခုနှစ်တွင် စိုးစံတော်မူသည့် အလောင်းစည်သူ မင်းတရားသည် လူ့ပြည်တွင်မက နတ်ပြည်တွင် သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် ဖောင်စကြာဖြင့် မြင်းမိုရ်တောင်ထိပ်ရှိ တာဝတိံသာ နတ်ပြည်သို့ သွားရောက်ရန် ကြိုးစား အားထုတ်သည်တွင် နတ်ပြည်သို့ လူသားတို့ မရောက်ထိုက်သဖြင့် သိကြားမင်းသည် အဘိုးအိုအသွင် ဖန်ဆင်း၍ တားမြစ်တော်မူသည်။ နတ်ပြည်တွင်ထက် လူ့ပြည်တွင် သာသနာပြုခြင်းမှာ ပို၍ သာလွန်မွန်မြတ်ကြောင်း အလောင်းစည်သူမင်းကြီး နားဝင်တော်မူ၍ ပြန်လှည့်တော်မူစဉ် သိကြားမင်းသည် မင်းကြီးလူ့ပြည်၌ သာသနာပြုနိုင်ရန်အတွက် နတ်ပြည်ရှိ နတ်ဘီလူးတို့ စောင့်ရှောက်အပ်သော သရက္ခန်ပင်၏ အနှစ်အတုံးနှင့် ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော် ၁၂ ဆူကို ဆက်သသည်။ မင်းကြီးလည်း သိကြားမင်း၏ ရည်ရွယ်ချက်အတိုင်း သရက္ခန်အနှစ်အား ဘုရားရုပ်ပွားတော် ထုလုပ်စေရာ သိကြားမင်းကိုယ်တိုင် မင်းကြီး၏ လက်လေးသစ်ပမာဏ ဉာဏ်တော် ရုပ်ပွားတော်ငါးဆူ ထုလုပ်တော်မူသည်။ မင်းကြီးက ဉာဏ်တော်သေးငယ်သည်ဟုဆိုရာ သိကြားမင်းလည်း ဉာဏ်တော် တစ်တောင်ရှိ ဇမ္ဗူ့သပြေ ရုပ်ပွားတော်ငါးဆူတွင် သရက္ခန်ရုပ်ပွားတော်နှင့် ဓာတ်တော် နှစ်ဆူကျစီ ဌာပနာ ထည့်သွင်းပူဇော်ဆက်သသည်။

ထို့နောက် ကျန်ဓာတ်တော် နှစ်ဆူအား ရုပ်ပွားတော်များထုလုပ်ရာမှ ရရှိသည့် စူးစာဆောက်စာများနှင့် မံဘုရား ပြုလုပ်ထားသည့် မြတ်ပေါင်းမဥ္ဇူဘုရားကို သိကြားမင်းက ဆက်သပြန်သည်။ အလောင်းစည်သူမင်းကြီးသည် ဉာဏ်တော်များ သေးငယ်လွန်းသည်ဟု ထပ်မံ ညည်းညူသဖြင့် ကျွန်းဦးစောင့်နတ် ဆက်သသော ဆင်ရေသဏ္ဌာန်ရှိသော သစ်သားများကို ဆင်ခံပလ္လင်များ ပြုလုပ်ကာ ရုပ်ပွားတော်များကို အနေသင့်တင့်အောင် ပြုသည်။ ဆင်ခံရုပ်ပွားတော်များအား ဆင်မယဉ်သာများတွင် တင်၍ အဓိဋ္ဌာန်ဆုတောင်း၍ လွှတ်တော်မူရာ ပခန်းကြီးမြို့ တောင်ဘက်ရှိ ကဒ္ဒိဝိဒတောင်တွင် ဆင်မ ရပ်တန့်သဖြင့် မင်းကြီးက ငါ့အရှင် ဤနေရာတွင် ကိန်းဝပ်တော်မူရတော့မည်ဟု မိန့်တော်မူသည်ကို အစွဲပြု၍ စည်သူရှင်ဘွဲ့ အမည်ရသည့် ဆင် ၁၅ စီးခံ ရုပ်ပွားတော်မြတ်အား စေတီတစ်ဆူ တည်ထားပြီး ကိုးကွယ်တော်မူသည်။ တတိယ ဆင်မယဉ်သာသည် ပခန်းကြီးမြို့ အနောက် ရှင်တောင်မတွင် ရပ်တန့်တော်မူရာ ဆင် ၁၃ စီးခံ ရုပ်ပွားတော် မြတ် အား သက္ကရာဇ် ၄၈၁ တန် ဆောင် မုန်းလ၌ စေတီတော် တစ်ဆူ တည်ထား ကိုးကွယ်တော် မူသည်။ ဆဋ္ဌမ ဆင် မ ယဉ် သာသည် ပခန်းကြီးမြို့ အနောက် တောင် ရပ် အရိယဓမ္မသာ၊ ဓမ္မရာသီ၏ ရွှေဥမင်ကျောင်းတိုက်၌ ရပ်တန့်သဖြင့် ဆင် ၁၁ စီးခံ မြတ်ပေါင်း မဥ္ဇူ ရုပ်ပွားတော် အား

သက္ကရာဇ် ၄၁၈ ခုနှစ် ပြာသိုလတွင် လိုဏ်ဂူသွင်းကာ ဆရာတော်က ကိုးကွယ်တော်မူသည်။ ယခုအခါ ရှင်မတောင် ရုပ်ပွားတော်နှင့် မြတ်ပေါင်းမဥ္ဇူ ရုပ်ပွားတော်များသည် စည်သူရှင်ရုပ်ပွားတော်မြတ်နှင့်အတူ စည်သူရှင်ဂန္ဓကုဋီတိုက်တွင် သီတင်းသုံးတော်မူလျက်ရှိသည်။

အဆိုပါ ရုပ်ပွားတော်သုံးဆူနှင့်အတူ ကုန်းဘောင်ခေတ်ဘိုးတော်မင်းတရားကိုးကွယ်သည့် ဒက္ခိဏသာခါ ရုပ်ပွားတော်မြတ် တစ်ဆူလည်း သီတင်းသုံးတော်မူသည်ကို ဖူးမြင်ရသည်။ ဘိုးတော်မင်းတရားသည် ပခန်းကြီး တောင်ဘက် ဘုမ္မရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ရုပ်ပွားတော်ကို ပူဇော်ကိုးကွယ်ရန် လှူဒါန်းဆက်ကပ်သည်။ ဆရာတော် ပျံလွန်တော်မူချိန်တွင် ဆရာတော်၏ ဆွေမျိုးသားချင်းများက ဒက္ခိဏသာခါ ရုပ်ပွားတော်အား သူကိုးကွယ်ထိုက်သည်၊ ငါကိုးကွယ်ထိုက်သည် အမွေလုကြရာတွင် ရာဇဝင့်ရုံးရ ရေစကြိုသာသနာပိုင်ဆရာတော်က ဘုရားရုပ်ပွားသည် အများပြည်သူနှင့် သက်ဆိုင်သည့်အရာဖြစ်၍ အများပြည်သူ ဖူးမြော်အကျိုးများစေခြင်းငှာ ပခန်းကြီး စည်သူရှင်ဘုရားတွင် ပင့်ဆောင်ပြီး ပူဇော်ထားရှိစေရန် ဆုံးဖြတ်တော်မူခဲ့သည်။ သာသနာပိုင်ဆရာတော် မဆုံးဖြတ်မီ ကာလအတွင်း ရုပ်ပွားတော်လုကြသည့် ဆွေမျိုးသားချင်းများထဲမှ တစ်ဦးသောသူသည် ရုပ်ပွားတော်အား တခြားဆွေမျိုးများမသိအောင် ယူဆောင်၍ နွားတင်းကုပ်တွင် ဝှက်ထားရာ နွားတင်းကုပ် မီးလောင်ပြီး မီးမခသော ရုပ်ပွားတော်မြတ်အား ဆွေမျိုးများ ပြန်လည်ဖူးတွေ့ရသည်ဟု ဆိုသည်။

ပခန်းစည်သူရှင်ဘုရား ရုပ်ပွားတော်အား အလောင်းစည်သူမင်း တည်ထား ကိုးကွယ်တော်မူခဲ့စဉ်က စေတီတော်အတွင်း ဌာပနာ၍ ပူဇော် ထားရှိတော်မူခဲ့သော်လည်း ကုန်းဘောင်ခေတ် သီပေါမင်း ပါတော်မူပြီးနောက် ၁၀ နှစ်ခန့်အကြာတွင် မသမာသူတစ်ဦးသည် စေတီတော်ဌာပနာအား ဖောက်ကာ စည်သူရှင်ဘုရား ရုပ်ပွားတော်အား ခိုးယူထွက်ပြေးသွားပြီး ရုပ်ပွားတော်တွင် ပူဇော်ထားရှိသည့် ရွှေများကို ခွာယူကာ ရုပ်ပွားတော်အား ပခုက္ကူဘုတာအနီး စွန်းလွန်းရွာ မလှမ်းမကမ်းတွင် ပစ်ချထားခဲ့ကြောင်း၊ နွားကျောင်းသားသည် နွားများ ချိုသွေးသည့်နေရာတွင် ထူးခြားသည့် ရုပ်ပွားတော်အား တွေ့ရှိသဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်ထံ အပ်နှံရာ ဆရာတော်က သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။ စည်သူရှင်ဘုရား ဂေါပကအဖွဲ့ထံသို့ အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုရာ မိမိတို့ ဘုရားမှန်သော်လည်း မသမာသူ ခိုးယူသွားစဉ်က ဇမ္ဗူ့သပြေရုပ်ပွားတော်ကို ရိုက်ခွဲကာ ရွှေများယူသွားပြီး ရုပ်ပွားတော်အတွင်း ပူဇော်ထားရှိသည့် စည်သူရှင်ဘုရား ရုပ်ပွားတော်သာ ကျန်ရှိသဖြင့် တရားတပေါင် ရင်ဆိုင်ကာ မိမိတို့ ပိုင်ဆိုင်သည့်ဘုရား ပြန်လည်ရလိုကြောင်း တရားစွဲဆို လျှောက်ထားကြသည်။ သက်ဆိုင်ရာနှင့် တရားရင်ဆိုင်နေစဉ်ကာလအတွင်း စည်သူရှင်ရုပ်ပွားတော်မြတ်သည် **(ဝဲအပေါ်ပုံ)** မူရင်း ကိန်းဝပ် သီတင်းသုံးတော်မူရာ ပခန်းကြီး စည်သူရှင်ဘုရားဘက်သို့ မျက်နှာမူကာ သီတင်းသုံးတော်မူသည်ကို အင်္ဂလိပ်အရေးပိုင်မင်းကိုယ်တိုင် သိရှိကာ စည်သူရှင်ဘုရားအား ပြန်လည်ပင့်ဆောင်ခွင့်ပြုခဲ့သည် ဆိုသည်။ မသမာသူ ခိုးယူသွားပြီး ရိုက်ခွဲဖျက်ဆီးစဉ်က ဒဏ်ရာကြောင့် စည်သူရှင်ဘုရား ရုပ်ပွားတော် ညာဘက်ဦးကင်းတွင် အနည်းငယ် အက်ကွဲသည့်ဒဏ်ရာ ရရှိခဲ့သည်ကို ယနေ့တိုင် မြင်တွေ့ရသည်။ စည်သူရှင် ဘုရားရုပ်ပွားတော် ပြန်လည် ဌာပနာပူဇော်ရန် အလှူခံရာ ရွှေ ၅ ပိဿာ ၃၅ ကျပ်သားနှင့် ငွေ ၃ ပိဿာခွဲရရှိခဲ့ပြီး ငွေအား ဆင်ခံပုလ္လင် ထုလုပ်ပြီး ရွှေအား ရုပ်ပွားတော်တစ်ဆူ ထုလုပ်ကာ ပူဇော်ကြောင်း၊ ၄င်းနောက် စည်သူရှင် ရုပ်ပွားတော်ကို ရဟန်းရှင်လူများ ဖူးမြော်မြင်တွေ့နိုင်ရန်အတွက် ဌာပနာပူဇော်ခြင်းမပြုဘဲ ဂန္ဓကုဋီတွင်သာ ပူဇော်ထားရှိခဲ့သည်။ နံနက် ၇ နာရီတွင် စည်သူရှင်ရုပ်ပွားတော်အား ဂန္ဓကုဋီအပြင်တွင် ပူဇော်ထားရှိပြီး ညနေ ၄ နာရီတွင် အတွင်းသို့ ပြန်လည်ပင့်ဆောင်ထားရှိသည်။ သိကြားမင်းကိုယ်တိုင် ထုလုပ်တော်မူခြင်း၊ နတ်ပြည်တွင်သာရှိသည့် သရက္ခန်သားဖြင့် ထုလုပ်ခြင်း စသည့် ထူးကဲသည့်အရာများကို နောင်လာနောက်သားတို့ ဖူးမြင်တွေ့စေခြင်းငှာ ယင်းသို့ ပူဇော်ခံထားရှိခြင်းဖြစ်သည်။

စည်သူရှင်ဘုရား ရုပ်ပွားတော်ကို ကျေးရွာဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကာ အဓိဋ္ဌာန်ဆုတောင်းမှု ပြုကြသည်။ အဓိဋ္ဌာန်ဆုတောင်းပြည့်သူများသည် စည်သူရုပ်ပွားတော်မြတ်အား ၄င်းတို့၏ လက်ဝတ်ရတနာ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ပတ္တမြား၊ လက်စွပ်၊ လက်ကောက်၊ နားတောင်းများ ပူဇော်ထားရှိသည်ကိုလည်း ဖူးမြင်သဒ္ဓါပွားရသည်။ စည်သူရှင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်အား နှစ်စဉ်တန်ခူးလတွင် ကျင်းပပြုလုပ်ပြီး မဟာသင်္ကြန်ရက်များဖြစ်သည့် မဟာသင်္ကြန် အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့များသည် ပွဲတော်ရက်များဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့တွင် စည်သူရှင်ဘုရားရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူရာ စေတီတော် ပရိဝုဏ်အတွင်း ဆွမ်းတော်ကြီးလောင်းလှူပွဲကို ပခုက္ကူ ရေစကြိုမြို့နယ်များမှ ကျေးလက်နှင့် မြို့ပြနေပြည်သူများသာမက အနယ်နယ်အရပ်အရပ်မှ ဘုရားဖူးဧည့်သည်များလည်း စည်ကားသိုက်မြိုက်စွာ လာရောက် လှူဒါန်းလောင်းလှူကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 20/21/22/23 HPGE/2013-2014

(က)	ဓာတ်အားပေးစက်ရုံသစ်များအတွက်	
	I. Com TM-800 Mobile Terminal	(5) Sets
	Hand Set	(20) Sets
(ခ)	တီကျစ်အတွက် High Pressure Water Jet Pump	(1) No
(ဂ)	Single Cab (Ford Brand)	(5) Nos
(ဃ)	SUVs (Ford Brand)	(1) No

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မလိရေအားလျှပ်စစ်စက်ရုံတွင် တပ်ဆင်အသုံးပြုရန်အတွက် လိုအပ်သော 100 KW 3Ø Synchronous Generator 3 Sets ကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၄-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၅၃၉၊ ဖက်စ်-၀၆၇-၄၁၁၅၄၀

လမ်းဂိတ်ကြေးကောက်ခံခွင့် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရား၊ (၅)မိုင်လမ်းမော်တော်ယာဉ်ဖြတ်သန်းခ ကောက်ခံခြင်းလုပ်ငန်း၊ လုပ်ကိုင်ခွင့်ကို အောက်ပါအတိုင်း အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပေးသွင်းသည့်ပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို မန်းရွှေစက်တော်ဘုရားဂေါပကရုံး၊ မင်းဘူးမြို့တွင်ရယူနိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည့်ကာလ - ၁-၁-၂၀၁၄ရက်မှ ၃၁-၁၂-၂၀၁၄ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက် - ၉-၁၂-၂၀၁၃ရက်မှ ၁၃-၁၂-၂၀၁၃ရက်အထိ
တင်ဒါပိတ်မည့်ရက် - ၁၃-၁၂-၂၀၁၃ရက်
တင်ဒါဖွင့်ဖောက်မည့်ရက် - ၁၆-၁၂-၂၀၁၃ရက်
တင်ဒါတင်သွင်းရမည့်နေရာ - မန်းရွှေစက်တော်ဘုရားဂေါပကရုံး မင်းဘူးမြို့။

မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့
မင်းဘူးမြို့

ဝန်ထမ်းအမြန်အလိုရှိသည်

လျှပ်စစ်နှင့် အီလက်ထရွန်နစ်အစိတ်အပိုင်းများထုတ်လုပ်သော စက်ရုံတွင် ခန့်ထားရန်အတွက် Operator မ(၅၀၀)ဦး အမြန်အလိုရှိသည်။ အနိမ့်ဆုံး ပညာအရည်အချင်း ခုနစ်တန်းရှိပြီး အသက်(၁၈ နှစ်မှ ၃၀)အတွင်းဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်(CV)၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူတို့ကို ပူးတွဲ၍ အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

Myanmar Foster Electric Co., Ltd.
အမှတ် ၄၇၅၊ ယောက်ကော်လမ်း၊ (၂၃)ရပ်ကွက်၊ စက်မှုဇုန်(၁)၊ တောင်ဒဂုံ၊
ဖုန်း-၀၁-၈၁၀၀၆၅၁၊ ၀၉-၂၅၀၁၆၈၁၇၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၆-၁၂-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၇-၁၂-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၂-၁၁-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၁၂-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းကြောင်းကြေညာခြင်း

မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်းရပ်၊ ၆ လမ်းနှင့် ဇီဇဝါလမ်းထောင့်နေ ဦးသောင်းမြင့်၊ ဒေါ်စန်းရီတို့၏သား မောင်ထက်ပိုင်မြင့်နှင့် အောင်မင်္ဂလာရပ်ကွက်၊ ရန်မျိုးလုံရပ်၊ သုခိတာလမ်းနေ ဦးတင်ထွန်း၊ ဒေါ်ခင်ဆွေဦးတို့၏သမီး မရတနာဦးတို့သည် ၂၁-၁၁-၂၀၀၈ရက်တွင် တရားဝင်စေ့စပ်ကြောင်းလမ်းခဲ့ပြီး ၃၁-၁-၂၀၁၄ရက် မကွေးမြို့တော်ခန်းမ၌ မင်္ဂလာဧည့်ခံပွဲကျင်းပပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၁-၁၂-၂၀၁၃ ရက်တွင် စေ့စပ်ကြောင်းလမ်းဖျက်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသောင်းမြင့်
၈/မကန(နိုင်)၀၂၉၁၅၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေကူမြို့၌ မြို့နယ်ဥပဒေရုံးသစ်ဖွင့်

ရွှေကူ ဒီဇင်ဘာ ၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက်က အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးပါကြွယ်က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရုံးဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ်ဥပဒေချုပ်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်မေသီရိအောင်က ဥပဒေရုံးတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥပဒေချုပ်က ရုံးအဆောက်အအုံသစ် မြေနေရာအလှူရှင် ဒေါ်စိန်ကွန့်နှင့်ပင်းယသူဆောက်လုပ်ရေး ကုမ္ပဏီတာဝန်ခံ ဦးစန်မောင်တိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ပြုံးပြုံး၊ ပြည်နယ်တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်း၊ ပြည်နယ်ဥပဒေအရာရှိများ၊ ဗန်းမော်ခရိုင်တရားသူကြီး ဒေါ်ဆောင်းတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဥပဒေရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ပင်းယသူဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောင်လုပ်မည်ဖြစ်ပြီး အဆောက်အအုံ မြေနေရာအတွက် ဒေါ်စိန်ကွန့်က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖောင်းပြင်မြို့နယ်၌မိုးစပါးစံကွက်ရိတ်သိမ်း

ဖောင်းပြင် ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ရွှေညောင်ပင်အုပ်စု ရွှေညောင်ပင် ကျေးရွာ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ဆင်းဧကရီ (၃) မိုးစပါးမျိုးသန့်စံကွက်ရိတ်သိမ်းပွဲ ကျင်းပရာ အခမ်းအနားသို့ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေး/မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ရွှေညောင်ပင်အုပ်စု ရွှေညောင်ပင်ကျေးရွာ တောင်သူ ဦးဘသန်း၏ ဆင်းဧကရီ (၃) မိုးစပါး ၀ ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းရာ စပါးအထွက်နှုန်း ၈၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

မြင်းခြံ ဒီဇင်ဘာ ၄

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီက မြင်းခြံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်နှင့်အထွေထွေသမားတော် ဒေါက်တာကျော်ဝင်းနိုင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြင်းခြံမြို့နယ် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ခေါင်းဆောင်ဆရာဝန် ဒေါက်တာခင်ဌေးသန်းက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အကြောင်းနှင့်မြို့နယ်အတွင်း နှစ်အလိုက်ရောဂါဖြစ်ပွားမှုနှုန်း ဆေးဝါးကုသပေးနိုင်မှု အခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ **(အပေါ်ပုံ)** အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကလည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ခရိုင်ရဲမှူးကြီးကလည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(၄၃၄)**

ဗလငါးတန် ဖွံ့ဖြိုးဖို့

စာအုပ်စာပေ လေ့လာစို့

စည်းကမ်းမဲ့ မောင်းနှင်နေသည့် ကျောက်သယ်ကားများကို စစ်ဆေးအရေးယူနိုင်ရေး ပြည်သူတို့လိုလား

ကလေး ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း လမ်းပြုပြင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် သဲနု၊ သဲကြမ်း၊ သဲကျောက်ပို့ဆောင်နေကြသော ပုဂ္ဂလိကပိုင်ကားများနှင့် ကုမ္ပဏီပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော သဲကျောက်တင်ကားများသည် မြို့တွင်းလမ်းမများပေါ် တစ်စီးနှင့် တစ်စီး အပြိုင်မောင်းနှင်နေကြသောကြောင့် လမ်းသွားလမ်းလာများနှင့် လမ်းမများပေါ် သွားလာနေကြသည့် အခြားယာဉ်များသည် ယာဉ်အန္တရာယ်များရင်ဆိုင်ရနိုင်သည့်အတွက်စည်းကမ်းမဲ့အရှိန်ပြင်းစွာ မောင်းနှင်နေကြသည့် ကားများကို သက်ဆိုင်ရာမှ အရေးယူနိုင်ရေး ပြည်သူတို့လိုလားနေကြကြောင်း သိရသည်။

အဆိုပါ သဲကျောက်တင်ကားများအနေဖြင့် သဲကျောက်များကို တင်ဆောင်ကြရာတွင် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကူအညီပေးမှုရှိသော်လည်း သဲကျောက်များကို တင်ဆောင်သယ်ယူကြရာတွင်စနစ်တကျရှိရန် မြစ်ချောင်းများဖွံ့ဖြိုးရေး ဦးစီးဌာန၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်သင့်ကြောင်း၊ မြစ်ချောင်းများ ပျက်စီးမှုမရှိအောင် ဆောင်ရွက်ဖို့လိုကြောင်း၊ သို့မှသာ သဘာဝဘေးများဖြစ်သည့်အခါ ထိခိုက်မှုနည်းပါးနိုင်ကြောင်း ကလေးဒေသခံတစ်ဦးက ပြောသည်။

ကလေးမြို့အတွင်း သဲကျောက်သယ်ကားများအနေဖြင့် သဲကျောက်များကို ကလေးမြို့အနောက်တောင်ဘက် ဇီးချောင်းမှလည်းကောင်း၊ ကလေးမြို့မြောက်ဘက် ဆည်ကြီးချောင်းမှလည်းကောင်း၊ ကလေးမြို့တောင်ဘက် ဇင်းကလင်းချောင်းမှလည်းကောင်း သယ်ယူနေကြကြောင်း သိရသည်။ **သျှင်နေမင်း**

သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ကန့်ဘလူမြို့၌ ဟောပြော

ကန့်ဘလူ ဒီဇင်ဘာ ၄

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေး ဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ ဟောပြောပွဲတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်တို့က ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးတွင် လူဦးရေ သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဖွံ့/ထောက်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ NGO အသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့်ဖောင်းပြင်မြို့ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းအတွက်အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

ကျောက်ကြီး၊ ဘိလပ်မြေ၊ ကျောက်စရစ်၊ မြစ်သဲ
1/2", 5/8", 3/4" 3/8 " Ø M.S Rod

တင်ဒါပုံစံရယူရမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၆၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့

တင်ဒါပုံစံယူရမည့်ရက် - ၄-၁၂-၂၀၁၃ရက်မှ ၁၃-၁၂-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၆-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) ၁၂:၀၀နာရီ

တင်ဒါဖွင့်လှစ်မည့်နေရာ/ရက်/အချိန် -စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ၁၆-၁၂-၂၀၁၃ရက်(တနင်္လာနေ့) ၁၄:၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၂၈၉၃ Super Mandalar YarPyi Jeep ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဝင်း ၈/မတန(နိုင်)၀၄၈၉၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်

လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ရန်ရှိသော ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)ကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်လွှာများတင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်လွှာများကို ၁၀-၁၂-၂၀၁၃ရက် ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ ရန်ကုန်တက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၃။ လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပူးတွဲလျက်လျှောက်ထားရပါမည်။

(က) ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံစာရွက်စာတမ်းများ
(ခ) လုပ်ငန်းရှင်၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ
(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်၏ ထောက်ခံချက်

၄။ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို သိရှိလိုပါက ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၅၃၄၄၈၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ
ရန်ကုန်တက္ကသိုလ်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၂၃၂၇၉ REE B0-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၅/ဝလန(နိုင်)၁၀၅၂၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၏ ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စက်ဆီ/ချောဆီ (7) Items
(ခ) Bearing (3) Items

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၁-၁၂-၂၀၁၃ရက်မှ ၁၈-၁၂-၂၀၁၃ရက် ၀၉:၀၀နာရီ

တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၁၈-၁၂-၂၀၁၃ ရက်၊ ၁၀:၃၀ နာရီ

တင်ဒါစိစစ်မည့်နေရာ - အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)တွင် ၅-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီးအသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၉၅၀၁၄၁၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၃ လမ်း၊ အမှတ် ၂၇၃၊ နှစ်ခန်းတွဲ(၃ ½)ထပ်တိုက်၏ မြေညီထပ်၊ အခန်းအမှတ်(B)၊ အကျယ်(၁၂½ ပေ× ၄၇ ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာများဖြစ်သည့် ဦးလှထွေး ၁၂/ တမန(နိုင်)၀၄၉၀၉၆နှင့် ဦးတင်မျိုးဝင်း ၁၂/ဗဟန(နိုင်)၀၆၅၉၇၅တို့မှ ရရှိခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)

ဦးသန့်ဇော် တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

အမှတ် ၄၆/၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမျိုးသားနေ့ဂုဏ်ပြုပွဲ ပခုက္ကူပညာရေးကောလိပ်၌ ကျင်းပ

ပခုက္ကူ ဒီဇင်ဘာ ၄

(၉၃)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၆ နာရီခွဲက ပခုက္ကူပညာရေးကောလိပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ပညာရေးကောလိပ် သင်တန်းသား သင်တန်းသူများက ပြည်မြန်မာသီချင်းဖြင့် ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအေးက ဖတ်ကြားခဲ့သည်။

ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများက ဆုများချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများက ဇာတိမာန်သီချင်းသီဆို၍ (၉၃)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆိုင်ကယ်တိမ်းမှောက် လူတစ်ဦးသေ

ကသာ ဒီဇင်ဘာ ၄

ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပေပင်စုရွာအနီး မြတ်နိုးသူ သစ်ထုတ်လုပ်ရေး ကားလမ်းတွင် နိုဝင်ဘာ ၂၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က လူတစ်ဦး ဆိုင်ကယ်တိမ်းမှောက်သေဆုံးကြောင်း သတင်းအရ ပင်လည်ဘူးမြို့နယ် ခေတ္တ စခန်းမှူး ရဲအုပ်အောင်အောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။သေဆုံးသူမှာ ပေပင်စုရွာနေ ဦးတင်ထွန်းဦး ဖြစ်ပြီး ၎င်းသည် ကျည်ပွေ့သလင်ရွာမှ ပေပင်စုရွာသို့ မြတ်နိုးသူ သစ်ထုတ်လုပ်ရေး ကားလမ်းအတိုင်း တစ်ဦးတည်း ဆိုင်ကယ်မောင်းနှင်ပြန်လာစဉ် ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်သို့ ဆိုင်ကယ်တိမ်းမှောက်သဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကားပြောကြားပြီး စာစီစာကုံးနှင့်ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်၍ ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရေးအတွက် အခက်တွေ့နေသည့် တောင်သူလယ်သမားများ၏သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်များထောက်ပံ့

ရန်ကုန် ဒီဇင်ဘာ ၄

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် အခြားသောတက္ကသိုလ်များ တက်ရောက်ရန် ငွေကြေးအခက်တွေ့နေကြသည့် မြန်မာနိုင်ငံ ဆန်စပါးအသင်း ညီနောင်အသင်းများမှ အသင်းဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမားများ၏သားသမီးများကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့မှ ပူးပေါင်းစီစဉ်သည့် ပညာရေးနှင့်လူမှုဖွံ့ဖြိုးရေးအစီအစဉ်စတင်ခြင်းအထိမ်းအမှတ်အခမ်းအနား၌ထောက်ပံ့ကြေးများ ပေးအပ်သည်။

အဆိုပါ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က MRF Leadership Program နှင့် MAB Eco Program တို့၏ ပညာရေးအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပညာသင် ထောက်ပံ့ကြေးကို ယခုတက္ကသိုလ် ပညာသင်နှစ်တွင် တစ်ဘာသာလျှင် ရမှတ် ၅၀ ဖြင့် ခြောက်ဘာသာရမှတ် စုစုပေါင်း ၃၀၀ နှင့်အထက်ရရှိသူများကိုသာ ရွေးချယ်ခေါ်ယူခြင်းဖြစ်သည်။ ကိုယ်ရေးရာဇဝင်၊ ပညာသင်ကာလအတွင်း ထူးချွန်ခဲ့သောအကြောင်းအရာများနှင့် စပ်လျဉ်းပြီး ဆရာ ဆရာမများ၏ ထောက်ခံချက်၊ သန်းခေါင်စာရင်းတို့ဖြင့်လျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်လွှာ ၄၀၀၊ ၅၀၀ ထဲမှ လျှောက်ထားသူ ၁၀၀ ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အမှတ်ချင်းတူနေပါက မိသားစုဦးရေ အနည်းအများ၊ မိသားစုဝင်ငွေပေါ်မူတည်ကာ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ပညာသင်စရိတ် ချီးမြှင့်ရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဦးရေ ၁၀၀၊ မြန်မာ့ရှေ့ဆောင်ဘဏ်မှ ဦးရေ ၁၀၀ စုစုပေါင်း ၂၀၀ ကို ပံ့ပိုးပေးခြင်းဖြစ်ပြီး ယခုပညာသင်နှစ်တွင် ဆေးတက္ကသိုလ်တက်ရောက်မည့် ဦးရေ ၂၀၊ နည်းပညာတက္ကသိုလ် ၄၀၊ စီးပွားရေးတက္ကသိုလ် ၁၇ ဦး၊ ပညာရေးတက္ကသိုလ် ၁၀ ဦး၊ စိုက်ပျိုးရေးတက္ကသိုလ် ၁၀ ဦးအပါအဝင် ရေကြောင်းတက္ကသိုလ်နှင့် အခြား ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များသို့ တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၄၇ ဦးအတွက် အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံပေးအပ်ပွဲကို ဒီဇင်ဘာ ၁ ရက်က ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး အရန်မီးသတ်ခွဲမှူးကို ပေးအပ်စဉ်။

(၁၁၆)

ရှမ်းပြည်နယ် ပင်လောင်းမြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၄

ရှမ်းပြည်နယ် ပင်လောင်းမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁ ရက် နံနက် ၄ နာရီက သက်သေများနှင့်အတူ ပင်လောင်းကြီးအုပ်စု လွယ်ပြားကျေးရွာ အောင်ပန်း-လွိုင်ကော်ကားလမ်း မိုင်တိုင်အမှတ် (၄၁/၆)အနီး ပင်လောင်းမြို့ဝင် ဘီးခွန်ဂိတ်တွင် ရှောင်တခင်ပိတ်ဆို့ ရှာဖွေစစ်ဆေးနေစဉ် နောင်တရားမှဖယ်ခုံသို့ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်ခွဲ ထီကန်လောင်းကျေးရွာနေ ခွန်ကျွမ်း (၂၅ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာ ဆိုင်ကယ်ရှေ့ ဒူးကာနှစ်ဖက်ကြားရှိ အဝါရောင်ပီနံအိတ်အတွင်း တိပ်ဖြင့်ပတ်ထားသည့် အနက်ရောင် ပလတ်စတစ်အိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသော အမည်းရောင်အစေးခဲ ၁ဒသမ ၉၂ကီလိုဂရမ်ပါ သုံးထုပ်၊ ၁ ဒသမ ၆ ကီလိုဂရမ်ပါ ငါးထုပ်၊ ၁ ဒသမ ၁၄ ကီလိုဂရမ်ပါ ခြောက်ထုပ် စုစုပေါင်း ဘိန်းစိမ်း ၂၀ ဒသမ ၆ ကီလိုဂရမ်ခန့် တန်ဖိုးငွေကျပ် ၁၃၃၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ခွန်ကျွမ်းအား ပင်လောင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုရဲ**

တပျော်တပါး လူထုလှုပ်ရှား အမှိုက်များ ကောက်ယူ

ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက်လုံးဆိုင်ရာ လူထုလှုပ်ရှားမှုဖြင့် ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီက ငွေဇင်ယော်လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိ အမှိုက်များကို ကောက်ယူကြရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်လွင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အထောက်အကူပြု ဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တံခွန်ပရဟိတအသင်းဝင်များ၊ ရွှေသန်လျင်နာရေးကူညီမှု အသင်းဝင်များ၊ လူငယ်ဆွမ်းလောင်းဓမ္မာရုံအသင်းဝင်များ၊ ရပ်ကွက်ပါတီပေါင်းစုံမှ ပါတီဝင်များနှင့် မြို့မိမြို့ဖပြည်သူများ ပူးပေါင်း၍တပျော်တပါး ရပ်ကွက်လုံးဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် အမှိုက်များကို လိုက်လံကောက်ယူကြကြောင်း သိရသည်။ **(၀၈၁)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၇၈၀၁ New X Anbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းလွင် ၁၂/သဃက(နိုင်)၀၂၆၈၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊မြေကွက်အမှတ် ၇၅/၂၊ ဧရိယာ ၀ဒသမ၂၈၈၈၊ မြေကွက်တည်နေရာအမှတ် ၇၀၊ အောင်မေတ္တာလမ်း၊ စော်ဘွားကြီးကုန်း ဒေါ်မန်းဇကျင်အမည်ပေါက် B မြေပိုင်၊ အိမ်ရာမြေအား အမည်ပေါက်ဒေါ်မန်းဇကျင်ထံမှ အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၆၁/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၄၅/၂၀၁၂တို့တင်ပြ၍ ဒေါ်အုန်းသွင်(ဘီလစ်) ၁၂/အစန(နိုင်)၀၀၄၀၈၀က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း ပြည်တွင်း၊ ချည်မျှင်ရက်ကန်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများတွင် ချည်မျှင်အထည်နှင့် အချောကိုင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းလုပ်ငန်းရှင်များသို့ အောက်ပါလုပ်ငန်းများအား ကုန်ကြမ်းပေး/ကုန်ချောယူ(နဝလီလုပ်ငန်း)များအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် အဆိုပြုလွှာများနှင့်အတူ ၃၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)သို့ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ဝါဂွမ်းများပေးသွင်း၍ ချည်ဆွဲခြင်းလုပ်ငန်း၊

(ခ) ချည်များပေးသွင်း၍ ပိတ်ကြမ်းရက်လုပ်ခြင်းလုပ်ငန်း၊

(ဂ) ပိတ်ကြမ်းများပေးသွင်း၍ ဆေးဆိုး၊ ပန်းရိုက်၊ အချောကိုင်ခြင်းလုပ်ငန်း၊

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ထုတ်လုပ်မှုစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊

ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၁၃၊ ၄၀၈၁၃၈

မွေးသက္ကရာဇ်အမှန်

ဦးဝင်းငွေ၏သမီး မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁)မှ မငြိမ်းငြိမ်းအိ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၉၇ ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခြင်း

ဦးဇော်တောင်၏သား မိုးကောင်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (ခ)မှ မောင်လောဒ်အောင်အားမောင်လောဒ်အောင် (ခ)မောင်ဇော်လောဒ်ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်မှန်နှင့်မှတ်ပုံတင်အမှန်

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ် ၅၆နေ ကျွန်တော် ဦးမျိုးအောင်၏အမည်မှန်မှာ ဦးလှမျိုးအောင်ဖြစ်ပြီး မှတ်ပုံတင်အမှတ်အမှန်မှာ ၅/စကန(နိုင်)၀၀၅၆၇၂ ဖြစ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013)ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း-

သရေစည်သူ ဦးအေးမောင်(ရှေ့နေချုပ်-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မြမြ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တပ်ကုန်းမြို့နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၄

ဒေါ်ဝါဝါလှိုင် **နှင့်** ၁။ ဦးဝင်းလှိုင်၊ ၂။ ဒေါ်သန္တာအောင်

တရားလို **တရားပြိုင်များ**

နေပြည်တော် တပ်ကုန်းမြို့၊ နယ်မြေ(၂)၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ (၁) ဦးဝင်းလှိုင်၊ (၂) ဒေါ်သန္တာ အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်ပြုလုပ်ထားသော ဝိုင်းခြံမြေ(သို့မဟုတ်) ငွေကျပ် ၁၀၀၀၀၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် သို့မဟုတ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးဝေ)

တွဲဖက်မြို့နယ်တရားသူကြီး

တပ်ကုန်းမြို့နယ်တရားရုံး

မှုခင်းသတင်းနှင့်ကြော်ငြာ

စိတ်ကြွရူးသွပ် ဆေးပြား ၃၂ ပြား ဖမ်းဆီးမိ

မော်လမြိုင် ဒီဇင်ဘာ ၄

မွန်ပြည်နယ် မြို့နယ်/ရပ်ကွက် ကျေးရွာများတွင် မူးယစ်ဆေးဝါးရောင်းချမှုများ ရှိနေခြင်းကို ထိရောက်စွာ အရေးယူဆောင်ရွက်စေရန် မွန်ပြည်နယ် မူးယစ်တပ်ဖွဲ့ မော်လမြိုင်(လှုပ်ရှား)မှ ရဲအုပ်သိန်းဝင်း၊ မူးယစ်အကူ ဒုတိယရဲအုပ် စည်သူကျော်၊ မော်လမြိုင်ခရိုင် (မှု/ကူ) ရဲအုပ်ကျော်နီထွန်း၊ မုဒုံမြို့နယ်မှ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ဇာနည်ထွန်းတို့အဖွဲ့သည် ရပ်မိရပ်ဖများ အကူအညီဖြင့် နိုဝင်ဘာ ၃၀ ရက် ညနေ ၅ နာရီခွဲက သတင်းအရ မော်လမြိုင် မုဒုံကားလမ်းမဘက်သို့ မောင်းနှင်လာသည့် မုဒုံမြို့ မြို့မ(၁)ရပ်ကွက်၊ အမှတ်(၄) ဈေးအနောက်လမ်းနေ တင့်ဆန်း (ခ)သားငယ် (၅၆ နှစ်) မော်တော်ဆိုင်ကယ် အမှတ် ၁၃ယ/--- စိမ်းပြာရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပစ္စည်း ထည့်သည့် အံဝှက်အတွင်း WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၊ WY စာတန်းပါ အစိမ်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြားတစ်ပြား၊ အညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား၁၁ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားစုစုပေါင်း ၃၂ပြားကို သိမ်းဆည်းရမိသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မုဒုံ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ကျော်သန်း(မော်လမြိုင်)**

တရားမဝင်တမလန်းသစ်များ ရွှေဘိုမြို့နယ်တွင် ဖမ်းဆီးရမိ

ရွှေဘို ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မြောင်းကြီးကျေးရွာ တန်ပိုဂိတ်တွင် ဒီဇင်ဘာ ၁ ရက်က တရားမဝင်တမလန်းသစ်များ တင်ဆောင်လာသော ကားကို ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့နှင့်သစ်တောဦးစီးဌာနတို့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် ည ၇ နာရီခန့်က ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေယုမောင် ခေါင်းဆောင်သောအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲလွင်ခေါင်းဆောင်သော အဖွဲ့တို့သည် သတင်းအရ ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာတန်ပိုဂိတ်မှ အသင့်စောင့်ဆိုင်းနေစဉ် နို့သာရောင်အပြာကျား နီဆန်းဒီဇယ် ၁၂ ဘီး ကားကို ရပ်တန့်စေ၍ စစ်ဆေးရာတရားမဝင် တမလန်း ၆၇ တုံး၊ ၆ ဒသမ ၃၆၀၈ တန် ကာလတန်ဖိုး ၃၇ သိန်းကျော် တွေ့ရှိရသဖြင့် ထိုယာဉ်ကို မောင်းနှင်လာသူ မောင်ဇော် ငွေကျပ် (ခ)ဇော်လတ်(၃၆နှစ်) မုံရွာခရိုင် ဆားလင်းကြီးမြို့နေသူကို ရွှေဘိုမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။ **အောင်ဘုန်းညို(ရွှေဘို)**

နောင်ချိုတွင်စိတ်ကြွရူးသွပ်ဆေးပြားများ ငွေကျပ် ၁၃၁၂ သိန်းဖိုး သိမ်းဆည်းရမိ

လားရှိုး ဒီဇင်ဘာ ၄

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ ရဲအုပ်ငြိမ်းချမ်းစိုး ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီခွဲက နောင်ချိုမြို့အဝင် လဝကရုံးရှေ့၌ လားရှိုးမှမန္တလေးသို့ ယာဉ်မောင်း ဦးအောင်ဇော်မိုး မောင်းနှင်လာသော ခရီးသည်တင် ဗင်ကားအမှတ် 9A/--- ကိုရပ်တန့်ရှာဖွေရာ ငှားရမ်းစီးနင်းလာသူ လီရှောက်စမ်း၊ လီရှောက်လျူ၊ ရှောက်ကြာနှင့် ရန်ဟွတင်ဆောင်လာသည့် အပြာရောင် မုန်ညင်းချဉ်ဘူးအတွင်းမှ မုန်ညင်းချဉ်များနှင့် ရောလျက် အပြာရောင်ပလတ်စတစ်ကပ်ခွာ အိတ်ငယ် တစ်အိတ်လျှင် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ အိတ် ၁၅၀၊ အပြာရောင်မြွေရေခွံ အိတ်ဖြင့် ပတ်လျက် စက္ကူဂျပ်ဖာအတွင်း အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်ငယ်တစ်အိတ်လျှင် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ ၁၇၈ အိတ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၅၆၀၀၊ အလေးချိန် ၅ ဒသမ ၉၀၄ ကီလိုခန့် စုစုပေါင်း ငွေကျပ် ၁၃၁၂ သိန်း တန်ဖိုးခန့် ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့လေးဦးကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဟန်ငြေး(iprd)**

စပါးရိတ်သိမ်းစဉ် ပိုးထိ၍ လူတစ်ဦးသေဆုံး

တောင်တွင်းကြီး ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ် သရက်ကုန်းကျေးရွာတွင် မိုးရွာသွန်းပြီး လယ်ထဲတွင် ရေများဝင်သဖြင့် သားအဖ ငါးဦး စပါးရိတ်သိမ်းကြစဉ် အသက် (၂၂နှစ်) အရွယ်ရှိ မောင်သန်းဇော်ဦးသည် ပိုးထိ၍ သေဆုံးသွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီခန့်တွင် နွားများကို နွား စားကျက်ရွှေ့ပြောင်းလှန်ပြီး ပြန် အလာ ရေထဲတွင်ရှိသော မြွေပွေးကို မမြင်သဖြင့် နင်းမိရာ နှစ်ချက် ကိုက်ခံရပြီးနောက်သို့ ပက်လက်လန် ကျသွားခဲ့သည်။

ပြောပြ

တောင်တွင်းကြီး ဆေးရုံတွင် အဆိပ်ဖြေဆေးထိုးပေးပြီး မကွေးမြို့သို့ ဆေးကုသရန်လာစဉ် လမ်း၌ပင် သေဆုံးသွားကြောင်း သရက်ကုန်းကျေးရွာ ရွာသားတစ်ဦး ပြောကြားသည်။ **ဇွဲထက်ရှင်**

တရားမဝင်သယ်လာသော ရေနံစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၄

မြိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၁ ရက် ည ၇ နာရီခွဲက မြိုင်မြို့နယ် ကုန်းဘလူကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာ ဗဟင်းကျေးရွာနှင့် လင်းကတောကျေးရွာဆက် ထွန်းမြရတနာကားလမ်းပေါ်တွင် စောင့်ဆိုင်းနေစဉ် မြိုင်မြို့နယ် ကျောက်ခွက်ရေနံမြေမှ မုံရွာမြို့သို့ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာနေ အောင်ကိုထူး(၂၄နှစ်)မောင်းနှင်ပြီး မုံရွာမြို့နယ် ကျောက္ကာ(မြောက်)ရွာနေ နိုင်မင်းထူး(၂၂နှစ်)လိုက်ပါလာသည့် ၈ည/--- ၁၂ ဘီး Nissan ဆီဘောက်ဆာ အဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ တရားဝင်ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်လာသည့် ရေနံစိမ်း ဂါလန် ၃၅၀၀ တန်ဖိုးငွေကျပ် ၄၉ သိန်းကို သိမ်းဆည်းရမိခဲ့သဖြင့် အောင်ကိုထူးနှင့်ရေနံစိမ်းပိုင်ရှင် နိုင်မင်းထူးတို့အား မြိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၄

အမှတ် (၄၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်အနောက်)မှတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ည ၁၁ နာရီ မိနစ် ၄၀ က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၂) ရပ်ကွက်နေ အောင်ထွန်းသိန်း (၄၁နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ် မီးဖိုခန်းရှိ မီးသွေးအိတ်အတွင်းမှ WY နှင့် R စာတန်းတစ်ဖက်စီပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၇၇ ပြား၊ အဝတ်လျှော်စက်နှင့် အုတ်နံရံကြားမှ WY နှင့် R စာတန်းတစ်ဖက်စီပါ လိမ္မော်ရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ခြောက်ပြား၊ ရေချိုးခန်းအတွင်းမှ အမျိုးသမီးဝတ်အကျႌဖြင့်ပတ်ထားသည့် WY နှင့် R စာတန်းတစ်ဖက်စီပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ စုစုပေါင်းဆေးပြား ၁၂၇၃ ပြား၊ တန်ဖိုးငွေကျပ် ၆၃ ဒသမ ၆၅ သိန်း၊ နေအိမ်ခန်းရှိ ရေခဲသေတ္တာပေါ်မှ ဘိန်းဖြူ ၀ ဒသမ ၁ ဂရမ်၊ တန်ဖိုးငွေကျပ် ၁၀၀၀၀၊ အိမ်ငှားစာချုပ် တစ်စောင်၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် အောင်ထွန်းသိန်းအား လမ်းမတော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

လက်ပံတန်းမြို့၊ အထက(၁)၊ အထက(၂)နှင့် အလက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

B.E, (Civil) ၁၉၇၇ခုနှစ်

မော်လမြိုင်

အသက်(၆၃)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၃၉၉၊ အောက်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဒေါ်တင်မြင့်)၏ခင်ပွန်း၊ မော်လမြိုင်မြို့၊ လိုတရ ကဖီးပိုင်ရှင် ဦးငွေးကြည်သည် ၁-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

B.E , (Civil) ၁၉၇၇ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးရိုလင်းဇော်အောင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)

အသက်(၆၃)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ် ၂/၃၆၊ မန်စိန်ရပ်နေ ဒေါ်ဆွမ်ဒူ ရွယ်ဂျား၏ခင်ပွန်းသည် ၃-၁၂-၂၀၁၃ရက်တွင်ကွယ်လွန်သွားပါ၍ ၄-၁၂-၂၀၁၃ ရက် နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဦးဝေတည်

ကထိက(ငြိမ်း)၊ ဘောဂဗေဒဌာန

စီးပွားရေးတက္ကသိုလ်

အသက်(၆၀)

ဆရာဦးဝေတည် အသက်(၆၀)သည် ၁-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ကျော်နှင့် ဒေါ်ခင်ခင်ငွေး
သမီး မစုစုကျော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မျိုးအေး

အသက်(၅၇)နှစ်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးသန်းလွင်ဦး၏ဇနီး ဒေါ်ခင်မျိုးအေးသည် ၄-၁၂-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ
မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မျိုးအေး

အသက်(၅၇)နှစ်

ဦးသန်းလွင်ဦး (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်)၏ ဇနီးသည် ၄-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်နယ်မန်နေဂျာနှင့်ဝန်ထမ်းမိသားစုများ
မြန်မာ့စီးပွားရေးဘဏ်၊ ရခိုင်ပြည်နယ်

ဦးမောင်တင် (တိုင်းပညာရေးမှူး၊ ငြိမ်း)

(တောင်သာမြို့နယ်၊ တလိုင်းရပ်၊ ရွာသစ်)

အသက်(၉၀)

မန္တလေးမြို့၊ ရဲမွန်တောင်ရပ်ကွက်၊ မ/၄၄၊ တော်ဝင်လမ်းသွယ်၊ ၄၀-၄၁ ကြား၊ ၅၂/၅၃ကြားနေ (ဦးမြင့်-ဒေါ်ကျေး)တို့၏သားထွေး၊(ဦးမောင်ကို-ဒေါ်ဆွေတင်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ခင်၏ခင်ပွန်း၊ ဦးရည်မွန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင်၊ ဒေါက်တာတင်မောင်ဟန် (ပါမောက္ခချုပ်၊မန္တလေးဆေးတက္ကသိုလ်)-ဒေါ်နွယ်နီခင်(ပါမောက္ခဌာနမှူး၊ ငြိမ်း၊ မန္တလေး အဝေးသင်တက္ကသိုလ်)၊ ဦးတင်အုံ့ကို-ဒေါ်ခင်ခင်ငွေး (အထက-၁၊ မန္တလေး)၊ ဦးတင်အုံ့ချို-ဒေါက်တာမာမာလွင်(တွဲဖက်ပါမောက္ခ၊ မန္တလေးဆေးတက္ကသိုလ်)တို့၏ဖခင်သည် ၄-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကျန်ရစ်သောရုပ်ကလာပ်ကို မန္တလေးဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်တင် (တိုင်းပညာရေးမှူး၊ ငြိမ်း)

(တောင်သာမြို့နယ်၊ တလိုင်းရပ်၊ ရွာသစ်)

အသက်(၉၀)

ဦးရည်မွန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင် တို့၏မွေးသဖခင် ဦးမောင်တင် အသက်(၉၀)သည် ၄-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစု
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မမစီ(ခ)ဒေါ်စီစီ (အိမ်မဲ)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၂၈နေ (ဦးထွန်းအိ-ဒေါ်စိမ်းယဉ်)တို့၏သမီး၊ (ဦးအေးမောင်ကြီး၊ ယစ်မျိုးအရာရှိ၊ ငြိမ်း)၏ဇနီး၊ ဗိုလ်ကြီးမြင့်သောင်း(ငြိမ်း)-ဒေါ်အေးအေးသွင် [ထက်/ပြ (ငြိမ်း)၊ ထ/၁၊ ရန်ကင်း]၊ ဒေါ်ခင်ခင်မူ [ထက်/ပြ (ငြိမ်း)၊ ထ/၂၊ ဒဂုံ]၊ ဒေါ်ညိုညိုမာ[လ/ထ ညွှန်မှူး(ငြိမ်း)၊ ပစလ၊ပညာရေး]၊ ဒေါ်အမာစီ(ကျောင်းအုပ်ကြီး၊ အလက ကျွန်းကုန်းကြီး၊ ကြို့ပင်ကောက်)၊ ဒေါ်မြင့်မြင့်အောင်(ဦးစီးအရာရှိ၊ မြို့/အိုး)တို့၏မိခင်၊ ကိုဝင်းကိုကို-ဒေါက်တာနှင်းသီတာမြင့်(ကျောင်းအုပ်ကြီး၊ အထက၊ကြို့ပင်ကောက်)၊ ဒုရဲအုပ်ထွန်းသော်တာမြင့် [ရဲတပ်ရင်း(၁၆) စစ်ကိုင်း)၊ ဗိုလ်ကြီးထွန်းသူရိန် (လေကြောင်းရန်ကာကွယ်ရေး၊ ပဲခူးမြို့)တို့၏ အဘွားသည် ၄-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကျေးဇူးတင်လွှာ

ဒေါ်ကြည်ကြည်ညွန့်

(စလင်း/စကု)

အသက်(၈၉)နှစ်

၂၈-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော စလင်း/စကု ပွင့်ဖြူမြို့နယ်နေ (ဦးဘညွန့်-ဒေါ်အိမ်စော)တို့၏သမီး၊ (ဦးမျိုးစိန်) [အငြိမ်းစားညွှန်ကြားရေးမှူး(အကောက်ခွန်)၊ စစစ]၏ဇနီး ဒေါ်ကြည်ကြည်ညွန့်၏ နာရေးတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဒေါ်ညွန့်မေ

စခန်းမှူး၊ သတင်းတပ်ဖွဲ့(ငြိမ်း)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ

အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ ဦးထွန်းရွှေ-ဒေါ်ဝင်းဝင်း၊ ဦးလှမြင့်-ဒေါ်သိန်းသိန်းတို့၏ အစ်မ၊ (ဦးကျစ်၊ ရဲအုပ်၊ ငြိမ်း)၏ဇနီး၊ (ဦးခင်ဇော်)-ဒေါ်စန်းမြင့်၊ ဦးထွန်းလွင်-ဒေါ်ရီရီငွေ၊ (ဦးသိန်းသွင်)-ဒေါ်စီစီငွေ (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) တို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၃၀နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မျိုးအေး

ဒု-ကြီးကြပ်ရေးမှူး(ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ကုဋ္ဌိတံအိမ်ရာ၊ အမှတ် ၃၉-A နေ (ဦးဘညွန့်)-ဒေါ်ခင်ငွေးတို့၏သမီးကြီး၊ဦးထွန်းထွန်း(DMD၊ ရွှေတောင်ကုမ္ပဏီ) - ဒေါ်တင်မေထွန်း (DGM ရွှေတောင်ကုမ္ပဏီ)၊ ဦးချမ်းမင်း-ဒေါ်မိမိအောင်တို့၏အစ်မ၊ ဦးသန်းလွင်ဦး (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၏ဇနီး၊ မသံသာလွင်၏ မိခင်သည် ၄-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်း

အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်လှညွန့်)တို့၏သား၊ ဦးစံကျော်-ဒေါ်ညွန့်ခင်တို့၏သားသမက်၊ ဦးသန်းအောင်-(ဒေါ်ရီရီခင်)တို့၏မောင်၊ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊မကေခိုင်ဇော်၏ဖခင်၊(ဦးတင်ထွန်းဦး)၊ ဒေါ်ခင်ခင်၊ ဦးအောင်ကြည်တို့၏ညီ၊ (ဦးဉာဏ်ထွန်း)၊ (ဦးကျော်တင့်-ဒေါ်လှလှအေး)၊ ဦးသိန်းကြည်-ဒေါ်ဝင်းဝင်းမေ၊ (ဦးမြင့်စိုး)၊ ဒေါ်စိုးစိုးမြင့်၊ ဦးစိုးညွန့်၊ ဦးသန်းညွန့်-ဒေါ်မြသန်းအေး၊ ဦးထွန်းအုန်း-ဒေါ်လဲ့လဲ့တင်တို့၏အစ်ကို၊ တူ၊တူမ ၂၂ယောက်တို့၏ဦးလေး၊ဘကြီးသည် ၃-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်စန်းဝေ(ခ)ဒေါ်ဝေဝေ

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဖလမ်း၊ အမှတ် ၁၆၂နေ (ဦးကြိုင်-ဒေါ်စန်းရီ)တို့၏သမီး၊ (ဦးရာကျော်-ဒေါ်နိုင်)တို့၏သမီးချွေးမ၊ ဦးလှမြင့်၏ဇနီး၊ မခင်ပုလဲ၊ မသူဇာမြင့်(BPI)၊ မနွယ်နီမြင့် (ငါးလုပ်ငန်းဦးစီးဌာန)၊ ကိုဇော်မျိုးဦး-မရတနာမြင့်၊ မဟေမာမြင့်၊ ဗိုလ်ဖြိုးသီဟမြင့်တို့၏ မိခင်၊ ရွှန်းသီရိဝေ၏အဘွားသည် ၄-၁၂-၂၀၁၃ရက် နံနက်၁း၄၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကြင်စိန်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၊ ၁၅၂လမ်း၊ ဖျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ (ဒေါ်သက်တင်)၏ခင်ပွန်း၊ ဦးမောင်မောင် - ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ဖြူဖြူ၊ ဦးခင်မောင်ချို-ဒေါ်မော်မော်၊ ဦးခင်မောင်လွင်-ဒေါ်မြမြသန်း၊ ဒေါ်နွယ်လေး-(ဦးစိုးဝင်းအောင်)၊ ဦးခင်မောင်သွင်-ဒေါ်ဖြူဖြူလွင်တို့၏ဖခင်၊မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၄-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဦးကြီးမြင့်

ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)

ကြည်း-၅၆၇၁

ဂုဏ်ထူးဆောင်အသင်းနာယကကြီး

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ် ၉၉၊ အက်ဖ်(၂)နေ (ဒေါ်ခင်စမ်းရီ)၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဦးကျော်ဇင်၊ ဦးသန့်ဇင်၊ ဒေါ်နီလာ၊ ဒေါ်သီတာ၊ ဒေါ်မြတ်လေးရီ၊ ဒေါ်ယဉ်မေခိုင်၊ ဦးလင်းခိုင်တို့၏ဖခင်၊ မဥမ္မာကျော်၊ မသန္တာခင်မောင်ဦးတို့၏ ကန်တော့ခံ ဘိုးသက်ရှည် ဦးကြီးမြင့်သည် ၂-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးစစ်အော် (မြိတ်)

ရာသက်ပန်အသင်းဝင်အမှတ်(၁၆၇)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုလမ်း၊အမှတ် ၃၈၊ငါးလွှာ(အေ)နေ (ဒေါ်တင်ကြည်)၏ခင်ပွန်းသည် ၁-၁၂-၂၀၁၃ရက် ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးတင်မြင့်

(မိုးရေကာဖျင်စက်ရုံ၊ ငြိမ်း)

အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရဲရန်အောင်လမ်းသွယ်(၁)၊ အမှတ် ၆၃နေ (ဦးဘစိန်-ဒေါ်ညှာ)တို့၏သား၊ ကျိုက်လတ်မြို့နယ်နေ (ဦးတလုတ် - ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်ကျင်လှိုင်၊ (ဦးခင်မောင်)-ဒေါ်အုန်းကျင်၊ (ဦးမြင့်ဆွေ)-ဒေါ်အုန်းတင်၊ (ဦးကြည်ရှိန်)-ဒေါ်တင်အောင်၊ (ဦးအောင်ကြည်)-ဒေါ်သန်းသန်းဆွေ၊ဒေါ်မြသိန်းတို့၏ညီ/မောင်၊ ဦးမြင့်သောင်း-ဒေါ်ငွေရင်တို့၏အစ်ကို၊ ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နယ်၊ တူးမြောင်းရွာနေ (ဦးအောင်မြတ်-ဒေါ်တင်ငွေ)၊ ဒေါ်စန်းငွေ၊ ဦးကျော်မြင့်-ဒေါ်အေးကြည်၊ ဦးစိန်ထွန်း-(ဒေါ်ခင်စန်းလွင်)၊ ဦးအုန်းကြည်-ဒေါ်အေးသန်း၊ ဦးအောင်ခင်စန်း-ဒေါ်မြင့်မြင့်ခိုင်၊ဦးမြင့်ထွန်း-ဒေါ်မိမိမော်၊ (ဦးခင်ထွန်း)-ဒေါ်လဲ့လဲ့၊ ဦးထွန်းထွန်းတို့၏အစ်ကို၊ တူ၊တူမ ၁၅ယောက်တို့၏ဦးလေး၊ မြေး ၂၃ယောက်တို့၏အဘိုး၊ ကိုကျော်သူစိန် (Hi Hi သောက်ရေသန့်)၏ဖခင်၊ (ဒေါ်တင်တင်)၏ခင်ပွန်းသည် ၃-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှရှိန်

B.A (Eng), Diploma in Journalism

(Syracuse University)

အထက်တန်းဘာသာပြန်(ငြိမ်း)၊ ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန

အယ်ဒီတာ၊ ထွန်းနေ့စဉ်သတင်းစာ

အသက်(၉၀)

ရန်ကုန်မြို့နေ [ဦးထွန်းဖေ (ထွန်းနေ့စဉ်သတင်းစာ)-ဒေါ်သန်းနွယ်]တို့၏ သားကြီး၊ (ဦးဘကျွဲ၊ သစ်လုပ်ငန်း-ဒေါ်မမလေး)တို့၏သားသမက်၊ အမှတ် ၂၅၂/၂၉၊ ရွှေပြည်စိုးလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်အေး၏ခင်ပွန်း၊ ဒေါ်မြမြ(အထက်တန်းပြ၊ငြိမ်း)၏အစ်ကို၊ဦးရှိန်လင်းဦး၊ ဦးရှိန်လင်းထူး(MOGE)-ဒေါ်ရင်ရင်မြင့်(MOGE)၊ ဦးရှိန်လင်းထွေး၊ ဒေါ်ခင်စုရှိန်(Forever Group)၊ (ဦးရှိန်လင်းထွဋ်)တို့၏ဖခင်၊ မေသဲထူး၊ ကျော်လင်းထူးတို့၏အဘိုးသည် ၂-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၃၅နာရီတွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၃ရက်တွင်နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးဝင်းသိန်း [မြို့နယ်ဦးစီးမှူး(ငြိမ်း)၊ စက်မှု/လယ်ယာ]

အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ညွန့်-ဒေါ်ဖွားသီ)တို့၏သား၊ ရန်ကင်းမြို့နယ်နေ (ဒေါ်လှမေ)၏ခင်ပွန်း၊ ဦးလှညွန့်-ဒေါ်မေသန်းဝင်း၊ ဦးတင်ဝင်း-(ဒေါ်သီတာ)၊ ဦးထွေးဝင်း-ဒေါ်ချိုချိုသိန်း၊ ဦးဇော်လွင်ဝင်း (ခရိုင်ဦးစီးမှူး၊ ကသာခရိုင် ငါး/ဦးစီး)-ဒေါ်ကေသီခိုင်၊ ဦးစောမင်းခိုင်-ဒေါ်မေမေခင်၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်ဝေဝေ၊ ဒေါ်တင်မျိုးဝင်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂-၁၂-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ပုလေး

အသက်(၈၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နေ (ဦးအောင်လှ-ဒေါ်ဖွား)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ် ၁၀/ကနေ(ဦးချိန်ဟိုး)၏ဇနီး၊ ဒုအရာခံဗိုလ်သန်းချော(ငြိမ်း၊ မတရ)-(ဒေါ်မြင့်မြင့်သန်း)၊ (ဦးလှဝင်း)၊တပ်ကြပ်ကြီးစိုးတင့်(ငြိမ်း၊B.E. M.E)-ဒေါ်ခင်အေးသီ၊ (အရာခံဗိုလ်ခင်မောင်ထွေး၊ မတရ)-ဒေါ်ကြင်စန်း၊ ဦးမြစိုး (စီးပွား/ကူးသန်း)-ဒေါ်ရီရီမြင့်(စီးပွား/ကူးသန်း)၊ တပ်ကြပ်ကြီးသက်တင်(ငြိမ်း၊ ကက၊ လှမ်း)-ဒေါ်နွဲ့နွဲ့ထွေးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၄-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်ရွှေ(ခ)ဒေါ်ရွှေ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စာဂ ၁၆လမ်း၊(၄)ရပ်ကွက်နေ(ဦးသိန်း-ဒေါ်သိန်းညွန့်)တို့၏သမီး၊ ဦးမြမောင်၏ ဇနီး၊ ဒေါ်သန်းဝင်း၊ ဦးသန်းငွေ (ဒု-ညွှန်မှူး၊ ငြိမ်း၊ ကညန) - ဒေါ်စန်းရီ၊ (ဦးကျော်သန်း)၊ ဒေါ်မိမိမြိုင်၊ (ဦးဇော်ဝင်းနိုင်)၊ ဒုတိယဗိုလ်မှူးကြီးမြင့်အောင် (ဝါ္ဇီ)-ဒေါ်မြမြဝင်း၊(ဦးရဲဝင်းနိုင်)တို့၏ မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည်၄-၁၂-၂၀၁၃ ရက် ညနေ ၃း၂၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်မြမြဦး

အထက်တန်းပြ(ငြိမ်း)

အထက(၁)ကျောက်တန်း

အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ စိတ္တံသုခကျောင်းလမ်း၊ အမှတ် ၆၉၈နေ (ဦးတင်ဦး-ဒေါ်အေးသွင်)တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးစိန်ရ-ဒေါ်ခင်နု)တို့၏သမီးချွေးမ၊ ဦးငွေအောင်၏ဇနီး၊ ဦးစန်းဦး၊ ဒေါ်ဝင်းဝင်းဦးတို့၏ညီမ၊ ဒေါ်နွဲ့နွဲ့ဦး၊ ဦးတင်မောင်မောင်ဦးတို့၏အစ်မ၊ ဒေါက်တာရဲပြည့်ဟိန်း၊ မဆွေစင်စိမ့်တို့၏ မိခင်သည် ၂-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၀း၃၅နာရီတွင် ကျောက်တန်းမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကျောက်တန်းမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်ရီ

အလယ်တန်းပြ(ငြိမ်း)

အမက(၁)ပုသိမ်

အသက်(၈၀)

ပုသိမ်မြို့၊ရှင်ပင်ဘုန်းပွင့်လမ်း၊အမှတ် ၃၆နေ (ဦးကံညွန့်-ဒေါ်မယ်ကျင်)တို့၏ သမီး၊ (ဒေါ်ခင်ကြည်)၏ညီမ၊ ဒေါ်ခင်ဥ (အလယ်တန်းပြ၊ငြိမ်း)၏အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးသန်းအေး (B.E. Electrical Engineer)-ဒေါ်စန်းစန်းငွေး[ကျောင်းအုပ်ဆရာမကြီး၊ အထက(၃)စမ်းချောင်း]၊ ဦးဝင်းတင်(ထောက်ပို့ရေးတပ်၊ ငြိမ်း)-ဒေါ်သီတာဦးတို့၏အဒေါ်၊ ကိုသက်တင်ထွန်း၊ မဆုနှင်းထက်အောင်(Final Part I)၊ကိုမင်းသီဟအောင်တို့၏အဘွားသည် ၃-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)ည ၁၁း၅၅ တွင် ကွယ်လွန်သွားပါ၍ ၅-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် အထက (၃)စမ်းချောင်းမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဲမှူးခင်မောင်စိုး (ရဲ-၂၀၄၄)

(ဒုတပ်ဖွဲ့ခွဲမှူး၊ မန္တလေးတိုင်း သတင်းတပ်ဖွဲ့)

ကျောက်ဆည်အသင်း

အသက်(၅၇)နှစ်

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ (ဦးဘဒင်) - ဒေါ်ခင်ကြည်တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးစိုးတင့် - ဒေါ်ခင်ထွေးရီ)တို့၏သားသမက်၊ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ ဒေါက်တာလဲ့ဝေအေး၊ မောင်သက်ထက်အောင် (နောက်ဆုံးနှစ်၊ တိုင်းရင်းဆေးတက္ကသိုလ်)တို့၏ဖခင်သည် ၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၅ နာရီတွင် မန္တလေး(ခုတင်-၃၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ကျောင်းသားများ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင်နှင့် အရည်အသွေးမြင့်မားအောင် ဆရာများကဝိုင်းဝန်းကြိုးစား

နေပြည်တော် ဒီဇင်ဘာ ၄

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက်ဆရာတော်အားဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းဝင်းအတွင်းရှိ စူဠာမုနိအဘယဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်ကြပြီး ရတနာစိန်ဖူးတော်၊ ဓာတ်တော်ကြုတ်၊ ငှက်မြတ်နားတော်နှင့်ရွှေပန်းခိုင်တို့ကို ကန်မိန်းကျောင်းတိုက်ဆရာတော်ထံဆက်ကပ်ကာ စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့ပြင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အဆိုပါ မန်ဆူရှမ်းကျောင်းဝင်းအတွင်း၌ မဟာဗုဒ္ဓဝင်ပြတိုက်အဆောက်အအုံဆောက်လုပ်ရန်အတွက် အုတ်မြစ်တော်စီမင်္ဂလာသို့ တက်ရောက်ပြီး ရတနာအုတ်မြစ်များ စီသွင်းပူဇော်ခဲ့ကြသည်။

ယနေ့ ရွှေထီးတော်တင်သည့် စေတီတော်နှင့် မဟာဗုဒ္ဓဝင်ပြတိုက်အတွက် သမဝါယမဘဏ်လီမိတက်ဥက္ကဌ ဦးခင်မောင်အေးက ငွေကျပ်သိန်း ၉၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရပ်ကွက်(၆)ရှိ ရွှေလီမောဝ်ခမ်းကျောင်းပရိယတ္တိစာသင်တိုက်၌ ဆရာတော်အားဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တည်ဆောက်ဆဲ သံဃာ့ကျောင်းဆောင်သစ်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက်ဆင့် ဒုတိယသမ္မတသည် လားရှိုးတက္ကသိုလ်သို့ ရောက်ရှိရာ ကမ္ဘောဇခန်းမ၌ တက္ကသိုလ်ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ တာဝန်ခံပါမောက္ခချုပ်က ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမ၌ တွေ့ဆုံပွဲတက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တီမောလက်စ်တေ အားကစားအသင်း ရန်ကုန်မြို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ SEA Games တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တီမောလက်စ်တေမှ အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူများသည် ယနေ့ ညနေ ၃ နာရီခွဲခန့်တွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာသည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် တီမောလက်စ်တေဘောလုံးအသင်းပြင်ဆင်ထားမှုများအား အသင်းအုပ်ချုပ်သူနှင့် ဘောလုံးကစားသမားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

တီမောလက်စ်တေ အားကစားအသင်းခေါင်းဆောင် LAURENTINO GUTERRES က "SEA Games ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ အသင်းမှာ ဘောလုံးအားကစားသမားကောင်းတွေ အများကြီး ပါပါတယ်။ ဖိုင်နယ်ရောက်တဲ့အထိ ကြိုးစားပြီး ကန်သွားမှာပါ။ ကမ်ပိုအသင်းပြိုင်ပွဲမှာလည်း ရွှေသုံးခုလောက်ရမယ်လို့ မျှော်မှန်းထားပါတယ်။ တခြားဟာတွေကိုလည်း အကောင်းဆုံး အားကစားသမားတွေနဲ့ ယှဉ်ပြိုင်သွားမှာပါ။ တီမောလက်စ်တေ *စာမျက်နှာ ၅ ကော်လံ ၄* ✻

တီမောလက်စ်တေတိုက်စစ်မှူး Jose Martins Do Rego

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် တီမောလက်စ်တေနိုင်ငံမှ ဘောလုံးအားကစားသမား ၂၀ နှင့် အသင်းအုပ်ချုပ်သူသုံးဦးတို့ ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့သို့ ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (၀၁၅)

အသိပေးကြေညာချက်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပပြုလုပ်ခြင်းနှင့် အစမ်းလေ့ကျင့်ခြင်းများပြုလုပ်မည့် ၆-၁၂-၂၀၁၃ ရက်နေ့ မွန်းလွဲ ၂း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိလည်းကောင်း၊ ၈-၁၂-၂၀၁၃ ရက်နေ့တွင် နံနက် ၆း၀၀ နာရီမှ ညပိုင်း ၁၁း၀၀ နာရီထိ လည်းကောင်း၊ ၁၁-၁၂-၂၀၁၃ ရက်နေ့တွင် နံနက် ၆း၀၀ နာရီမှ ညပိုင်း ၁၁း၀၀ နာရီအထိ လည်းကောင်း၊ ၂၂-၁၂-၂၀၁၃ ရက်နေ့တွင် နံနက် ၆း၀၀ နာရီမှ ညပိုင်း ၁၁း၀၀ နာရီအထိ လည်းကောင်း၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဧရိယာသို့ဝင်ရောက်နိုင်သည့် အောက်ပါနေရာ/ လမ်းဆုံ (၈)ခုတွင် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

(၁) ပျဉ်းမနားတောင်ညိုလမ်းနှင့် ဉာဏအောင်မြေလမ်းဆုံ (စိုးစံလမ်းထိပ်)
(၂) မြရည်နန္ဒာလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (ဆွာလမ်းဆုံအနီး)
(၃) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (အထက-၁၁ ထိပ်)
(၄) မဏိစန္ဒာလမ်းနှင့် ဂိတ် (၅) ထိပ်လမ်းဆုံ (ဂိတ် ၅ ထိပ်)
(၅) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (အားကစားရွာထိပ်)
(၆) ပျဉ်းမနားတောင်ညိုလမ်းနှင့် V4 လမ်းဆုံ (နေပြည်တော်မြို့ပတ်လမ်းဆုံ)
(၇) ဇေယျာအောင်မြေလမ်းနှင့် နန်ချွန်ကျေးရွာဘုန်းကြီးကျောင်းလမ်းဆုံ
(၈) မဟာဇေယျာလမ်းနှင့် ဇေယျဗလလမ်းဆုံ (ခရေအိမ်ရာထိပ်) တို့ ဖြစ်ပါသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ 27 th SEA Games ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပစဉ် ဧရိယာပြင်ပ၌ ယာဉ်စစ်ရန်လမ်းပိတ်မည့် နေရာပြမြေပုံ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ
နေပြည်တော်

မောတောင်ဒေသ မြို့ပြတည်ဆောက်ရန် မြေနေရာတိုင်းတာပြီးစီး

မြိတ် ဒီဇင်ဘာ ၄

မြိတ်ခရိုင် တနင်္သာရီမြို့ သိန်ခွန်းကျေးရွာအုပ်စုအတွင်းမှ မြန်မာ-ထိုင်းနယ်စပ် မောတောင်ဒေသကို မြို့ပြအဆင့်တည်ဆောက်ရန်အတွက် မြို့ဧရိယာတိုင်းတာမှုလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက နိုဝင်ဘာလအတွင်း တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြရာ မြို့ဧရိယာအားလုံး တိုင်းတာထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မောတောင်ဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၃ခုနှစ် မေလအတွင်း ဖွင့်လှစ်နိုင်ခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားလာကြသည်။ *စာမျက်နှာ ၇ ကော်လံ ၆* ✻

နိုင်ငံတကာ

ဘရာဇီးကမ္ဘာ့ဖလားဘောလုံးကွင်းသုံးကွင်း သတ်မှတ်ကာလပြီးရန် အသင့်မဖြစ်

စာမျက်နှာ ➤ ၄

ပြည်တွင်း

ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းပေါ်ရှိ ကျေးရွာချင်းဆက်တံတား ပြန်လည်တည်ဆောက်

စာမျက်နှာ ➤ ၁၀

အားကစား

ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် အင်္ဂလန်အသင်း ထိပ်သီးများကိုရှောင်နိုင်ဖွယ်ရှိ

စာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ
၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်။ ကြာသပတေးနေ့
Advertisement



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ မေတ္တာလမ်း၊ ခြံအမှတ် (၃/၁)နေ
ဦးလှိုင်ထွန်း-ဒေါ်ကြည်ကြည်မြင့် တို့၏ သားလတ်

မောင်ကောင်းမြတ်ထွန်း

B.Sc(Physisc)A.G.T.I(EP)

2nd Engineer(MULTIGATE Shipping Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက် ၁၈၊ အခန်း၂နေ
ဦးတင့်ဆွေ(အမှုဆောင်အရာရှိ၊ငြိမ်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)
Parami Energy Group of Companies -ဒေါ်ရီရီမြင့် တို့၏သမီးဦး

ဒေါက်တာလှဲ့ရည်ဆွေ

M.B.,B.S(Ygn),MRCOG(Part 1)

M.Med.Sc OG(1st Year)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)

တို့သည် ၂၄-၁၁-၂၀၁၃ရက်တွင် Sedona Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းမြတ်ထွန်း-ဒေါက်တာလှဲ့ရည်ဆွေ

တိုက်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဧရာလမ်းမကြီး၊ ပေ၂၀×ပေ၆၀၊ နှစ်ထပ်တိုက်၊ အိပ်ခန်းသုံးခန်း၊ Air Con သုံးလုံး၊ ကြိုးဖုန်းတစ်လုံး၊ အပေါ်ထပ် အောက်ထပ် ရေချိုးခန်း၊ အိမ်သာ၊ ကိုယ်ပိုင်ရေ၊ မီး၊ ဂရန်အမည်ပေါက်၊ အပေါ်ထပ် လှေကားထိုး၊ အောက်ထပ်ကြွေပြား၊ ၁၀ပေပတ်လည်ဆိုင်ခန်းနှစ်ခန်း၊ ကျပ်သိန်း၂၃၀၀။

ဖုန်း-၀၉-၄၃၁၅၄၁၇၄၊ ၀၉-၈၃၀၂၇၄၆

- ခေတ်အဆက်ဆက် 'စစ်စစ်' ကိုသာ ထုတ်လုပ်တယ်၊
- ကြိုက်တဲ့ ဓာတ်ခွဲခန်းမှာ 'စစ်ဆေး' ခံနိုင်ပါတယ်၊
- သဘာဝ 'အရောင်အနံ့၊ အရသာ' နှင့် ပြည့်စုံရပါသော

စပယ်ပွင့်

မြေပဲဆီ၊ မြေပဲဆုံဆီ၊ နှမ်းဆီ၊ နှမ်းဆုံဆီနှင့် သဘာဝနေကြာဆီ
ငါးပိဿာနှင့်အထက် ကြိုတင်မှာယူလိုသူများ ရန်ကုန်မြို့တွင်း အိမ်တိုင်ရာရောက်
အခမဲ့ လိုက်လံပို့ဆောင်ပေးပါသည်။

ပင်ရင်း (မိတ္ထီလာမြို့)	(ရန်ကုန်)
ဒေါ်လှလှဆီစက်၊ MEC ရှေ့	UPT လျှပ်စစ်လုပ်ငန်း
ကျောက်ပန်းတောင်းလမ်း	အမှတ် ၁၉၂၊ သစ္စာလမ်း၊ ကံဘဲ့၊ရန်ကင်း
ဖုန်း-၀၆၄-၂၄၁၈၄၊ ၂၃၁၈၄၊ ၂၃၃၆၀	ဖုန်း-၀၁-၅၆၁၈၆၈၊ ၁၅၇၇၄၀၄
၀၉-၄၃၀၀၂၇၂၅၊ ၅၁၂၆၃၀၆	ဖုန်း-၀၉-၅၀၁၉၃၄၈၊ ၀၉-၇၃၁၂၇၇၅၉

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းနေ
ဦးမောင်စံရွှေ-ဒေါ်အေးအေးထွန်း(ပြည့်စုံကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏
တစ်ဦးတည်းသောသား

ဒေါက်တာသိန်းလှိုင်

M.B.,B.S (MGY) လက်ထောက်ဆရာဝန်

ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့

နှင့်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကုန်သည်လမ်းနေ ဦးရွှေမောင်-ဒေါ်မမြင့်ခင်
(လူပျံလက်ဖက်ခြောက်)တို့၏သမီးငယ်

မအေးမြင့်သူ

B.B.M (NMC)

တို့ကို ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာသိန်းလှိုင်-မအေးမြင့်သူ

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သူ ၁၂/မဂဒ(နိုင်)၁၀၀၉၃၃ အမှတ်(၂)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးကျော်သူနှင့် ဒေါ်မြရွှေစင် ၁၂/ဥကမ(နိုင်)၀၀၆၇၅၄တို့သည် မြန်မာ့ဓလေ့ထုံးတမ်းအရ ၂၉-၁၁-၂၀၀၂ရက်တွင် မင်္ဂလာဆောင်နှင်းပြု၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သမီးမယွန်းပိုးအိ အသက်(၁၀)နှစ်တစ်ဦး ထွန်းကားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးကျော်သူနှင့်ဒေါ်မြရွှေစင်တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ယခုကြေညာရက်မတိုင်မီ ရှေ့လေးနှစ်ကျော်ကာလမှစ၍ အတူပေါင်းသင်း ဆက်ဆံနေထိုင်ခြင်းမရှိတော့ပါ၊ သို့ဖြစ်ပါ၍ ယနေ့မှစပြီး ဦးကျော်သူသည် ဒေါ်မြရွှေစင်အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်ညွှန်ကြားချက်ပေးသူ	**ဦးအောင်မြင့်(ကမာရွတ်)**
ဦးကျော်သူ	**H.G.P,LL.B,D.B.L,D.M.L,D.I.L,**
၁၂/မဂဒ(နိုင်)၁၀၀၉၃၃	**D.Apsy(Advocate),**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၄၇/၈၇)
	အမှတ် ၂၁၃၊ မဟာဗောဂ ၁ လမ်း၊
	(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေဘိုမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၆

ဦးကျော်ဝဏ္ဏ	နှင့်	၁။ ဦးမင်းသူ ၂။ ဒေါ်ဌေးဌေး ၃။ ဒေါ်နီနီ
တရားလို		**တရားပြိုင်များ**

ဒီပဲယင်းမြို့၊ ဈေးသစ်ရပ်နေ ၁။ ဦးမင်းသူ (ဘ)ဦးထွန်းရှင် ၅/ဒပယ(နိုင်)၀၆၁၅၇၆၊ ၂။ ဒီပဲယင်းမြို့၊ ဈေးသစ်ရပ်နေ ဒေါ်ဌေးဌေး အိုင်တီမိုဘိုင်းဖုန်းဆိုင် ၃။ ဒီပဲယင်းမြို့၊ ဈေးသစ်ရပ်နေ ဒေါ်နီနီ (ဦးမင်းသူ၏ဇနီး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဆင်းကတ်ဖိုးကျန်ငွေကျပ် ၉၅၂၉၀၀၀ိ/ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၃ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၁ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်နွယ်နွယ်
မြို့နယ်တရားသူကြီး
ရွှေဘိုမြို့

မြေကွက်ရောင်းရန်(နေရာကောင်း)

ပေ(၄၁×၇၅)၊ ရွှေကမ်းသာယာ အိမ်ရာ၊ လှိုင်သာယာ၊ ဈေးနှုန်း- ကျပ်သိန်း ၁၀၀၀

ဖုန်း-၀၉-၇၃၁၄၈၉၉၅

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ လက်ထောက်မန်နေဂျာ — ကျား(၁)ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၂။ Jr.Accountant — မ (၁)ဦး
B.Com/LCCI Level I,II,III အောင်ပြီး၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၃။ Office Staff — မ (၁)ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၄။ Pump Man — ကျား (၂၀)ဦး
ဘွဲ့ရ၊ ကွန်ပျူတာ အခြေခံနားလည်ရမည်။
၅။ Cashier — မ (၁၀)ဦး
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
၆။ Driver — ကျား (၃)ဦး
Light Truck,Auto Gear မောင်းနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။
၇။ Security — ကျား (၆)ဦး
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အသက် ၂၅နှစ်-၄၅ နှစ်အတွင်း ဖြစ်ရမည်။
ရန်ကုန်မြို့တွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
လျှောက်လွှာနှင့်အတူ ပူးတွဲတင်ရန်
- CV Form
- ဘွဲ့/အောင်လက်မှတ်မိတ္တူ
- အလုပ်သမား မှတ်ပုံတင်မိတ္တူ
- နိုင်ငံသားမှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ
- ရပ်ကွက်ထောက်ခံစာ/ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ
- ဓာတ်ပုံ (၂)ပုံတို့နှင့်အတူ
လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ - Moon Sun Trading Co.,Ltd.
အမှတ် ၁၆၃/၁၊ သုနန္ဒလမ်းနှင့် သုမင်္ဂလာလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၉၅၁-၆၉၂၄၈၂၊ ၀၁-၆၉၁၁၄၆၆၊ Fax- ၉၅၁-၆၉၂၄၈၂
(သတင်းစာတွင် ကြော်ငြာပါပြီး တစ်ပတ်အတွင်း လျှောက်ထားရန်)

[illegible]

အိမ်ရောင်းရန်

သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နေဝင်းလမ်းမပေါ်တွင် ၁½ ထပ်တိုက်၊ ရေ၊ မီး၊ ဖုန်းပါ။ ညှိနှိုင်းဈေး။

ဖုန်း-၀၅၆-၂၁၈၂၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ထွေးဝင်း PP- No.A 227740 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၂၅၄၀၃၂၄၆၂

ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ(S-၈၉)၊မြေကွက်အမှတ် ၁၈၉၊ မြေကွက်တည်နေရာ အမှတ် ၇၊ဘယသုခ္ခိလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်နှင်းရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်နှင်းရွှေကို တရားပြိုင်ထား၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁/၂၀၀၉၊ တရားမ ဇာရီမှုအမှတ် ၁၀၂/၂၀၁၃ တို့ကို တင်ပြ၍ ဒေါ်နှင်းဝင့်ဝင့်ဖြူ(ဒုတိယဦးစီးမှူး)မှ တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၄၀တွင် နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ကမရ(နိုင်)၀၃၄၈၁၃ကို ကိုင်ဆောင်သူ ဒေါ်ခင်မြေးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြေးဦးနှင့် လူကြီးမင်း ဒေါ်ခင်နှင်းလွင် ၁၂/ဒဂန(နိုင်) ၀၀၆၄၇၂၊ အမှတ်(၇၉-က) ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်နှင့် လူကြီးမင်း ဒေါ်ခင်သက်ထား ၁၂/ကမရ(နိုင်)၀၃၅၂၃၀၊ အမှတ်(၃၇-ဘီ)၊(၆)ရပ်ကွက်၊ခုနစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်တို့သည် ညီအစ်မအရင်းအချာများ ဖြစ်ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် သမီးအကြီးဆုံးဖြစ်ပါသည်။

မိဘနှစ်ပါး ကွယ်လွန်ကြပြီးနောက်တွင် ကျန်ရစ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်(ယခင် ကြည့်မြင်တိုင်အရှေ့နှင့် သရက်ကုန်းတိုက်နယ်) မြေတိုင်းရပ်ကွက်အမှတ် ၈၂၂၊ မြေကွက်အမှတ် ၄၅ဗီ/၁ က-၂၊ ဧရိယာ ၀ဒသမ၁၈၈ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်(ရှေ့ဆက်လက်၍ အမွေဆိုင်ပစ္စည်းဟုသာ ဖော်ပြမည်)ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃၁-၃-၂၀၀၈ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၉၂၉/၂၀၀၈ဖြင့် မှတ်ပုံတင်စာရင်းတင်သွင်းထားသည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းအရ အညီအမျှ ပိုင်ဆိုင်လာခဲ့ကြသည်ကို လူကြီးမင်းတို့ အသိပင်ဖြစ်ပါသည်။

သို့သော်လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေထံ တစ်စုံတစ်ရာအသိပေးခြင်း၊ သဘောတူညီချက်ရယူခြင်းမပြုဘဲ အမွေဆိုင်ပစ္စည်းကို မော်တော်ယာဉ် အရောင်းအဝယ်လုပ်ငန်းများကို ဆောင်ရွက်နေသည့် Myanmar Auto Trader Services Co.,Ltd. ကို တစ်လလျှင် ငွေကျပ် ၁၀၀၀၀၀၀(ငွေကျပ်ဆယ်သိန်း)နှုန်းဖြင့် နှစ်နှစ်စာချုပ် ချုပ်ဆိုပြီး ငှားရမ်းခဲ့ကြောင်း သိရှိရပါသည်။ ငှားရမ်းသည့် သက်တမ်းကာလနှစ်နှစ်အတွက် ရရှိသည့် ငှားရမ်းခငွေ မြန်မာငွေကျပ် ၂၄၀၀၀၀၀၀(ငွေကျပ်သိန်းနှစ်ရာ့လေးဆယ်တိတိ)အနက် ငွေကြေးတစ်စုံတစ်ရာကိုမျှ ကျွန်ုပ်၏မိတ်ဆွေအား ပေးအပ်ခဲ့မှုမရှိခြင်းသည် မဖြစ်သင့်သော ကိစ္စဖြစ်သည့်အပြင် တည်ဆဲဥပဒေများနှင့်ညီညွတ်ခြင်းမရှိကြောင်းလည်း ဝမ်းနည်းစွာဖြင့် ဖော်ပြအပ်ပါသည်။

သို့ဖြစ်၍ လူကြီးမင်းတို့သည် ညီအစ်မသုံးဦး အညီအမျှပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းအား ငှားရမ်းသည့်အတွက် ရရှိသည့် ငှားရမ်းငွေအနက်မှ ကျွန်ုပ်၏မိတ်ဆွေရသင့်သည့် မြန်မာကျပ်ငွေ ၈၀၀၀၀၀၀ (ငွေကျပ်သိန်းရှစ်ဆယ်တိတိ)ကို ကျွန်ုပ်၏မိတ်ဆွေထံ ၁၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထားပြီး အကျေအလည်တစ်လုံးတစ်ခဲတည်းပေးအပ်ကြရန် သဘောရိုးဖြင့် တောင်းဆိုလိုက်ပါသည်။(မြေကွက်နှင့်အဆောက်အအုံ ငှားရမ်းခြင်းကို သဘောတူညီသည်ဟု ဝန်ခံခြင်းမဟုတ်ပါ။ ဥပဒေအရ ရပိုင်ခွင့်အတွက် တောင်းခံခြင်း ဖြစ်ပါသည်။)

လူကြီးမင်း ဒေါ်ခင်နှင်းလွင်၊ ဒေါ်ခင်သက်ထားတို့နှင့် Myanmar Auto Trader Services Co.,Ltd. တို့အား ထပ်မံအသိပေးလိုသည်မှာ အကယ်၍ ယင်းအမွေဆိုင်ပစ္စည်းအား ငှားရမ်းသည့်ကာလသည် ၃၁-၁၂-၂၀၁၃ရက်တွင် ကုန်ဆုံးခြင်းမရှိပါက ယင်း ၃၁-၁၂-၂၀၁၃ ရက်မှစ၍ ငှားရမ်းခြင်းကို အသိအမှတ်မပြုတော့ကြောင်း၊ အမွေဆိုင်ပစ္စည်းငှားရမ်းခြင်းကို အပြီးအပိုင် ရပ်စဲလိုက်ကြောင်းနှင့် နောင်တွင် ကျွန်ုပ်မိတ်ဆွေထံမှ သဘောတူခွင့်ပြုချက်ရယူခြင်းမရှိဘဲ ထပ်မံငှားရမ်းခြင်းပြုပါက ငှားရမ်းသူနှင့်ငှားရမ်းနေထိုင်သူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ယင်းသို့ ငှားရမ်းခြင်းသည် တရားမဝင် ငှားရမ်းခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

အကယ်၍ လူကြီးမင်းတို့သည် ဤအကြောင်းကြားစာပါ တောင်းဆိုချက်များ၊ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ မလွှဲမရှောင်သာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ်အဝဝကို လူကြီးမင်းကပင် ကျခံရမည်ဖြစ်ကြောင်းလည်း သိစေအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ခင်မြေးဦး	**ဦးအောင်သန်းစိုး**
၁၂/ကမရ(နိုင်)၀၃၄၈၁၃	**B.A(Law),LL.B**
	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃)
	အမှတ် ၁၂၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
	ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၀

ကွယ်လွန်သူ ဦးခင်မောင်ထွန်း၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်တင်တင်ရီ (ဘ)ဦးမြင့်မောင်
၈/သရန(နိုင်)၀၁၅၂၈၉
အကျဉ်းဦးစီးဌာန၊ အိုးဘိုရပ်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
လျှောက်ထားသူ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကျဉ်းဦးစီးဌာန၊ အိုးဘိုရပ်နေ ဒေါ်တင်တင်ရီက ကွယ်လွန်သူ ဦးခင်မောင်ထွန်း၏ ဇနီးဖြစ်သည်ဟူ၍ အောင်မြေသာစံမြို့နယ်၊ အကျဉ်းဦးစီးဌာန၊ အိုးဘိုရပ်နေ ၎င်းကွယ်လွန်သူ ဦးခင်မောင်ထွန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများသူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်ထွန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၄ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်တင်တင်ရီ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သာစည်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၇

မန်နေဂျာ	**နှင့်**	၁။ ဦးသောင်းလွင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်အေးအေးစန်း
သာစည်မြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ် ၁၈၁၀/ရွာကြီးတောင်၊ ဦးပိုင် ၁၂၁/၂၊ ဧရိယာ ၀ ဒသမ ၂၆ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၇)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေနှစ်ထပ်တိုက်တွဲလျက်၊ ပေ(၂၇×၃၀)သွပ်မိုး၊ အုတ်ကာကွန်ကရစ်ခင်း၊ တစ်ထပ်အရောင်းဆိုင်နှင့် (၁၁×၇)ပေ ရေချိုးခန်းနှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၎မိုးရိပ်၊ မြေကွက်အမှတ် ၃၄၉၊ မြေကွက်တည်နေရာအမှတ် ၃၄၉၊ ၆လမ်း၊ ၎မိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးအုန်းရှိန် ၁၂/သဃက(နိုင်)၀၄၈၇၅၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအုန်းရှိန်(ဖခင်)နှင့် ဒေါ်မြရီ(ခ)ဒေါ်အမြ(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးအောင်လွင် ၁၂/သဃက(နိုင်)၀၅၀၈၇၉၊ (၂) ဒေါ်သီဂီအေး ၁၂/သဃက(နိုင်)၀၅၁၀၅၃၊ (၃) ဒေါ်ဝင်းဝင်းမြေ ၁၂/သဃက(နိုင်)၀၃၈၅၄၂ တို့က သားသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP-၁၈၀၁၅/၂၄-၉-၂၀၁၃ ရသူ ဒေါ်အေးအေးခိုင် ၁၂/သဃက(နိုင်)၀၀၀၃၃၂ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/မာန်ပြေ၊ မြေကွက်အမှတ်၁၂၀၃/က၊ မြေကွက်တည်နေရာအမှတ် ၁၂၀၃/က၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် (၁)ဦးအောင်မြင့်၊ (၂)ဒေါ်အမော် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်(ဖခင်)နှင့် ဒေါ်အမော်(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်အမော်နှင့် (ဦးညွှန့်မောင်)တို့၏ ပထမအိမ်ထောင်မှ သားသမီးများဖြစ်သော (၁)ဒေါ်ခင်သန်းစိုး ၁၂/သကတ(နိုင်)၀၇၇၀၀၈၊ (၂)ဦးရန်မျိုးအောင်၁၄/မအန(နိုင်)၀၁၅၁၉၇၊ (၃)ဦးလှဝင်းအောင်၁၂/သကတ(နိုင်)၀၃၇၀၀၆၊(၄)ဒေါ်နိုင်နိုင်မော် ၁၂/သကတ(နိုင်)၀၃၇၀၁၂ နှင့် ဒေါ်အမော်၏ဒုတိယအိမ်ထောင် (အမည်ပေါက် ဦးအောင်မြင့်) တို့၏ သားများဖြစ်သော ဦးကျော်စိုးအောင် ၁၂/သကတ(နိုင်)၀၅၃၇၇၇၊ (၂)ဦးရန်လင်းအောင် ၁၂/သကတ(နိုင်) ၁၃၅၁၅၉တို့မှပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ တိုက် ၃၂၊ခြောက်လွှာ(ဘီ)နှင့်ပတ်သက်၍ အမည်ပေါက် ဦးအေး ၇/သဝတ(နိုင်)၀၀၂၃၇၃၊ သမီး ဒေါ်စုစုလှိုင် ၇/ပမန(နိုင်)၀၀၃၉၀၅တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ ဤတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားပိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်အတူ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ခိုင်
ဖုန်း-၀၉-၄၂၂၅၃၄၆၇၆

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်မြတ်ဗိုလ်ဗိုလ်ဝင်း ၁၂/သလန(နိုင်)၀၇၃၄၈၈ ၏ Passport နံပါတ် ၃၆၅၁၅၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၂၅၇၅၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)

ချမ်းမြသာစည်မြို့နယ်တရားရုံးတော်

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၀

ဦးစိုင်းဆန်လှ နှင့် ဦးညီပု

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ အကွက် ၇၂၆၊ စိတ္တရမဟီရပ်နေ ၊ ချမ်းအေးသာစံမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းဆန်လှက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်၊ အကွက်အမှတ် (၉၉-၁)၊ဦးပိုင်အမှတ်(၄၂)၊ ဂရန်မြေကွက်နှင့် ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၁ရက်)၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၃ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်နိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

မန္တလေးခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်(၈၉)

အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများ

အက်ဥပဒေပုဒ်မ(၂၉)အရ အငှားချထားခွင့်ပြုရန်

လျှောက်ထားခြင်း အကြောင်းကြားစာ

ဦးအောင်စိန် နှင့် ဒေါ်နန်းသန္တာအောင်
(မ-၁၅/၁၅) ရဲမွန်တောင်ရပ်ကွက်၊ (မ-၁၅/၁၅) ရဲမွန်တောင်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊

လျှောက်ထားသူ **လျှောက်ထားခံရသူ**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊(မ-၁၅/၁၅)နေ (၁)မဖေသဲစု(၂)မချစ်သဲစု(ခ)ဖေသဲချစ်(၃)မောင်ဖေထက်အောင်၏ အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားခြင်းခံရသူ ဦးအောင်စိန်က(၁)မဖေသဲစု(၂) မချစ်သဲစု(ခ)ဖေသဲချစ်(၃) မောင်ဖေထက်အောင် ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး-

(က) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၁၀)၊ဦးပိုင်အမှတ်(၁၁၉)၊ ယခင်ဦးပိုင်(၁၈/၃)၊ ဧရိယာ ၀ဒသမ၅၀ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊

(ခ) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၅၁၄/၁၀)၊ ဦးပိုင်အမှတ်၁၂၀၊ ယခင်ဦးပိုင်(၁၈/၄)၊ ဧရိယာ ၀ဒသမ ၅၀ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊

(ဂ) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၅၁၄/၁၀)၊ ဦးပိုင်အမှတ်၁၂၁၊ ယခင်ဦးပိုင်(၁၆/၁၄)၊ဧရိယာ ၀ဒသမ၅၀ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊

(ဃ) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၅၁၄/၁၀)၊ ဦးပိုင်အမှတ်၁၂၂၊ ယခင်ဦးပိုင်(၁၆/၁)၊ ဧရိယာ ၀ဒသမ ၅၀ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊

(င) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၅၁၄/၁၀)၊ ဦးပိုင်အမှတ်၁၂၃၊ ယခင်ဦးပိုင်(၁၈/၂)၊ဧရိယာ ၀ဒသမ ၄၆၂ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊

(စ) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၅၁၄/၁၀)၊ ဦးပိုင်အမှတ် ၁၂၄၊ ဧရိယာ ၀ဒသမ၃၈ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၊

(ဆ) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် အကွက်အမှတ် (၅၁၄/၁၀)၊ဦးပိုင်အမှတ်၁၂၅၊ ယခင်ဦးပိုင်အမှတ် (၁၈/၂)၊ ဧရိယာ ၀ဒသမ ၂၆၇၆ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်

အရပ်ရပ်အားလုံးတို့ကို အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ(၂၉) အရ အငှားချထားလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ (၁)မဖေသဲစု(၂)မချစ်သဲစု(ခ) ဖေသဲချစ်(၃)မောင်ဖေထက်အောင်နှင့် အငှားချထားခြင်းသက်ဆိုင်သူ လူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဦးအောင်စိန်၏ လျှောက်ထားချက်ကို ကြားနာ၍ အငှားချထားခွင့်ပြုသင့် မပြုသင့်ကြောင်း စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးခရိုင်တရားရုံးတော်၌
၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၉ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၅

မန်နေဂျာ နှင့် ၁။ ဦးရဲလင်း(ကွယ်လွန်သူ
မြန်မာ့စီးပွားရေးဘဏ် ဦးကြာမောင်၏ တရားဝင်
ပဲခူးမြို့။ ကိုယ်စားလှယ်)
၂။ ဦးဝေလင်း

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ၂/၉ ရပ်ကွက်၊ အမှတ် ၃၈၉ နေ ဦးရဲလင်း၊ ဦးဝေလင်း (ယခုနေရပ်လိပ်စာမသိသူ)သူများ သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လဲ့လဲ့ဝင်း
ဒုတိယခရိုင်တရားသူကြီး(၃)
ပဲခူးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

သံဖြူဇရပ်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၁
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒေါ်စောရီ နှင့် ၁။ ဦးအောင်ချစ်ဝင်း
၂။ မမိငယ်

တရားလို **တရားပြိုင်များ**

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ အောင်ပင်လယ်ရပ်ကွက်၊ ဓမင်းဆိပ်ပိုင်းနေ ၁။ ဦးအောင်ချစ်ဝင်း ၂။ မမိငယ် (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ် တရားလိုက ရေလုပ်ငန်းလုပ်ကိုင်ရန်အတွက် ထုတ်ပေးထားသော ငွေကျပ် ၃၆၂၀၀၀၀ ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဖေခိုင်
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

သံဖြူဇရပ်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၂
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကိုဇော်မြင့်အုန်း နှင့် မအေးအေးသွယ်

တရားလို **တရားပြိုင်**

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ မန်းရတနာရပ်ကွက်နေ မအေးအေးသွယ် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ် တရားလိုက ငွေကျပ် ၂၈ သိန်းရလိုမှုကို လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၃ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမာလာခင်
ဒုတိယမြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကော့စိန်ကျေးရွာအုပ်စု၊ ရွှေကျောင်းကျေးရွာ၊ အမှတ် ၅၁ နေ ဒေါ်အုန်းမြိုင် ၁၄/ဇလန(နိုင်)၀၈၉၈၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အုန်းမြိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘာ့ဦးလမ်း၊ တိုက်အမှတ် ၇၀၉၊ ငါးလွှာ (စတုတ္ထထပ်) ခေါင်းရင်းခန်း ပေ(၁၄×၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးရဲနိုင် ၁၂/တမန(နိုင်)၀၉၉၇၇၂ ထံမှ ၂၅-၃-၂၀၀၅ တွင် စာချုပ်ချုပ်ဆိုလက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယင်းတိုက်ခန်းဝယ်ယူပြီးသည့်ရက်မှစ၍ ယနေ့အထိ မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်းမှအစ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိပါ။

ထို့ကြောင့် အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အုန်းမြိုင် တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ **လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်အုန်းမြိုင် **ဦးတင်ထွန်း LL.B**
၁၄/ဇလန(နိုင်)၀၈၉၈၈၀ **တရားလွှတ်တော်ရှေ့နေ (၈၈၇၈)**
အမှတ် (၂၇/B)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၃၃၄၃၈၊ ၀၁-၆၉၁၁၃၄

ကန့်ကွက်တားမြစ်ထားကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ဆေး/ငြိမ်း ရပ်ကွက်၊ ဆေးရိုးတန်းလမ်း၊ အမှတ် ၅တွင်နေထိုင်သူ ကွယ်လွန်သူ ဦးရဲမြင့်၏ဇနီးဖြစ်သူ ဒေါ်တင်သိန်း ၁၂/ကမတ(နိုင်) ၀၁၂၀၉၇၊ဦးရဲမြင့်၏သားသမီးများဖြစ်ကြသော (၁)ဦးသိန်းဇော်ဦး ၁၂/ကမတ(နိုင်)၀၁၁၈၈၇၊ (၂) ဦးကျော်ကျော်ဦး ၁၂/ကမတ(နိုင်)၀၁၂၁၀၇၊ (၃)ဒေါ်ခင်သူဇာ ၁၂/ကမတ(နိုင်)၀၄၉၅၇၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်တားမြစ်ထားကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ဆေးရိုးတန်းလမ်း၊ အမှတ် ၅ဟုခေါ်တွင်သည့် မြေနှင့်အိမ်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်သိန်း၏ခင်ပွန်း (ကွယ်လွန်သူ)ဦးရဲမြင့်နှင့် ဒေါ်မြင့်မြင့်သန်းတို့ အညီအမျှပိုင်ဆိုင်သည့် အမွေဆိုင် အိမ်ခြံမြေဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းများရှိနေ၍ မည်သူမျှ လွှဲပြောင်းရောင်းချခြင်းမပြုရန် ကန့်ကွက်တားမြစ်အပ်ပါသည်။ ၄င်းအပြင် အဆောက်အအုံဖျက်သိမ်းခြင်း၊ ဆောက်လုပ်ခြင်း၊ ကြိုပွဲငှိရောင်းချခြင်းများကိုလည်း ကျွန်ုပ်၏ မိတ်ဆွေများသိရှိခွင့်ပြုချက်မရရှိဘဲ မည်သူမျှဆောင်ရွက်ခြင်းလုံးဝမပြုရန် ကန့်ကွက်တားမြစ်အပ်ပါသည်။

ဤကန့်ကွက်တားမြစ်ထားကြောင်း ကြေညာချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခွန်ဝင်းလှိုင် (B.Sc,B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၃)
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၉၉၇၁၊ ၀၉-၄၃၀၈၄၅၁၀

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေဟင်္သာလမ်း၊ (၄၇)ရပ်ကွက်၊ အမှတ် ၂၆၃-A အကျယ်အဝန်း (၃၅ပေ×ပေ၆၀)ပါမစ်မြေ အမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချခွင့်ရှိသူထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား၊စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မော်မော်ခင် (LL.B,D.I.L) **ဒေါ်ဖြူစင်သန့် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆) **အထက်တန်းရှေ့နေ(စဉ်-၄၀၁၄၄)**
အမှတ် ၅၀၊ ဘဏ်လမ်း၊ (ပ)ထပ်၊ အခန်း-အီး(၉)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-IV)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၃၉-ခ)၊ မြေယာအမှတ် (222-C)၊ ဧရိယာ (၀ဒသမ၇၀)ဧကမှ ခွဲစိတ်၍ ပူးတွဲပါမြေပုံ ခဲနီအမှတ်အသားအရ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-IV)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၃၉-ခ/4)၊ မြေယာအမှတ် (222-C/4)၊ ဧရိယာ (၀ဒသမ၁၀)ဧကဟု အမည်တွင်သော မြေယာပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပြင်ဦးလွင်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၄၂၃/၂၀၁၂ အရ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်နွယ်နွယ်စိုး ၉/မရမ(နိုင်) ၀၅၅၃၈၄ ကိုင်ဆောင်သူ၏မောင်ဖြစ်သူ ဦးမင်းသူရအောင် ၁၂/ဗဟန(နိုင်)၀၇၄၉၃၇ က လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသဖြင့် ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထူးထူးလွင်(စဉ်-၁၉၁၄၆)၊ ဥပဒေအကျိုးဆောင်နှင့် ကုမ္ပဏီဥပဒေအကြံပေးရုံး-အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၀၉၈၉၃၊ ၀၁-၅၃၆၃၁၈

A.K.B WATER CROCODILE

L.L.B, D.B.L

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ (ခ/၁၀)လမ်း၊ မြေကွက်အမှတ် ၄၆၈(ခ)၊ မြေကွက်လိပ်စာအမှတ် ၇၈၃၊ ၁၀ လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်မြို့ဟု ခေါ်တွင်သော အလျား ပေ ၂၀၊ အနံ ပေ ၆၀ ရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်လက်ရှိထားရှိပြီး ရောင်းချ၊ လွှဲပြောင်းပိုင်ဆိုင်ခွင့်ရှိသည်ဟု တာဝန်ယူ ပြောဆိုသူ ဒေါ်အပင်း(ဘ)ဦးသော့ ၁၂/အစန(နိုင်)၀၃၇၄၇၈ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ(၂၀၂၀)
အမှတ်(၅၈၈)၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၅၀၉၉၆၃၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆ ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ် ၁၉၆ နေ ဦးနေအောင်လွင် ၁၂/ရကန(နိုင်)၀၅၉၂၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေအောင်လွင်နှင့် ဒေါ်ခင်သန္တာနီတို့သည် ၅-၉-၂၀၁၃ ရက်က နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းကို သက်သေများရှေ့တွင် ပြုလုပ်ခဲ့ကြပါသည်။ ထိုကဲ့သို့ ကွာရှင်းပြတ်စဲခဲ့ကြရာ၌ နှစ်ဦးသဘောတူညီချက်အနေဖြင့် လက်ထက်ပွားပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ ရပ်ကွက်၊ ကံ့ကော်လမ်း၊ အိမ်အမှတ် ၇၁၉၊ အကျယ်အဝန်း ပေ(၄၂×၆၀)နှင့် အိမ်အမှတ် ၇၂၁၊ အကျယ်အဝန်း ပေ(၄၀×၆၀)စီရှိသော မြေကွက်နှစ်ကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်တစ်လုံးတို့ကို ရောင်းချပြီးရရှိသည့်ငွေအား နှစ်ဦးခွဲဝေယူရန်အပါအဝင် အခြားသဘောတူညီချက်များဖြင့် နှစ်ဦးပိုင်ပစ္စည်းများကိုလည်း ခွဲဝေယူကြရန် သဘောတူညီခဲ့ကြပါသည်။

အထက်ပါကဲ့သို့ သဘောတူညီခဲ့ကြပြီး အထက်ဖော်ပြပါပစ္စည်းအား ယခုအချိန်တွင် ရောင်းချပြီး ခွဲဝေယူရန် ဆောင်ရွက်နေဆဲကာလဖြစ်၍ ဦးနေအောင်လွင်၏ သဘောတူညီချက်မပါဘဲ မည်သူတစ်ဦးတစ်ယောက်မှ အထက်ပါပစ္စည်းနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ကြရန်နှင့် အထက်ပါပစ္စည်းပေါ်သို့ ဦးနေအောင်လွင်၏ ခွင့်ပြုချက်မရဘဲ ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ကိုလည်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ တစ်စုံတစ်ရာ ပြုလုပ်သည်ကို တွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေအောင်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထင်လင်းနိုင် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ် 005-B ၊
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ H.P-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၁၁၅၀၊ ရွှေပြည်သာလမ်း၊ ၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၁၅၀၊ ပေ(၄၅×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေသည် ဦးခင်မောင်ညွှန့် အမည်ပေါက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအေးမောင် ၁၂/ကမရ(နိုင်)၀၄၄၉၂၇ထံမှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ (စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ (စဉ်-၈၇၉၁) — **ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ — **အထက်တန်းရှေ့နေ**
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ရဲရိပ်သာလမ်း၊ အမှတ် ၈၀ဟု ခေါ်တွင်သော (အလျား ၂၄ ပေ×အနံ ပေ ၅၀) အကျယ်အဝန်းရှိ မြေနှင့် နှစ်ထပ်အိမ်မီတာနှစ်လုံးအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားကိုင်ဆောင်သူ ဒေါ်နုနုရီ ၁၁/ဂမန(နိုင်)၀၄၀၉၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါပြီး တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းအောင် B.A (Geog)	**ဒေါ်ခိုင်ဖြူဇော်**
Certificate in Business Law	**အထက်တန်းရှေ့နေ (စဉ်-၂၇၁၆၈)**
အိမ်ခြံမြေအကျိုးဆောင်	**အမှတ် ၇၁၊ အောင်မင်္ဂလာ ၄ လမ်း၊**
မြန်မာနိုင်ငံ အိမ်ခြံမြေအဖွဲ့ဝင်	**မရမ်းကုန်း ၅ ရပ်ကွက်၊ ကျောက်ရေတွင်း**
အမှတ် ၀၄၂၉၊ အမှတ် (၄၅/၅၅-ဒီ)	**(မြောက်ပိုင်း)၊ မရမ်းကုန်းမြို့နယ်၊**
လေဆိပ်လမ်းသွယ်(၁)၊ ၁၀ မိုင်၊	**ရန်ကုန်မြို့**
ပြည်လမ်း၊ ရန်ကုန်မြို့	

ဖုန်း-၀၉-၃၁၈၁၂၃၁၇၊ ၀၉-၂၅၄၀၈၄၈၃၀၊
၀၉-၄၂၁၀၁၄၃၆၃၊ ၀၁-၆၅၅၈၉၈၊ ၀၁-၆၅၅၈၀၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ ၄-လွှာ(B)၊ တိုက်အမှတ် (၈၄)၊ ခြေရင်းခန်း၊ လူနေအိမ်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းဝင်း၊ ဒေါ်စန်းစန်းဦးတို့မှ ပိုင်ဆိုင်ပြီး ၎င်းတို့၏ဖခင်ဖြစ်သော ဦးဘကြည် ၁၁/တကန(နိုင်)၀၁၃၄၄၃ ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇောလှ ၇/သဝတ(နိုင်)၀၂၂၆၆၅ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှသက်ထွေး
အထက်တန်းရှေ့နေ(စဉ်-၃၁၆၁၀)
ရုံး-ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်၊ တရားရုံးဝင်းအတွင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုစဉပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ပုသိမ်ကြီးမြို့နယ်တရားရုံး

နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ကိုလင်းထိန်	**နှင့်**	၁။ မထွေးငယ်
		၂။ ကိုအောင်နိုင်အေး
တရားလို		**တရားပြိုင်များ**

ပုသိမ်ကြီးမြို့၊ ဆည်တော်ရွာရပ်နေ ကိုအောင်နိုင်အေး(ဘ)ဦးဝင်းနိုင်(ခ) ဦးဥတ္တမ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုလင်းထိန်က ဝယ်ယူထားခဲ့သော နေအိမ်နှင့် ဝိုင်းမြေတန်ဖိုး ကျပ်သိန်း ၂၀ နှင့် နစ်နာကြေး ကျပ်သိန်း ၂၀၊ စုစုပေါင်း ကျပ်သိန်း ၄၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးသန်းမြင့်ရွှေ
မြို့နယ်တရားသူကြီး
ပုသိမ်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ကာယဉာဏဂရန်ပေးရေး စီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ°)၊ မြေကွက်အမှတ်၄/၂၀၃၊ မြေကွက်တည်နေရာအမှတ် ၂၇၅/က၊ကာယ ၁၁ လမ်း၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ ငယ်စာရင်းအမည်ပေါက် ဦးကျော်စွာထွန်းထံမှ အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ (၁) ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း ၈/ဆမန(နိုင်)၀၀၆၃၂၀၊ (၂)ဒေါ်တင်မော်မော်ဦး ၆/မအရ(နိုင်)၀၀၀၂၃၈တို့က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ရှုခင်းသာ၊ မြေကွက်အမှတ် ၁၃၈၃၊ မြေကွက်တည်နေရာအမှတ် ၁၃၈၃၊ မြို့ပတ်လမ်း၊ရှုခင်းသာရပ်ကွက်၊သာကေတမြို့နယ် ဦးစိန်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စိန်အေး ၁၂/သကတ(နိုင်)၀၆၈၃၉၇ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၈၆၆/၂၀၁၂ ရရှိသူ ဦးမောင်မောင် ၁၂/ဒပန(နိုင်)၀၄၄၄၂၉ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ကြီးပွားရေး/တောင်၊ မြေကွက်အမှတ် ၄၀/က၊ မြေကွက်တည်နေရာအမှတ် ၄၀/က၊ အောင်သပြေလမ်း၊ ကြီးပွားရေး/ တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း ဒေါ်တင်နု ISN-၂၁၇၀၉၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်နု(မိခင်)နှင့် ဦးသန်းစိန်(ဖခင်) တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းသန်းဌေး ၁၂/အစန(နိုင်)၁၅၉၆၄၅ (၂)ဒေါ်မြင့်မာလာ ၁၂/သဃက(နိုင်)၀၅၇၄၇၄ (၃)ဦးအောင်သူ ၁၂/သဃက(နိုင်)၀၅၇၄၃၇ (၄)ဦးမင်းသူ ၁၂/သဃက(နိုင်)၀၅၇၄၃၉ (၅)ဦးအေးရွှေ ၁၂/သဃက(နိုင်)၀၃၈၈၁၁ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၂၀၇/က၊ မြေကွက်တည်နေရာအမှတ် ၁၂၀၇/က၊ ၃၄ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးခင်မောင်မြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင် မြင့် ၁၂/ဥကတ(နိုင်)၀၆၄၁၄၇ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်တို့ တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်မ မျိုးသူဇာထွေး ၁၂/သလန(နိုင်) ၀၈၄၉၁၃ (ဘ) ဦးသန်းလွင်၏ Passport ကတ်ပြား (အမှတ်မသိ) ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၅၆-၂၁၆၆၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမိုးညီညီ ၁၂/ကမရ(နိုင်) ၀၂၄၀၉၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၃၃၅၉၁



ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် (၁၁)၊ အခန်းအမှတ် (၁၁)အား တိုက်ခန်း အမည်ပေါက် ဒေါ်ပန်းအိဖြူ ၁၂/ရကန(နိုင်)၀၇၄၆၈၄ထံမှ တိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးကြိုင် ၁၂/ဗဟန(နိုင်)၀၀၁၅၅၁က အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကတ-၂၊ မြေကွက်အမှတ် ၆၈၄/ခ၊ မြေကွက်တည်နေရာ ၆၈၄/ခ၊ ဦးပုညလမ်း၊ ၇ ရပ်ကွက်၊ လှိုင်သာယာ ဒေါ်ညွှန့်ညွှန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ညွှန့်ညွှန့်ထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခိုင်မာလွင် ၆/ထဝန(နိုင်)၀၈၆၂၁၁ က ပါမစ်ပျောက်ဆုံးကြောင်း၊ ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ တင်ပြပြီး ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊လူနေရပ်ကွက်အမှတ် (၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် (၅)၊ အခန်းအမှတ် (၁၀)အား တိုက်ခန်း အမည်ပေါက် (၁)ဦးထွန်းတင် ၁၂/အစန (နိုင်)၀၅၄၄၅၁၊(၂) ဒေါ်မေထီ ၁၂/လမန (နိုင်)၀၈၉၀၈၇ ထံမှ တိုက်ခန်းအရောင်း အဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးကြိုင် ၁၂/ဗဟန(နိုင်) ၀၀၁၅၅၁က အဆောက်အအုံ နေထိုင်ခွင့် စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်း အား ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၂၊ မြေကွက်အမှတ် ၈၄၈၊ မြေကွက်တည်နေရာအမှတ် ၈၄၈၊ သုဇီတာ၇လမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ကိုတွတ်၊ ဒေါ်အုံးမေ၊ ကိုကျော်ညွှန့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ကိုတွတ်ထံမှ အပေးစာချုပ်၊ အရပ်ကတိစာချုပ်ဖြင့်လည်းကောင်း၊ အမည်ပေါက် ဒေါ်အုံးမေထံမှ အရပ်ကတိ စာချုပ်ဖြင့် လည်းကောင်း၊ အမည်ပေါက် ကိုကျော်ညွှန့်ထံမှ အပေးစာချုပ်၊ အရပ်ကတိ စာချုပ်ဖြင့်လည်းကောင်း ဝယ်ယူရရှိသူ ဒေါ်မို့မို့စိုး ၁၂/ဥကမ(နိုင်)၁၂၀၂၇၆က ပါမစ် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကျီစု၊ မြေကွက်အမှတ် ၃၃၆၊ မြေကွက်တည်နေရာအမှတ်၃၃၆၊စံပြလမ်း၊ ကျီစုရပ်ကွက်၊ ဒေါပုံ ဦးထွန်းမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြင့် (ဖခင်)နှင့် ဒေါ်နွဲ့နွဲ့ရီ (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးထွန်းထွန်းဦး ၁၂/ဒပန(နိုင်)၀၀၆၀၁၂၊ ဒေါ်ခင်ချိုချိုမြင့် ၁၂/ဒပန(နိုင်)၀၀၆၁၄၄၊ ဦးအောင်အောင်မိုး ၁၂/ဒပန(နိုင်)၀၀၆၁၇၃ ထံမှ $\frac{\text{GP-၁၈၃၄၀}}{\text{၁၇-၉-၁၃}}$ ရရှိသူ ဦးခင်မောင် ၁၂/သဃက(နိုင်)၁၄၁၀၃၃က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော် ဦးဖြိုးကိုကို ၁၂/ဥကတ(နိုင်)၁၈၇၅၀၁၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၄၅၉၇၁**

အမည်ပြောင်း

ဦးသန်းဇော်လတ်၏သား အထက (၅)၊ တာမွေ၊ အဋ္ဌမတန်း(B)မှ မောင်ထက်ဝေသိန်းအား မောင်သန်းကြွယ်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန်းကြွယ်ဦး

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၉၄၊ မြေကွက်တည်နေရာအမှတ် ၅၁၊ ဗိုလ်တေဇ လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်ဝင်း၊ ဒေါ်စန်းကြည်၊ ဒေါ်တင်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ကွယ်လွန်သဖြင့် ၎င်း၏ ခင်ပွန်းဖြစ်သူ အမည်ပေါက် ဦးတင်ဝင်း ၁၂/ဒပန(နိုင်)၀၂၅၅၄၇နှင့် ကျန်ပူးတွဲ အမည်ပေါက် ဒေါ်စန်းကြည် ၁၂/ဒပန(နိုင်) ၀၂၅၅၅၀တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြလျက် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

〈၂၇〉ကြိမ်မြောက်
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထူးကဏ္ဍ

27th Sea Games Special

2013, December 5, Thursday

ဆီးဂိမ်းပွဲဦးထွက်ရွှေဆု ခြင်းလုံးအားကစားတွင် မြန်မာအသင်းတို့ရယူ

သတင်း - ဇင်၊ ဇူလိုင်၊ သိမ့်၊ ဖြိုး၊ ဓာတ်ပုံ - ညီညီစိုးညွန့်

နေပြည်တော် ဒီဇင်ဘာ ၄

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Indoor Stadium ၅၀၀၀ ရုံ (B) တွင် မြန်မာ့ခြင်းလုံးပြိုင်ပွဲဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပိုက်ကျော်ခြင်း အာရှအဖွဲ့ချုပ်ဥက္ကဋ္ဌ DATO HAJI ABDUL HALIM BIN KADER က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့ရိုးရာခြင်းလုံးသရုပ်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နံနက် ၉ နာရီတွင်

စာမျက်နှာ ၄ သို့ »

အဖွင့်လှရန်လိုသည့်မြန်မာယူ - ၂၃ အသင်း

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းပါဝင်သော အုပ်စု (ခ) ပွဲစဉ်များကို သုဝဏ္ဏကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် လက်ရှိချန်ပီယံ မလေးရှား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် အိမ်ရှင်မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယားတို့ပါဝင်နေသည်မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲအဖြစ် ဒီဇင်ဘာ ၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းမှာ ဒေသတွင်း၌ အားနည်းသည့်အသင်းဟုဆိုနိုင်သော်လည်း ၎င်းတို့၏ပြင်ဆင်မှုက လျှော့တွက်၍မရပေ။ စင်ကာပူ ယူ-၂၃အသင်းကို အနိုင်ကစားထားပြီး ကမ္ဘောဒီးယားဖိတ်ခေါ် BIDC Cup ပြိုင်ပွဲတွင် ထိုင်းအသင်းကို ပွဲချိန်အတွင်း သရေကစားထားသည်။

ပြိုင်ပွဲတိုင်းတွင် အဖွင့်ပွဲက အရေးကြီးသည်။ အဖွင့်လှမှသာ နောက်ပွဲတွေအတွက် အခြေအနေပိုကောင်းလိမ့်မည်။ ပွဲစဉ်ရေးဆွဲထားမှုအရလည်း မြန်မာအသင်းအနေဖြင့် ရှေ့နှစ်ပွဲတွင် အမှတ်ပြည့်ရရန်လိုသည်။ ကမ္ဘောဒီးယား၊ တီမောတို့နှင့် ကစားမည့် ရှေ့နှစ်ပွဲတွင် မြန်မာအသင်းအနေဖြင့် ရလဒ်ကောင်းမှသာ ထိုင်း၊ အင်ဒိုနီးရှားတို့နှင့် ကစားရမည့် အဆုံးအဖြတ်ပွဲများတွင် အခြေအနေကောင်းပေလိမ့်မည်။ မြန်မာအသင်းအနေဖြင့် အုပ်စုတက်ရန် ပွဲတိုင်းက အရေးပါသည်။ ရွှေတံဆိပ်မျှော်လင့်ချက်အတွက် ပထမအဆင့်အနေဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်ရပေမည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ရွှေဆုနှင့်အတူ ပွဲလယ်တင့်၍ နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ကြစေ

ထိုစဉ်က မြန်မာလက်ရွေးစင်လူငယ်နှင့် လူကြီးအသင်းများ အာရှအဆင့်၌ အနိုင်ရဗိုလ်စွဲခဲ့သဖြင့် နိုင်ငံတော်က အမြင့်ဆုံးဆုအဖြစ် မောင်ဗမာစက်ဘီးနှင့် နေရှင်နယ်ဓာတ်ခဲရေဒီယိုတို့ကိုသာ ချီးမြှင့်နိုင်သည်ကိုတွေ့ရသည်။ မောင်ဗမာစက်ဘီးချီးမြှင့်ရာတွင် လိုက်ပါသွားသူ ဘောလုံးသမား ၁၈ ဦးစလုံးကို မချီးမြှင့်နိုင်သဖြင့်

စာ-၂၃

ဂေါက်သီးရိုက် အားကစားပြိုင်ပွဲ တစ်ဦးချင်းနှင့် အသင်းလိုက်ယှဉ်ပြိုင်မည်
စာ - ၂

မြန်မာရွက်လှေအဖွဲ့ အနည်းဆုံး ရွှေသုံးဆုမျှော်မှန်း
စာ - ၂၃

အားကစားသမားများအား ကျန်းမာရေး စောင့်ရှောက်မှုများဖြင့် တာဝန်ယူဆောင်ရွက်ပေး
စာ - ၂၃

မြန်မာအမျိုးသမီး အလေးမအဖွဲ့ ရွှေအပါအဝင် ဆုသုံးခုအထက်မျှော်မှန်း
စာ - ၃

ရွှေဆုနှင့်အတူပွဲလယ်တင့်၍ နိုင်ငံ့ဂု

၁၉၆၃ အာရှလူငယ်ဘောလုံးပြိုင်ပွဲ ပူးတွဲချန်ပီယံ မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်း။

၁၉၆၁ ခုနှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ၌ မြန်မာလူငယ်အသင်းခေါင်းဆောင် ကီးလှတင်နှင့် ထိုင်းအသင်းခေါင်းဆောင်တို့ အလံလဲလှယ်ကြစဉ်။ (အဆိုပါပြိုင်ပွဲတွင် မြန်မာက ထိုင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ပထမဆုံးအကြိမ် ရွှေဖလားဆွတ်ခူးနိုင်ခဲ့ပြီး မြန်မာ့ဘောလုံးလောကအတွက် အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တတိယအကြိမ်မြောက် လက်ခံကျင်းပတော့မည်ဖြစ်ရာ ရက်ပိုင်းမျှသာ လိုပါတော့သည်။ ယခုအကြိမ် ကျင်းပမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအမျိုးအစား ၃၃ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်အရေအတွက် ၄၀၀ ကျော် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအားကစားအဖွဲ့သည် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကာလဖြစ်သည့် ၁၉၆၁ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် နှစ်ကြိမ်တိုင် လက်ခံကျင်းပခဲ့ပြီး နှစ်ကြိမ်စလုံးပင် နိုင်ငံအလိုက် ဗိုလ်စွဲခဲ့ဖူးသည်။ ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲ၌ ရွှေတံဆိပ်အရေအတွက် ၃၅ ခု၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၅၇ ခုဖြင့် နိုင်ငံအလိုက် ပထမရခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နိုင်ငံအလိုက် တစ်ကြိမ်တစ်ခါမျှဗိုလ်မစွဲတော့ဘဲ အားကစားအဆင့်အတန်းများ နိမ့်ဆင်းကျဆင်းမှုများနှင့်အတူ နိုင်ငံအလိုက် အဆင့်ကလည်း တဖြည်းဖြည်း ကျလာခဲ့ရာ မြန်မာအားကစားအဖွဲ့နောက်တွင် လာအို၊ ဘရူနိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံလောက်သာ ရှိတော့သည်။

အထူးသဖြင့် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာပြည်သူအများစုက မျှော်လင့်အားထားခဲ့ကြသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်မလေးရှားအသင်းကိုရှုံးကာ ပြည်သူတို့၏ ပြင်းပြသောရင်တွင်းဆန္ဒကို မဖြည့်ဆည်းနိုင်ဘဲဖြစ်ခဲ့ရသည်။ ဆိုလိုချင်သည်မှာ ပြိုင်ပွဲတွင် မည်သည့်အားကစားနည်းများက အနိုင်ရဗိုလ်စွဲကာ ရွှေတံဆိပ်အရေအတွက် မည်မျှပင်ဆွတ်ခူးရရှိစေကာမူ မြန်မာပြည်သူအများစု၏ဆန္ဒမှာ ဘောလုံးပြိုင်ပွဲတွင် ဆွတ်ခူးရရှိမည့် ရွှေတံဆိပ်တစ်ခုကိုသာ မျှော်လင့်တောင့်တနေကြခြင်းပင်ဖြစ်သည်။ အခြားအားကစားနည်းများ၏အောင်မြင်မှုကို လျစ်လျူရှုခြင်းမျိုးမဟုတ်။ ဘောလုံးအားကစားနည်းအပေါ် မြန်မာပြည်သူ အများစုတို့၏ တိမ်းမူးမှုပင်ဖြစ်သည်။ သို့ရာတွင် နိုင်ငံအလိုက် ပထမရရှိရေးမှာမူ အားကစားနည်းအများစုတွင် အောင်မြင်မှုရရှိနိုင်မှသာ ဖြစ်နိုင်ပါမည်။

၁၉၆၅ ခုနှစ် တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲကျမှသာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ပြည်သူအများ၏ ရင်တွင်းမှဆန္ဒတို့ကို ဖြေသိမ့်ကာ ဖြည့်စွမ်းပေးနိုင်ခဲ့ကြသည်။ ဒုတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာအသင်းကို အနိုင်ရသွားခဲ့သည့် မလေးရှားအသင်းကို အုပ်စုပွဲတိုင်း၌ သူ့မြေ သူ့ကွင်း သူ့ပရိသတ်ရှေ့မှောက်၌ ရှုံးကြွေးပြန်ဆပ်နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာနှင့် ထိုင်းတို့ နှစ်ဂိုးစီဖြင့် သရေကျကာ ပူးတွဲဗိုလ်စွဲခဲ့သည်။ အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ထို့နောက်တွင် မြန်မာဘောလုံးအသင်းသည် ၁၉၆၇ ခုနှစ်(ထိုင်း) စတုတ္ထအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲ၊ ၁၉၆၉ ခုနှစ်(မြန်မာ) ပဉ္စမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲ၊ ၁၉၇၁ ခုနှစ်(မလေးရှား) ဆဌမ
၁၉၇၃ခုနှစ်(စင်ကာပူ)သတ္တမအကြိမ် ကျွန်း
ဆက်တိုက်လွတ်လွတ်ကျွတ်ကျွတ် အနိုင်ရဗိုလ
အထိကျွန်းဆွယ်ပြိုင်ပွဲ ခုနစ်ကြိမ်ကျင်းပခဲ့သ
ဘောလုံးအသင်းသည် ပူးတွဲတစ်ကြိမ်နှင့် တစ
ငါးကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ကြောင်း မှတ်တ

ယင်းကဲ့သို့ ကျွန်းဆွယ်ပြိုင်ပွဲ၌ မြန်မာ
ရရှိခဲ့ခြင်းမှာ ရှေ့ပိုင်းပွဲတွင် လူငယ်လက်ရွေးစ
စတင်အခြေခံခဲ့သည်ဟု ဆိုနိုင်သည်။ အာရှလ
လက်ရွေးစင်အသင်းသည် ၁၉၆၁ ခုနှစ်(ထိုင
ကောင်း၊ ၁၉၆၃ ခုနှစ်(မလေးရှား) တွင် တော

၁၉၆၄ ခုနှစ်(တောင်ဗီယက်နမ်)တွင် အစွဲရေ
ကာ အာရှလူငယ်ချန်ပီယံဆုများ ရရှိခဲ့သည်
ဘောလုံးအသင်းမှ လူငယ်မျိုးဆက်သစ်မျာ
ပြိုင်ပွဲကာလတွင် မြန်မာ့လက်ရွေးစင်လူကြ
ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသ
ရရှိခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က မြန်မာလက်ရွေးစင်လူငယ်
အဆင့်၌ အနိုင်ရဗိုလ်စွဲခဲ့သဖြင့် နိုင်ငံတော
ဗမာစက်ဘီးနှင့် နေရှင်နယ်ခါတ်ခဲရေဒီယိ
တွေ့ရသည်။ မောင်ဗမာစက်ဘီးချီးမြှင့်ရာတ
သမား ၁၈ ဦးစလုံးကို မချီးမြှင့်နိုင်သဖြင့် ပွဲ
သမားများသာ ရရှိပြီး ပွဲမကစားရဘဲ အရန်ထိ
သမားအချို့ အဆိုပါဆုကို မရခဲ့ကြောင်း ကြ

ဂေါက်သီးရိုက်အားကစားပြိုင်ပွဲ တစ်ဦးချင်းနှင့်အသင်းလိုက်ယှဉ်ပြိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၄

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဂေါက်သီးအဖွဲ့အနေဖြင့်အနည်းဆုံး ရွှေတံဆိပ်ဆုတစ်ခု မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်မှ ဦးသန်းထိုက်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲမှာနိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂေါက်သီးအားကစားသမား ၆၀ကျော် ပါဝင်ယှဉ်ပြိုင်မှာပါ။ တီမောလက်စ်တေနိုင်ငံကလွဲလို့ပေါ့။ ကျန်တဲ့ ၁၀ နိုင်ငံ အားကစားသမားများ ပါဝင်မှာဖြစ်ပါတယ်။ အမျိုးသားဂေါက်သီးကစားသမား ၄၀ နဲ့ အမျိုးသမီးဂေါက်သီးကစားသမား ၂၅ ဦး လာရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အမျိုးသား ပြိုင်ပွဲတွေကိုတော့ ဒီဇင်ဘာ ၁၅ ရက်ကနေ ၁၈ ရက်အထိ လေးရက် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အမျိုးသမီးပြိုင်ပွဲတွေကိုတော့ ဒီဇင်ဘာ ၁၆ ရက်ကနေ ၁၈ ရက်အထိ သုံးရက်ကစားမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ တစ်ဦးချင်းပြိုင်ပွဲနဲ့ အသင်းလိုက် ပြိုင်ပွဲတွေပါမှာဖြစ်ပါတယ်။ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲမှာ ရဲထက်အောင်ကတော့ ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်။ အသင်းလိုက်ကတော့ ရွှေမရနိုင်ဘူး။ အမျိုးသမီးပြိုင်ပွဲမှာလည်း ဒုတိယဆုလောက်တော့ မျှော်မှန်းထားပါတယ်" ဟု ဦးသန်းထိုက်ဦးက ရှင်းပြသည်။

အမျိုးသားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများပါဝင်မည်ဖြစ်ရာ အသင်းလိုက်တွင် တစ်နိုင်ငံလျှင်အားကစားသမား လေးဦးစီ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ တစ်ရက်လျှင် ၁၈ ကျင်း ကစားရမည်ဖြစ်ပြီး လေးရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက် လျှော့ရိုက်ချက်အများဆုံးဂေါက်သီးကစားသမား သို့မဟုတ် ဂေါက်သီးအသင်းသည် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိမည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးပြိုင်ပွဲသည်လည်း ၁၈ ကျင်းကစားရမည်ဖြစ်သည်။ သုံးရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက်လျှော့ရိုက်ချက်အများဆုံး ရိုက်နိုင်သော ဂေါက်သီးကစားသမားနှင့် ဂေါက်သီးအသင်းသည် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်မည် ဖြစ်သည် အဆိုပါ ဂေါက်သီးရိုက်အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ရွှေ့ရှိုင်ရယ်မြန်မာဂေါက်ကွင်း၌ နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြဲတိုင်းအောင်

ရန်ကုန် ဒီဇင်ဘာ ၄

အားကစားသမားများအား

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အလေးမအားကစားသမားများ၊ နပန်းအားကစားသမားများ၊ ကမ်ပိုအားကစားသမားများနှင့် ဟော်ကီအားကစားသမားများ အပါအဝင် နည်းပြအုပ်ချုပ်သူများအား ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဝင်ရောက်ယှဉ်ပြိုင်
ကြမ
အား
အုပ်
ဒေသ
မတီ
အရှေ့

မြန်မာရွက်လှေအဖွဲ့ အနည်းဆုံး ရွှေသုံ

နေပြည်တော် ဒီဇင်ဘာ ၄

မကြာမီ ကျင်းပတော့မည့် ဆီးဂိမ်းရွက်လှေအားကစားပြိုင်ပွဲတွင် မြန်မာရွက်လှေအသင်းအနေဖြင့် ရွှေတံဆိပ်ဆု အနည်းဆုံး သုံးဆု ဆွတ်ခူးရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ မန်နေဂျာ ဦးဦးထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ အမျိုးသားပြိုင်ပွဲ ငါးတန်းနဲ့ အမျိုးသမီးပြိုင်ပွဲ ငါးတန်း ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အသင်းလိုက်ပြိုင်ပွဲ သုံးပွဲလည်း ပါဝင်မှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ မြန်မာအပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ ရွက်လှေအားကစားသမားတွေ ပါဝင်ကစားကြမှာဖြစ်ပါတယ်။ စုစုပေါင်း ငွေဆောင်မှာ ကျင်းပမယ့် ဒီရွက်လှေအားကစားပြိုင်ပွဲမှာ စုစုပေါင်း ရွှေတံဆိပ် ၁၃ ခုပေးမှာ ဖြစ်ပါတယ်။ မြန်မာရွက်လှေအဖွဲ့အနေနဲ့ ဩစတြေးလျနည်းပြနဲ့ လေ့ကျင့်ခဲ့ပြီး အနည်းဆုံး ရွှေတံဆိပ် သုံးခု၊ လေးခုလောက် ရဖို့ မျှော်လင့်ထားပါတယ်"ဟု
ဦးဦးဒ
အိမ်ရှ
အင်ဒို
ဖိလစ်
အိမ်ရှ
အနေ
စင်က
သည်
အဖွဲ့
တံဆိ
ဆွတ်
မြန်မ

နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ကြစေ

မြင့်ဆွေမြင့်

ခုနှစ်(မလေးရှား) ဆဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲနှင့်
)သတ္တမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတို့တွင် လေးကြိမ်
်ကျွတ်ကျွတ် အနိုင်ရဗိုလ်စွဲခဲ့သည်။ ၁၉၅၉ မှ ၁၉၇၃
ွဲ ခုနစ်ကြိမ်ကျင်းပခဲ့သည့်အနက် မြန်မာ့လက်ရွေးစင်
ည် ပူးတွဲတစ်ကြိမ်နှင့် တစ်ဦးတည်း လေးကြိမ် စုစုပေါင်း
ိုလ်စွဲခဲ့ကြောင်း မှတ်တမ်းကောင်းများရှိခဲ့သည်။
ျွန်းဆွယ်ပြိုင်ပွဲ၌ မြန်မာဘောလုံးအသင်း အောင်မြင်မှု
တွင် လူငယ်လက်ရွေးစင်အသင်း၏ အောင်မြင်မှုများမှ
ဟု ဆိုနိုင်သည်။ အာရှလူငယ်ပြိုင်ပွဲတွင် မြန်မာလူငယ်
သည် ၁၉၆၁ ခုနှစ်(ထိုင်း)တွင် အင်ဒိုနီးရှားနှင့်လည်း
(မလေးရှား) တွင် တောင်ကိုရီးယားနှင့်လည်းကောင်း၊

ဗီယက်နမ်)တွင် အစ္စရေးနှင့်လည်းကောင်း ပူးတွဲဗိုလ်စွဲ
ပီယံဆုများ ရရှိခဲ့သည်။ အဆိုပါ လူငယ်လက်ရွေးစင်
လူငယ်မျိုးဆက်သစ်များသည် ကျွန်းဆွယ်အားကစား
န်မာ့လက်ရွေးစင်လူကြီးအသင်း၌ ပါဝင်ခဲ့ကြရကာ
မြန်မာဘောလုံးအသင်း ဆက်တိုက်အောင်မြင်မှု

မာလက်ရွေးစင်လူငယ်နှင့် လူကြီးအသင်းများ အာရှ
်စွဲခဲ့သဖြင့် နိုင်ငံတော်က အမြင့်ဆုံးဆုအဖြစ် မောင်
ရှင်နယ်ခတ်ခဲရေဒီယိုတို့ကိုသာ ချီးမြှင့်နိုင်သည်ကို
ဗမာစက်ဘီးချီးမြှင့်ရာတွင် လိုက်ပါသွားသူ ဘောလုံး
ို မချီးမြှင့်နိုင်သဖြင့် ပွဲထွက်ကစားရသော ဘောလုံး
ပွဲမကစားရဘဲ အရန်ထိုင်ခုံ၌သာ ထိုင်ခဲ့ရသူ ဘောလုံး
ဆုကို မရခဲ့ကြောင်း ကြားသိခဲ့ရဖူးသည်။

မြန်မာဘောလုံးသမားများသည် ထိုသို့သောဆုချီးမြှင့်မှုမျိုးကို မျှော်လင့်ခဲ့ကြသည်မဟုတ်။ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရေးအတွက်သာ ရည်ရွယ်ဦးတည် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ တစ်ကိုယ်ရည်စွမ်းဆောင်မှု ပြည့်ဝကောင်းမွန်စေရန် အစဉ်ကြိုးစားလေ့ကျင့်ခဲ့ကြသည်။ အပြိုင်အဆိုင်ဖြစ်နေ၍ ကိုယ်မကောင်းလျှင်၊ ခြေမပေါ်လျှင် နိုင်ငံတကာပွဲအတွက် ရွေးချယ်ခံရမည်မဟုတ်သဖြင့် အရွေးခံရရန် ကြိုးစားကြသည်။ စည်းကမ်းကောင်းမွန်ကြသည်။ စိတ်ဓာတ်ကောင်းမွန်ကြသည်။ စွမ်းဆောင်ရည်ထက်မြက်ထူးချွန်ရန်အတွက် အသင်းလေ့ကျင့်ချိန်သာမက ကိုယ်ပိုင်အားလပ်ချိန်မှာပင် တစ်ကိုယ်တည်း လေ့ကျင့်ခဲ့ကြသည်။ အခြေခံကောင်းမွန်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းခဲ့ကြသည်။ မည်သူတစ်ဦးတစ်ယောက်၏ စေ့ဆော်တိုက်တွန်းမှုမျှမရှိဘဲ ကိုယ့်အသိဖြင့်ကိုယ် လေ့ကျင့်ခဲ့ကြသည်။

ယနေ့ခေတ် မြန်မာဘောလုံးသမားများသည် အပျော်တမ်းအဆင့်မှ ကျော်လွန်၍ ပရော်ဖက်ရှင်နယ်အဖြစ် ကစားနေကြရပြီဖြစ်ရာ လစာမှအစ အခြားခံစားခွင့်အသီးသီးတို့မှာ ယခင်နှင့် ယခုများစွာ ကွာခြားသွားခဲ့ပြီဖြစ်သည်။ လေ့ကျင့်ရေး အစီအစဉ်များမှာလည်း ခေတ်မီဆန်းသစ်စွာ လေ့ကျင့်နိုင်ကြပြီဖြစ်သည်။ သက်ဆိုင်ရာကလပ်အသင်း၏ ပံ့ပိုးမှုများအပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် စပွန်ဆာအသီးသီးတို့၏ ဖြည့်ဆည်းပေးမှုများကလည်း အားရဖွယ်အခြေအနေတွင် ရှိနေသည်။ ပရော်ဖက်ရှင်နယ် ဘောလုံးသမားများပီပီ ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ရေးရာပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်း၊ စိတ်ဓာတ်ပိုင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးကို ပိုမိုအလေးထားဖြည့်ဆည်းကြရမည် ဖြစ်သည်။ မိမိ၏ ကလပ်အသင်း အောင်မြင်မှုရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာပြိုင်ပွဲများ၌ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ကစားကြရာတွင်လည်း မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် အရိုးကြေကြေ၊အရေခန်းခန်း မလျှော့သောဇွဲလုံ့လတို့ဖြင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၇ရက်မှ စတင်ကျင်းပတော့မည်ဖြစ်ရာ အုပ်စု (A) ပွဲစဉ်များကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (B) ပွဲစဉ်များကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သည့် အုပ်စုတွင် အင်ဒိုနီးရှား၊ တီမော၊ ထိုင်းနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်အနေအထားအရ ဒီဇင်ဘာ

၁၉၆၃ ခုနှစ် အာရှလူငယ်ပြိုင်ပွဲတွင် မြန်မာနှင့် တောင်ကိုရီးယားတို့ ပူးတွဲဗိုလ်စွဲခဲ့ရာ မြန်မာအသင်း ကပ္ပတိန် ကျော်သောင်း(ယာ)နှင့် တောင်ကိုရီးယားအသင်း ကပ္ပတိန်လီဆန်းအွန်တို့ကို ဆုဖလားကြီးနှင့်အတူ . . .

၇ ရက်တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ ဒီဇင်ဘာ ၉ ရက်တွင် မြန်မာနှင့် တီမော၊ ဒီဇင်ဘာ ၁၄ ရက်တွင် မြန်မာနှင့် ထိုင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် မြန်မာနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စုပွဲစဉ်အနေအထား၊ ရက်အနေအထားအရ အကြမ်းဖျင်းတွက်ဆကြည့်လျှင် မြန်မာအသင်း အကြိုဗိုလ်လုပွဲခရီးလမ်းကား မကြမ်းတမ်းဟုယူဆနိုင်သည်။ ဒီဇင်ဘာ ၁၂ ရက်တွင် ကစားမည့် အင်ဒိုနီးရှားနှင့် ထိုင်းတို့ပွဲ အခြေအနေကိုကြည့်၍ မြန်မာအသင်းပြင်ဆင်နိုင်ခွင့်ရရှိမည်ဖြစ်သည်။ မည်သို့ဆိုစေကာမူ မြန်မာဘောလုံးအသင်းနည်းပြချုပ်ဖြစ်သူ ပတ်ဆောင်ဟွာက ယခုဆီးဂိမ်းတွင် မြန်မာဘောလုံးအသင်းရွှေရရန် အာမခံထားသည်ဟု ကြားသိရသည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "တကယ်သာ ဆီးဂိမ်းချန်ပီယံဖြစ်ရင် သူတို့ရဲ့ဘဝတွေပါ ပြောင်းလဲသွားနိုင်တယ်။ သူတို့ဆုကြေးတွေ အများကြီးရမယ်။ သမိုင်းမှာ ကမ္ပည်းရေးထိုးနိုင်တဲ့သူတွေဖြစ်မယ်" ဟူ၍ ပြောကြားထားသည်။

ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် မြန်မာဘောလုံးအသင်းရွှေဆုနှင့်အတူ ပွဲလယ်တင့်၍ နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ကြပါစေကြောင်း. . . .။

မြန်မာအမျိုးသမီးအလေးမအဖွဲ့ ရွှေအပါအဝင် ဆုသုံးခုအထက်မျှော်မှန်း

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာအမျိုးသမီး အလေးမအဖွဲ့သည် မြန်မာနိုင်ငံ၌ မကြာမီကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ရွှေအပါအဝင် အနည်းဆုံး ဆုသုံးခုထက်ရရှိပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန် ကြိုးစားပြင်ဆင်လျက်ရှိသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအလေးမပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပသွားမည် ဖြစ်သည်။ ပါဝင်ထည့်သွင်းထားသည့် ဝိတ်တန်းများမှာ ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၆၃ ကီလိုတန်းနှင့် ၆၉ ကီလိုတန်းတို့ကို ထည့်သွင်းထားသော်လည်း အိမ်ရှင်အပါအဝင် လာရောက်ယှဉ်ပြိုင်မည့် နိုင်ငံများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ လေးတန်းကိုသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများအဖြစ် ဒေါ်ဆွေဆွေဝင်းနှင့် ဒေါ်အိအိမွန်တို့က အသင်းအောင်နိုင်ရေး အစွမ်းကုန်ကြိုတင်ပြင်ဆင်လျက်ရှိသည်။

"ကျွန်တော်တို့ အမျိုးသမီးအလေးမအသင်းကို အကောင်းဆုံးဖြစ်အောင် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပါတယ်။ ပြိုင်ပွဲဝင်အသင်းတွေကလည်း အားကောင်းကြတယ်။ ထိုင်း၊ ဗီယက်နမ်တို့ဆိုရင် အိုလံပစ်နဲ့ အာရှပြိုင်ပွဲတွေကို သွားရောက်ယှဉ်ပြိုင်နေတဲ့အားကစားသမားတွေပဲ။ ယှဉ်ပြိုင်ရမယ့် ဝိတ်တန်းအနေနဲ့ကတော့ အားလုံးငါးတန်းရှိပါတယ်။ အဲဒီငါးတန်းထဲကမှ မိမိတို့နှစ်သက်ရာ ဝိတ်တန်းလေးခုကို ဝင်ရောက်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ အိမ်ရှင်မြန်မာအမျိုးသမီးအလေးမလက်ရွေးစင်အသင်းအနေနဲ့ကတော့ အနည်းဆုံးရွှေအပါအဝင် သုံးခုအထက်မဖြစ်မနေရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ အားကစားသမားတွေကိုလည်း သေချာကြိုတင်

သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

အနည်းဆုံး ဆုသုံးခု မျှော်မှန်းထားသည့် မြန်မာအမျိုးသမီး အလေးမအဖွဲ့ အပြင်းအထန်လေ့ကျင့်နေစဉ်။

လေ့ကျင့်ပြင်ဆင်ထားပြီးပါပြီ"ဟု မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်စိုးက ပြောကြားခဲ့သည်။

(၂၇)ကြိမ်မြောက် မြန်မာအမျိုးသမီးအလေးမပြိုင်ပွဲကြီးကို အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ၄၈ ကီလိုတန်း၊ ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ၅၃ ကီလိုတန်း၊ ဒီဇင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ၅၈ ကီလိုတန်းနှင့် ၆၃ ကီလိုတန်းတို့နှင့် ဒီဇင်ဘာ ၁၆ ရက်တွင် ၆၉ ကီလိုတန်းတို့ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီး အလေးမအသင်းအနေဖြင့် အဓိက ပြိုင်ဘက်အသင်းများဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ကို အထူးဂရုပြု ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အလေးမအသင်းကို ၂၀၁၂ ခုနှစ် ဧပြီလဆန်းပိုင်းကတည်းက တရုတ်နည်းပြဖြင့် အားကစားသမား ၁၁ ဦးကို ရွေးချယ်လေ့ကျင့်ခဲ့သည်။ ယခုအခါ အလေးမအားကစား ၁၁ ဦးမှ ဆန်ခါတင် ခြောက်ဦးကို ရွေးချယ်ပြီး အစွမ်းကုန်ကြိုတင်လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။ ပါဝင်ယှဉ်ပြိုင်မည့် ဝိတ်တန်း လေးတန်းအတွက် ရွေးချယ်ထားသော အားကစားသမားခြောက်ဦးမှာ ခိုင်ခိုင်၊ အေးသန္တာလွင်၊ သောရေဖော၊ လဲ့လဲ့ဝင်း၊ မိုင်ဇင်ပွင့်ဖြူနှင့် သူဇာတို့ဖြစ်သည်။

မြန်မာအမျိုးသမီး အလေးမအသင်း အောင်နိုင်မှုရရှိရန်အတွက် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်စိုး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသန်းဌေးကို နည်းပြချုပ်အဖြစ် တရုတ်နိုင်ငံမှ Huyu Zlim၊ အမျိုးသမီးနည်းပြ

...သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် တာဝန်ယူဆောင်ရွက်ပေး

းအား ရန်ကုန်
ကစားကွင်းတွင်
ျှာက်မှုများဖြင့်
ုက်ပေးလျက်ရှိ

ရာက်ယှဉ်ပြိုင်

ကြမည့် အားကစားအဖွဲ့လေးဖွဲ့မှ အားကစားသမားများနှင့် နည်းပြအုပ်ချုပ်သူများအား ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဆပ်ကော်မတီ၏ လမ်းညွှန်ချက်များအရ အရှေ့ပိုင်းဆေးရုံမှ အထူးကု ဆရာဝန်ကြီးများက လာရောက်ကုသပေးလျက်ရှိသည်။ အားကစားဝန်ကြီးဌာန ဆေးဘက်ဌာနခွဲ(ရန်ကုန်)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒုတိယတာဝန်ခံ ဒေါက်တာဒေါ်ကျင်စန်းက "ပြိုင်ပွဲဝင်ကြမယ့် အားကစားသမား အဖွဲ့လေးဖွဲ့အပြင် LO,VO ကွင်းရုံများ၏ ပူးတွဲတာဝန်ထမ်းဆောင်နေကြတဲ့ အင်ဂျင်နီယာအဖွဲ့များကိုပါ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေပါတယ်။ နောက်ပြီး အားကစားသမားများကို ကျွေးမွေးတဲ့ အစားအစာများ သန့်ရှင်းမှုရှိ မရှိနဲ့အာဟာရပြည့်ဝမှုရှိ မရှိများကိုပါ ကြီးကြပ်ကွပ်ကဲပေးလျက်ရှိပါတယ်" ဟု ရှင်းပြသည်။

အားကစားဝန်ကြီးဌာန ဆေးဘက်ဌာနခွဲ(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူးတာဝန်ခံဒေါက်တာ ဦးစောသိန်းဝင်းက "အပတ်စဉ် အင်္ဂါနေ့နဲ့ ကြာသပတေးနေ့တွေမှာ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် အားကစားသမားတွေကို ရန်ကုန်အရှေ့ပိုင်းဆေးရုံမှ သမားတော်များ၊ ခွဲစိတ်အထူးကုဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ မီးယပ်နှင့်သားဖွားဆရာဝန်များနှင့် သွားအထူးကု ဆရာဝန်များကပါ လာရောက်စမ်းသပ်စစ်ဆေးကုသပေးနေပါတယ်" ဟု ရှင်းပြခဲ့သည်။ **စိုးဝင်း(SP)**

...ဆုံး ရွှေသုံးဆုမျှော်မှန်း

ဝင်းလိုက်ပြိုင်ပွဲ
ာဖြစ်ပါတယ်။
ခဝင် နိုင်ငံပေါင်း
လှေအားကစား
ားကြမှာဖြစ်ပါ
ငွေဆောင်မှာ
လှေအားကစား
ရွှေတံဆိပ် ၁၃
ယ်။ မြန်မာ
့ ဩစတြေးလျ
ပြီး အနည်းဆုံး
လေးခုလောက်
ားပါတယ်"ဟု

ဦးဦးခိုင်က ဆက်လက်ရှင်းပြသည်။

ဆီးဂိမ်း ရွက်လှေပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပြင် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့ ပါဝင်မည်ဖြစ်သည်။ အိမ်ရှင်ရွက်လှေကစားသမားများအနေဖြင့် အဓိကပြိုင်ဘက်အဖြစ် စင်ကာပူနှင့် ထိုင်းဖြစ်သည်ဟု ဆိုသည်။ ဆီးဂိမ်းအကြိုမြန်မာရွက်လှေအဖွဲ့သည် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ မြန်မာရွက်လှေအဖွဲ့သည် ယခင်

ကလည်း ဆီးဂိမ်းအဆင့်သာမက အာရှအဆင့်များတွင်လည်း အောင်မြင်မှုရှိခဲ့သည်ဟုဆိုသည်။ ယခုလည်းလာမည့် ဆီးဂိမ်းရွက်လှေပြိုင်ပွဲများကို ပုသိမ်ငွေဆောင်တွင် ဒီဇင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေရိုး**

မြန်မာဘောလုံးပရိသတ် အသင်းဝင်ထားသူများ တီရှပ်နှစ်ထည်နှင့် မာဖလာတစ်ထည်စီရရှိ

သတင်း - စိန်လွင်အောင်(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးအားကစားရုံကြီး၌ (၂၇) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကြီးကို လာရောက်အားပေးမည့် မြန်မာအသင်းဘောလုံးပရိသတ်များအတွက် ယနေ့နံနက် ၉ နာရီမှစ၍ မြန်မာဘောလုံးအဖွဲ့ချုပ်က ဘောလုံးအင်္ကျီတီရှပ်နှစ်ထည်စီနှင့် မာဖလာတဘက်တစ်ထည်စီတို့ကို မြန်မာဘောလုံးအသင်းဝင်ထားသူ ပြည်သူများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ အခမဲ့ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာဘောလုံးအဖွဲ့ချုပ်အနေနဲ့ အသင်းဝင်ထားသူ ပြည်သူတွေကို ဘောလုံးအင်္ကျီအဖြူအနီတစ်ထည်စီနဲ့ မာဖလာတဘက်တစ်ထည်စီတို့ကို ဒီနေ့နဲ့ မနက်ဖြန်နှစ်ရက်ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ အသင်းဝင်အားလုံး စုစုပေါင်း ၁၃၀၀၊ ၁၄၀၀ ကျော်လောက်ရှိပါတယ်။ သူတို့တစ်တွေအားလုံးကို ဖြန့်ဝေပေးသွားမှာပါ။ လူတိုင်းကို မပေးပါဘူး။ အသင်းဝင်ထားသူတွေကိုသာ ပေးတာပါ။ ဘာကြောင့်လဲဆိုတော့ မြန်မာဘောလုံးအသင်းဝင်ထားသူတွေကို ပွဲကျင်းပတဲ့ရက်မှာ တူညီဝတ်စုံတွေနဲ့ အားပေးနိုင်ဖို့ အခုလိုရည်ရွယ်၍ ဆီးဂိမ်းအမှတ်တရအနေနဲ့ ပေးတာဖြစ်ပါတယ်" ဟု မြန်မာဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာဘောလုံးအသင်းဝင်ကတ် ပြုလုပ်ရန်အတွက် Member ကတ်တွေကို ပြီးခဲ့တဲ့အောက်တိုဘာလဆန်းပိုင်းကတည်းက သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် ပြည်သူတွေကိုဖိတ်ခေါ်ပြီး Member ဝင်ခွင့်ပြုခဲ့ကြောင်း သိရသည်။ ယခုအခါ မြန်မာဘောလုံးပရိသတ်အသင်းဝင် ၁၄၀၀ ခန့်ရှိပြီး နောက်ကိုလည်း Member ဝင်တွေကို ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကလေးမြို့မှ နေပြည်တော်သို့ စက်ဘီးနင်း၍ဂုဏ်ပြု

နေပြည်တော် ဒီဇင်ဘာ ၄

(၂၇)ကြိမ်မြောက် Sea Games အောင်နိုင်ရေးအတွက် ကလေးမြို့မှနေ၍ ၁၂ ရက်ကြာ ခက်ခက်ခဲခဲ တစ်ကိုယ်တော် စက်ဘီးစီးနင်းခဲ့သော မောင်ထွန်းထွန်းနိုင်သည် နေပြည်တော်သို့ ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံ မြို့နယ်အရပ်ရပ်မှ မော်တော်ကားကြီး၊ ကားငယ်ဖြင့် အသွယ်သွယ် လာရောက်အားပေးလျက်ရှိကာ ၎င်းတို့အထဲမှ ကလေးမြို့မှနေ၍ စစ်ကိုင်း၊ တောင်ကြီး၊ မုံရွာ၊ မြို့များကို တောင်ပေါ်လမ်းမှ ခက်ခက်ခဲခဲ Sea Games ပြိုင်ပွဲကြီးကို စက်ဘီးစီး၍ လာရောက်အားပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ကလေးမြို့ကနေ ၁၂ ရက်ကြာ စက်ဘီးနင်းခဲ့ရတယ်။ လမ်းမှာ တောင်ပြိုလို့ ခဏနားခဲ့ရသေးတယ်။ လမ်းကလည်း ပိတ်နေတယ်။ ကျွန်တော်အဓိကအားပေးချင်တာက ဘောလုံးပွဲကို အားပေးချင်တာပါ" ဟု ကိုထွန်းထွန်းနိုင်က ပြောကြား၍ သိရှိရသည်။ **သတင်း - သူရ(တောင်ငူ)၊ ဓာတ်ပုံ - ကိုကိုနေ**

ဆီးဂိမ်းကြို ပန်းချီ၊ ပန်းပုဖြင့် ဂုဏ်ပြု

ရန်ကုန် ဒီဇင်ဘာ ၄

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အောင်နိုင်ရေးအတွက် ယခင်ဆီးဂိမ်းများတွင် အားကစားနည်းအလိုက် နိုင်ငံအတွက် ရွှေတံဆိပ်ဆုများကို ဆွတ်ခူးပေးနိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများအား ဆီးဂိမ်းအကြို ပန်းချီ၊ ပန်းပုထုဂုဏ်ပြုပွဲကြီးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ(၁)၌ ယမန်နေ့နံနက်က ဆီးဂိမ်းအကြို ကုန်စည်ပြပွဲကြီးနှင့်အတူ ကျင်းပခဲ့သည်။

အချိန်က ငါးရက်ပဲရတဲ့အတွက် နီးစပ်ရာအောင်မြင်မှု ရွှေရရှိခဲ့တဲ့ အားကစားသမားဟောင်းကြီး ငါးဦးကို လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်" ဟု ပန်းပုပညာရှင် ကိုကျော်ကျော်မင်းက ပြောကြားသည်။

ယခု ထုလုပ်ပေးသည့် အားကစားသမားကြီးများမှာ ယခင်ဆီးဂိမ်းပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို အောင်မြင်မှုသရဖူဆောင်းပေးနိုင်ခဲ့သည့် မြန်မာအလေးမလက်ရွေးစင်ဟောင်း ရွှေ ၁၃ ဆုရ ဦးစန်းမြင့်၊ မြန်မာတင်းနစ်လက်ရွေးစင်ဟောင်း ရွှေလေးဆုရ ဦးမောင်မောင်လေး၊ မြန်မာပြေးခုန်ပစ်လက်ရွေးစင်ဟောင်း အမျိုးသမီးမယ်ရွှေလေးဆုရဒေါ်အေးရွှေ၊ မြန်မာပြေးခုန်ပစ်လက်ရွေးစင်ဟောင်း အမျိုးသားရွှေလေးဆုရ ဦးမောင်လှနှင့် မြန်မာလက်ရွေးစင်ဟောင်း အမျိုးသားဘော်လီဘောမှ ရွှေသုံးဆုရ ဦးစိုးသိန်းတို့အား ပန်းချီနှင့် ပန်းပုတို့ကို ဆီးဂိမ်းမကျင်းပမီ ငါးရက်တိုင်တိုင် ထုလုပ်ရေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - ထိုက်အောင်ဝင်း

မြန်မာအမျိုးသမီးအလေးမအဖွဲ့ ရွှေအပါအဝင် ဆုသုံးခုအထက်မျှော်မှန်း

စာ - ၃

ဆီးဂိမ်းဧည့်သည်များတည်းခိုမည့် ဟိုတယ် ၅၂ လုံးတွင် ဆေးခန်းများ ဖွင့်ရန်စီစဉ်

နေပြည်တော် ဒီဇင်ဘာ ၄

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ကာလအတွင်းလာရောက်ကြမည့် အားကစားသမားများနှင့် နိုင်ငံတကာပရိသတ်ကြီးတို့၏ ကျန်းမာရေးအတွက် အရေးပေါ်ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် ဆီးဂိမ်းဧည့်သည်များ တည်းခိုကြမည့် ဟိုတယ်များ၌ ကျန်းမာရေးဆေးခန်းများထားရှိဖွင့်လှစ်ထားကြောင်း သိရသည်။

"လာတဲ့ဧည့်သည်တွေရဲ့ ကျန်းမာရေးကို အလေးထားတဲ့အတွက် ကျန်းမာရေးဝန်ဆောင်မှုတွေ ထားရှိပေးဖို့စီစဉ်ရခြင်းဖြစ်ပါတယ်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးနေတဲ့အတွက် အများကြီးတာဝန်ရှိနေတာပါ။ ဧည့်သည်တွေအတွက် ရာသီဥတုအနေအထားနဲ့ ဖြစ်တတ်တဲ့ ကျန်းမာရေးပြဿနာတွေကို ကြိုတင်ကာကွယ်ပေးထားရမှာဖြစ်လို့ ရန်ကုန်၊ နေပြည်တော်၊ ငွေဆောင်နဲ့ မန္တလေးတွေမှာ ဧည့်သည်တွေထားရှိမယ့် ဟိုတယ်တွေအားလုံးအတွက် ကျန်းမာရေးဆေးခန်းတွေကို ဖွင့်လှစ်ဖို့ ညွှန်ကြားရခြင်းဖြစ်ပါတယ်" ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ဦးအေးမြင့်ကြူက ပြောကြားသည်။ ဆီးဂိမ်းပြိုင်ပွဲကာလအတွင်း ဟိုတယ်များအတွက် ကြိုတင်ပြင်ဆင်ထားကြရမည့် အချက် ၂၂ချက်ကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့ တက်ရောက်သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတည်းခိုရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေး ကော်မတီလုပ်ငန်းအစည်းအဝေးပွဲ၌ သတ်မှတ်ခဲ့ပြီး တက်ရောက်မည့် ဧည့်သည်များအတွက် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဟိုတယ်များက တာဝန်ယူကာ ဆောင်ရွက်ကြရန် မှာကြားထားကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲအချို့ စတင်ယှဉ်ပြိုင်လျက်ရှိပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ဖွင့်ပွဲအဖြစ် ကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲများကျင်းပရာ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်နှင့် နေပြည်တော်တို့ရှိ ဟိုတယ်အလုံးပေါင်း ၅၂ လုံးခန့်တွင် နိုင်ငံခြားသားအားကစားသမားများနှင့် ဧည့်သည်များကို ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

» စာမျက်နှာ ၁ မှ

အမျိုးသားခြင်းလုံးအုပ်စုပတ်လည်ပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်းနှင့် အမျိုးသမီးအုပ်စု ပတ်လည်ပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား အသင်းတို့သည် မွန်းလွဲ ၂ နာရီအထိ Event-3 (အတွဲ) ကစားနည်းကို ယှဉ်ပြိုင်ကစားကြသည်။ ၎င်းကစားနည်းတွင် ၁၀ မိနစ်ခြားအပိုင်းသုံးပိုင်းကစားပြီး အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက ၆၃၆ မှတ်၊ ထိုင်းအသင်းက ၄၀၇ မှတ်၊ မလေးရှားအသင်းက ၂၆၄ မှတ်၊ စင်ကာပူအသင်းက ၁၅၆ မှတ်နှင့် လာအိုအသင်းက ၃၄၄ မှတ် အသီးသီးရရှိကြပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ၅၁၄ မှတ်၊ ကမ္ဘောဒီးယားအသင်းက ၁၅၇ မှတ်၊ ထိုင်းအသင်းက ၃၆၃ မှတ်နှင့် မလေးရှားအသင်းက ၁၂၈ မှတ် အသီးသီးရရှိကြသည်။ ဆက်လက်၍ အုပ်စုဖိုင်နယ်ပွဲစဉ်ကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပသည်။

ထို့နောက် မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ ဖိုင်နယ်ပွဲကို ညနေ ၄ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ကြပြီး ညနေ ၅ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကြသည်။ အမျိုးသမီးခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက ရမှတ် ၅၃၄ မှတ်ဖြင့် ထိုင်းအမျိုးသမီးအသင်းအား အနိုင်ရရှိပြီး ပထမဆုရယူခဲ့သည်။ အလားတူ အမျိုးသားခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းက ရမှတ် ၆၆၀ဖြင့် ထိုင်းအမျိုးသားအသင်းအား အပြတ်အသတ် အနိုင်ရယူပြီး ပထမဆုရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၆ နာရီတွင် 2, Event-3 (အတွဲ) အားကစားနည်း အမျိုးသမီးခြင်းလုံးပြိုင်ပွဲတွင် ပထမဆု (ရွှေ)ကို မြန်မာအသင်းက လည်းကောင်း၊ ဒုတိယဆု (ငွေ)ကို ထိုင်းအသင်းကလည်းကောင်း၊ တတိယဆု (ကြေး)ကို ကမ္ဘောဒီးယားအသင်းက လည်းကောင်း၊ စတုတ္ထဆု(ကြေး)ကို မလေးရှားအသင်းကလည်းကောင်း ရရှိကြပြီး ဆုများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ချီးမြှင့်ခဲ့သည်။ ထို့နောက် အမျိုးသားခြင်းလုံးပြိုင်ပွဲတွင် ပထမဆု (ရွှေ)ကို မြန်မာအသင်းကလည်းကောင်း၊ ဒုတိယဆု (ငွေ) ကို ထိုင်းအသင်းကလည်းကောင်း၊ တတိယဆု(ကြေး)ကို ကမ္ဘောဒီးယားအသင်းက လည်းကောင်း၊ စတုတ္ထဆု(ကြေး)ကို မလေးရှားအသင်းကလည်းကောင်းဆွတ်ခူးရရှိကြပြီး ဆုများကို သမ္မတရုံးဝန်ကြီး ဦးသိန်းညွန့်က ချီးမြှင့်ခဲ့သည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာခြင်းလုံးအားကစားနည်းတွင် ပထမဦးဆုံး ရွှေဆုနှစ်ခု ရယူနိုင်ခဲ့ကြောင်း သိရသည်။